
www.burmeseclassic.com




# သတိုးတေဇ

စေညွှန်ရာကြမ္မာဆိုး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၀၁၅၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၀၇၀၉၀၉

ထုတ်ဝေသူ – ဦးဝင်းသူရလွင်

(အိပ်မက်အသစ်စာပေ)

၃၈ (၃-လွှာ)၊ ၁၅၃–လမ်း

တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မြင့်ဝင်း

(ကာလာစုန်ပုံနှိပ်တိုက်)

၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)

ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း – Khit Phone Mo

ပုံနှိပ်ခြင်း – ပထမအကြိမ်

စက်တင်ဘာလ ၂၀၀၉ ခုနှစ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၂၀၀၀ ကျပ်

၈၉၅ ၊ ၈၃

[illegible]

စေညွန့်ရာ ကြမ္မာဆိုး / သတိုးဘေ ။ – ရန်ကုန် ၊

အိပ်မက်အသစ် ၊ ၂၀၀၉။

၁၈၃ – စာ၊ ၁၂ ၊ ၁၈ ၊ [illegible]

(၁) စေညွန့်ရာ ကြမ္မာဆိုး

## အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ

၁။ ပြာမြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ — သစ္စာနီ
၂။ အဆောင်သူအတွက်... — ဝေမှုံးသွင်
၃။ ဂလိုဘယ်လိုက်ဇေးရှင်း ရှေးဟောင်းလူဆိုးနဲ့... — မောင်စွမ်းစမ်း
၄။ ဂလက်စီမိန္မာနှင့်သံမထိမ်းလျှံ — တာရာဇောင်းနွယ်
၅။ မိုးရာသီပတ်ပျိုး — တာရာမင်းဝေ၊ ဝေမှုံးသွင်
၆။ ကမ်းဝေးလှောင်အိမ် — သစ္စာနီ၊ မင်းခိုက်စိုးစန်
၇။ သူရဲကောင်းသြဇနှင့်မွေ့လျားနေသောရဲတိုက် — တာရာလင်းနွယ်
၈။ မှုကြိုတစ်ဦး၏ပဟေဠိအရသာ — ဝေမှုံးသွင်
၉။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမှုံးသွင်
၁၀။ မင်းလူ...ဝေမှုံးသွင်...L မင်းပြည့်မွန် — မင်းလူ၊ ဝေမှုံးသွင်၊ Lမင်းပြည့်မွန်
၁၁။ ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် — Lမင်းပြည့်မွန်
၁၂။ အိပ်မက်တစ်မက်တာ — ရွှေထိုက်
၁၃။ တစ်ဝက်တစ်ပျက်ည — မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန်
၁၄။ အနေသွားလွန်းယုံယာဉ် — ဝေမှုံးသွင်
၁၅။ ဟိုး...ရှေးရှေးတုန်းက — ရွှေထိုက်
၁၆။ ငှက်ဆိုးတွန်ချိန် — သတိုးဘေ
၁၇။ စောင့်နေသူ — သတိုးဘေ
၁၈။ ညှို့နက်သန်းခေါင်ခွေးတစ်ကောင် — သတိုးဘေ
၁၉။ ဂျစ်ပစီသင်ခန်းစာ — လင်းညို့သွေး
၂၀။ မိစ္ဆာမျက်ရည် — ဒေဝလကျော်
၂၁။ စွဲလမ်းခြင်းမရှိသည် — သတိုးဘေ
၂၂။ မာယာကစားပွဲ — လင်းညို့သွေး
၂၃။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမှုံးသွင်
၂၄။ ချစ်သူရွာ — လူနေ
၂၅။ အမှောင်ကြောက်သူ — သတိုးဘေ၊ ဒေဝလကျော်
၂၆။ ညည်းတွားမိုက်တဲ့ပုံသံ — သတိုးဘေ
၂၇။ ဦးရှင်ကြီး — ဒီဇွဲကျော်စွာ
၂၈။ ပန်းခင်တား — ဝေမှုံးသွင်
၂၉။ ခေးရယ် — လူနေ
၃၀။ ကလေးအတွေး၊ Essay — မင်းခိုက်စိုးစန်
၃၁။ ကိန္နရာပြည်သို့ အလည်ရောက်သူ — ဒီဇွဲကျော်စွာ
၃၂။ ဘာဆိုလားပဲ — လူနေ
၃၃။ ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး — ဝေမှုံးသွင်
၃၄။ လိပ်ပြာခွဲတဲ့ည — အသသကျော်စွာ
၃၅။ စေညွန့်ရာကြမ္မာဆိုး — သတိုးဘေ

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၃၆။ 25 — လူနေ
၃၇။ နှင်းဆီရောင်မှန်တိုင်း — ဝေမှုံးသွင်



www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit

38 (3rd-fl). 153rd Lane. Tamwe Ts. Yangon.

095112428. 551403

# သတိုးဗလာ

မေညွှန်ရာကြမ္မာဆိုး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁ ]

ကွေ့ကောက်နေသော ရွာအလယ်လမ်းကလေးအတိုင်း ဖုန်တသောသောနှင့် သူတို့လျှောက်လာခဲ့ကြသည်။ ရွာကလေး၏အစွန်အဖျားမှာ လူနေကျဲပါးရာဝန်းကျင်ဖြစ်သောကြောင့် ငှက်အော်သံ၊ သစ်ရွက်ကို လေတိုးသံမှအပ တိတ်ဆိတ်နေသည်။

သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့ကြားမှ စိမ့်ဖြာကျနေသည့် နေရောင်ခြည်က ဘုန်းကြီးကျောင်း၏ ခေါင်မိုးပေါ်တွင် ဟိုတစ်ပြောက် ဒီတစ်ပြောက် ယိမ်းထိုးနေ၏။ တစ်ခါတစ်ရံ လယ်ကွင်းပြင်များမှ တိုက်ခတ်လာသော လေပူတွေကြောင့် ဘုန်းကြီးကျောင်း၏ ခေါင်မိုးပြားများကို သစ်ကိုင်းသစ်ခက်တို့က တံမြက်စည်းလှည်းကျင်းနေသလို တရှမ်းရှမ်းမြည်လျက်ရှိနေသည်။

ထိုရွာထိပ်မှ ဘုန်းကြီးကျောင်းကြီးမှာ အခုလို နွေရာသီကျောင်းပိတ်ချိန်တွင် ကံမြင့်တို့ သူငယ်ချင်းတစ်သိုက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



အားကစားကွင်းကြီးတစ်ခုလို ဖြစ်နေပြီး ကျောင်းဝင်းကြီး၏ ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိမ်းစိုနေပြီး အရိပ်အာဝါသ ကောင်းသဖြင့် တစ်နေ့ကုန်တစ်နေ့ခမ်း ဆော့ကစားရသည်မှာ သူတို့အဖို့ အားမရနိုင်အောင်ရှိကြသည်။

ကံမြင့်က…

"ဟေ့ကောင်…စံပီး…ခင်လေးမြင့်တို့၊ နုဝါတို့လည်း မရောက်ကြသေးပါလား"

"သူတို့ အိမ်ကအလုပ်တွေ မပြီးသေးလို့နေမှာပေါ့ကွ"

ထက်လူက ကျောက်ခဲတစ်လုံးကို ကောက်ယူကာ ဘုန်းကြီးကျောင်းဝင်းအနီးမှ ရေတွင်းပျက်ကြီးဆီသို့ ပစ်ပေါက်လိုက်ရင်း လှမ်းပြောလိုက်၏။

ထက်လူမှာ ကိုရင်လူထွက်ကာစဖြစ်သဖြင့် ခေါင်းတုံးနှင့်ဖြစ်ပြီး ကံမြင့်နှင့် စံပီးက သူ့ကို 'ကဒိန်း' (ကတုံး)ဟု နောက်ပြောင်ပြီးခေါ်လေ့ရှိသည်။ ကံမြင့်၊ ထက်လူ၊ စံပီး၊ ခင်လေးမြင့်နှင့် နုဝါတို့မှာ မြို့ကျောင်းတွင် ခုနစ်တန်းဖြေဆိုထားကြပြီး အခုလို နွေရာသီကျောင်းပိတ်ရက်များတွင် တစ်နေ့ကုန်တစ်နေ့ခမ်း မမောနိုင်မပန်းနိုင်အောင် ဆော့ကစားကြပြီး ညနေစောင်းမှသာ ကိုယ်စီ အိမ်သို့ပြန်ကြလေ့ရှိသည်။





"ဟေ့ကောင်… ကဒိန်း ငါတို့ ဒီနှစ်သင်္ကြန် ဘာလုပ်ကြရင်ကောင်းမလဲ။ ရွာထဲမှာလည်း ပျော်စရာကောင်းမှာ မဟုတ်ပါဘူးကွာ"

ကံမြင့်က ရေတွင်းပျက်ကို ကျောမှီကာ ထိုင်ချလိုက်ရင်း လှမ်းမေးလိုက်သည်။ စံပီးက ရေတွင်းပျက်ကြီး၏ ဘောင်ပေါ် လက်လှမ်းတင်ရင်း…

"အေးကွ…ငါလည်း ဒီနှစ်သင်္ကြန် မြို့ပေါ်သွားပြီး ရေပက်ရင်း အကတွေ သံချပ်တွေ ကြည့်ရင်ကောင်းမလားလို့"

စံပီးစကားကြောင့် ကံမြင့်နှင့် ထက်လူတို့၏ မျက်နှာများမှာ သက်ခနဲဝင်းသွားကြပြီး…

"အေး…ဟုတ်တယ်၊ ငါတို့တွေ နှစ်တိုင်း ဒီရွာထဲမှာချည်းပဲ တစ်ယောက်နဲ့တစ်ယောက် ရေပက်နေရတာ ပျင်းဖို့ကောင်းလာပြီ"

ထက်လူက သူ့ခေါင်းပြောင်ပြောင်ကို လက်ဖြင့် တစ်ချက်နှစ်ချက် ပွတ်သပ်လိုက်ပြီး…

"မြို့ပေါ်သွားတာတော့ ဟုတ်ပါပြီ၊ ဘယ်မလဲ ငါကိုသုံးဖို့ပိုက်ဆံ၊ နောက်ပြီး ငါတို့က ရေပက်ရုံတင် မပက်ဘူး၊ ပွဲတွေလမ်းတွေကိုပါ လျှောက်ကြည့်ကြင်



www.burmeseclassic.com

www.burmeseclassic.com



မှာဆိုတော့…”

ထက်လူက သူ့စကားကို ခဏရပ်လိုက်ပြီး…

“ဟော…ဟိုမှာ ခင်လေးမြင့်နဲ့ နုဝါတို့ လာနေကြပြီ။ သူတို့တွေလည်း ဒီနှစ်သင်္ကြန်မှာ ဘာလုပ်ကြမလဲမသိဘူး”

ကံမြင့်နှင့် စံပီးမှာ ထက်လူ လက်ညှိုးထိုးပြနေရာ ရွာအလယ်လမ်းမပေါ်သို့ ပြမ်းကြည့်လိုက်ကြသည် ခင်လေးမြင့်နှင့် နုဝါတို့မှာ သီချင်းတကြော်ကြော်အော်ဆိုရင်း ခုန်ပေါက်မြူးထူး လာပုံရသည်။ သူတို့နှစ်ယောက်က ကံမြင့်တို့ ထိုင်နေရာ ရေတွင်းပျက်နားသို့ ရောက်သောအခါ…

“ဟဲ့…နင်တို့သုံးယောက် ဘယ်အချိန်တည်းကရောက်နေတာလဲ။ ဒီမှာဟာ နုဝါပေါ့…နွားစာစဉ်းနေတာ မပြီးတော့ဘူး။ ငါပါဝင်ပြီးကူလုပ်ခဲ့ရသေးတယ်”

ကံမြင့်၊ ထက်လူနှင့် စံပီးတို့မှာ ခင်လေးမြင့်နှင့် နုဝါတို့ရောက်လာသည်နှင့် သူတို့၏ အစီအစဉ်များကို ထပ်ပြီးပြောပြလိုက်ကြ၏။ ခင်လေးမြင့်နှင့် နုဝါမှာ ကံမြင့်တို့သုံးယောက်၏မြို့ပေါ်သွားကြမည့် အစီအစဉ်ကို မကန့်ကွက်ကြသော်လည်းထက်လူပြောသလို ငွေကြေးအခက်အခဲကတော့ ရှိကြသည်။





သူတို့၏မိဘများအားလုံးမှာ ပြည့်ပြည့်စုံစုံ ချောင်ချောင်လည်လည်များ မဟုတ်ကြ။ တစ်နေကုန်အောင် လယ်ထဲဆင်းပြီးခြစ်ခြစ်ကုတ်ကုတ်နှင့် ကျောင်းစရိတ်ကို ရှာကြရသည်။ ရွာထဲမှအချို့ကလေးများပင် သူတို့သူငယ်ချင်း ငါးယောက်ကဲ့သို့ မြို့ကျောင်းတွင် မတက်နိုင်ရှာဘဲ မိဘများနှင့်အတူ လယ်များကိုင်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရသည်။

ကံမြင့်က သက်ပြင်းရှည်ကြီးတစ်ချက်ကို ချရင်း…

“အဲဒီတော့…ငါတို့ ငါးယောက် ခုကတည်းကပိုက်ဆံရှာမှရမယ်။ သင်္ကြန်က သိပ်လိုတော့တာမဟုတ်ဘူး”

ထိုစဉ် တစ်ချိန်လုံး ဘာစကားမှမပြောဘဲ ငြိမ်နေသောနုဝါက ဝင်၍…

“ငါတော့ ဘူတာမှာ ရေကူသိုလ်လုပ်ရင်းပိုက်ဆံရှာမယ်”

“ဟာ…နင်ကလဲ ရေကုသိုလ်လုပ်တာ ဘယ်လောက်ရမှာမို့လဲ၊ ရထားပေါ်ကလူတွေက နင့်ခေါင်းပေါ်ရွက်ထားတဲ့ ရေအိုးထဲက နှစ်ခွက် သုံးခွက်ဆင့်သောက်ပြီးမှ နင့်ကို ငါးပြားဆယ်ပြားပေးတာ…”

စံပီးက နုဝါအစီအစဉ်ကို စိတ်ပျက်လက်ပျက်နှင့် ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ခင်လေးမြင့်ကတော့ ရေတွင်းပျက်၏ ဘေးပတ်ပတ်လည်တွင် ပေါက်နေသော ထိကရုန်းပင်ပုလေးများကို သူ့မလက်ဖြင့် တို့လိုက်ထိလိုက်လုပ်နေရင်း...

"ပိုက်ဆံရှာဖို့ကိစ္စကိုတော့ နင်တို့ယောကျာ်းလေးတွေပဲ ကြည့်ပြီးစီစဉ်ကြဟာ၊ ငါတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

တကယ်တမ်းဆိုလျှင် သူတို့သူငယ်ချင်းငါးယောက်စလုံးမှာ တစ်နှစ်မှတစ်ခါ ပျော်ရသည့် မြို့ပေါ်သင်္ကြန်ပွဲကို သွားရန် စိတ်အားထက်သန်လျက်ရှိကြသည်။ နှစ်စဉ်နှစ်တိုင်း ရွာမြောက်ပိုင်းရော တောင်ပိုင်းပါမကျန် တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း ပြန်ပြီးပက်ရသည့်သင်္ကြန်ကို သူတို့ ငြီးငွေ့လာကြ၏။

ထိုစဉ် ကံမြင့်က ထိုင်ရာမှ ရုတ်တရက်ထကာ...

"ဟုတ်ပြီ...ငါအကြံရပြီ..."

အားလုံးက ကံမြင့်၏မျက်နှာကို အားတက်သရော ဝိုင်းကြည့်လိုက်ကြသည်။ ထို့နောက် ကံမြင့်က လက်ဖျောက်တစ်ချက်တီးလိုက်ရင်း သူ့အကြံကို ဆက်ပြီးပြောလိုက်၏။

"ဟို...ရွာမြောက်ပိုင်းက ဘကြီးဦးထွန်းမောင်တို့အိမ်က သင်္ကြန်အကြိုရက်မတိုင်ခင် အလှူလုပ်





မှာ...တဲ့၊ အဲဒါ ငါတို့ ချက်ဖို့ပြုတ်ဖို့..."

"ဟာ...မင်းကလဲ ငါတို့သင်္ကြန်လည်ဖို့ပတ်ဖို့ ပိုက်ဆံရှာပါတယ်ဆိုမှ အလှူမှာ ဝိုင်းပြီးချက်တာပြုတ်တာလုပ်လို့ ဘယ်နှစ်ခါ ပိုက်ဆံရတယ် ကြားဖူးလို့လဲ"

စံပီးနှင့် ထက်လူက ကံမြင့်၏စကား မဆုံးခင် ကောက်ကာငင်ကာ အပြစ်တင်ပြောဆိုလိုက်ကြသည်။ ကံမြင့်ကတော့ သူ့စကားကို ဆုံးအောင်နားမထောင်ကြသော စံပီးနှင့် ထက်လူကို...

"ချီးထဲမှပဲ...မင်းတို့က ငါ့စကားကို ဆုံးအောင်နားမထောင်သေးဘဲနဲ့၊ ဒီမှာ အဲဒီဘကြီးဦးထွန်းမောင်တို့အလှူမတိုင်ခင်မှာ ချက်ဖို့ပြုတ်ဖို့အတွက် ထင်းတွေလိုမှာပဲ၊ ငါတို့အားလုံး ဒီနားတစ်ဝိုက်မှာရှိတဲ့ သစ်ပင်တွေကို ချိုင်ပြီး ထင်းခွဲခြမ်းတွေ ပေါက်ရောင်းမယ်... ဘယ်လိုလဲ..."

ကံမြင့်၏စကားကြောင့် သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း သဘောတူလိုက်ကြသည်။ ခင်လေးမြင့်နှင့် နုဝါတို့က...

"အဲဒါဆိုရင် ငါနဲ့ နုဝါ ဘကြီးဦးထွန်းမောင်တို့အိမ်ကို အခုကတည်းက ကြိုပြီးသွားပြောထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မကောင်းဘူးလား”

ရွာမြောက်ပိုင်းမှ ဘကြီးဦးထွန်းမောင်မှာ အလှူအတန်းရက်ရောသူတစ်ဦးဖြစ်ပြီး စိတ်ကောင်းနှလုံးကောင်းရှိသူတစ်ဦးဖြစ်သည်။ ကံမြင့်တို့သူငယ်ချင်းများ မြို့သို့ ကျောင်းတက်သွားကြတိုင်း ကြုံလျှင် ကြုံသလို မုန့်ဖိုး ငါးမူးတစ်မတ်ပေးနေကျဖြစ်ပြီး ကျောင်းပိတ်ရက်များတွင်လည်း ကံမြင့်တို့လူစုကို သူ့အိမ်တွင် ထန်းလျက်ခဲများ၊ ကြံသကာများ ခေါ်ကျွေးလေ့ရှိကာ သူ၏ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်မှ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောပြလေ့ရှိသည်။

“အေး…အဲ့ဒါပဲဖြစ်ဖြစ် ဘကြီးဦးထွန်းမောင်ကို နင်တို့နှစ်ယောက် ဒီကအပြန်မှာ ဝင်ပြောထားလိုက်။ ငါနဲ့ စံပီးတို့၊ ထက်လူတို့ ငါးမန်းစွယ်လွှနဲ့ ထင်းပေါက်ဖို့ ပုဆိန်တစ်လက်ကို ရွာထဲမှာ လိုက်ငှားလိုက်ဦးမယ်”

အစီအစဉ်ကြီးတစ်ခုလုံးကို ဦးဆောင်သူမှာ အလိုလိုနေရင်းနှင့် ကံမြင့်က ခေါင်းဆောင်တစ်ယောက်ပင်ဖြစ်သွား၏။

တောရွာလေး၏ အလှူများမှာ အလှူမတိုင်ခင်ရက်မှစ၍ ခုနစ်ရက်ခုနစ်လီ ကျွေးမွေးဧည့်ခံသော အစဉ်အလာရှိပြီး တတ်နိုင်သူ အလှူရှင်အများစုမှာ ထမင်းကိုသာ ကျွေးလေ့ရှိသည်။ ကံမြင့်





တို့၊ စံပီးတို့ သူငယ်ချင်းတစ်သိုက်မှာ အလှူရက်တစ်လျှောက်လုံးစာအတွက် ထင်းဖိုးရမည့် ပိုက်ဆံကလည်း နည်းနည်းနောနော ပင်မဟုတ်၊ အနည်းဆုံးတော့ သုံးလေးငါးရာလောက်ရမည်ဟု စိတ်ထဲကမှန်းကာ တွေးရင်းနှင့် ပျော်နေကြသည်။

❦ ❦ ❦

နဖူးအစပ်မှ တဒီးဒီးစီးကျလာသည့် ချွေးများကို လက်ဖြင့် သပ်ချလိုက်ရင်း စံပီးက…

“ဒီနှစ်သင်္ကြန်က ငါးရက်တောင်ဆိုတော့ ပျော်စရာကြီးနေမှာကွ…နော်”

ကံမြင့်နှင့်ထက်လူမှာ စံပီး ပုဆိန်ဖြင့်ပေါက်ပြီးသား ထင်းချောင်းများကို တစ်စစီလိုက်ကောက်ရင်း စီစီရီရီဖြစ်အောင် စုပုံနေ၏။

“အေး…ဟုတ်တယ်၊ မြို့ကပြန်လာတဲ့ ကိုရင်ပြောပြောတာ မဏ္ဍပ်ကြီးတွေတောင် ဆောက်နေပြီတဲ့”

စံပီးက သူ့လက်ဖဝါးနှစ်ဖက်ထဲသို့ တံတွေးကို ‘ထွီ’ခနဲ ထွေးလိုက်ပြီး လက်နှစ်ဖက်ကိုပွတ်ကာ ပုဆိန်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း အားကုန်လွှဲပြီး ဆက်ပေါက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နေထိုင်ရာ ရွာကလေးမှာ မြို့နှင့် သုံးလေးမိုင်သာသာ ဝေးပြီး ဈေးသွားဈေးပြန် ကျောင်းသွား ကျောင်းပြန်ကို နွား လှည်းကြုံစောင့်ပြီး စီးရသည်။ အချို့စက်ဘီးစီးနိုင်သောသူများက စက်ဘီးနှင့်သွားကြသည်။ ကံမြင့်တို့သူငယ်ချင်းတစ်သိုက်မှာတော့ တစ်နှစ်ပတ်လုံး ဟေးလားဝါးလား ပျော်ပျော်ပါးပါးနှင့် ခြေကျင် သွားနေကျဖြစ်သဖြင့် မြို့ကျောင်းနှင့် ရွာမှာ ဝေးသည်ဟုပင် စိတ်ကမထင်မိကြချေ။

တဒုတ်ဒုတ်နှင့် လွဲပြီးပေါက်နေသော စံပီး၏ပုဆိန်အသွား အောက်မှ ထင်းခွဲခြမ်းကြီးများမှာ ဖွာလန်ကြဲနေ၏။ နှစ်ပေါင်း များစွာ မခုတ်မထွင် မရှင်းမလင်းဘဲထားသည့် မြက်ပင်များ၊ ချုံနွယ်ပင်များအကြားမှ ပိုင်ရှင်မဲ့ မန်ကျည်းပင်ငုတ်တိုကြီးက တစ်ခဏအတွင်းပင် ထင်းခွဲခြမ်းကြီးများအဖြစ်သို့ ရောက်သွား ၏။

“ကဲ…စံပီး မင်း ခဏနားလိုက်ဦး၊ ငါတစ်လှည့်
ပေါက်ဦးမယ်”

ပြောပြောဆိုဆို ကံမြင့်က စံပီးလက်ထဲမှ ပုဆိန်ကို လှမ်း ယူလိုက်ကာ ပိုင်းဖြတ်ထားပြီးသား မန်ကျည်းသားကို မြေပြင် ပေါ်တွင် နေသားကျအောင် ထောင်ပြီး ပြင်လိုက်သည်။

ခပ်ဝေးဝေးမှ ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းတွဲကြီး၏





ဥဩသံရှည်ရှည်ကြီးကို ကြားလိုက်ရသည်။ မကြာမီ ထိုမီးရထား စက်ခေါင်းမည်းမည်းကြီးက မှုန်ပျပျတောအစပ်မှ မီးခိုးတလူလူ လွင့်ကာ တဂျုံးဂျုံး တဂိုမ်းဂိုမ်းနှင့် ထွက်ပေါ်လာသည်။ မျက်စိ တစ်ဆုံး လှမ်းမြင်နေရသော လယ်ကွင်းများ၊ ရိုးပြတ်များပေါ်တွင် လိမ္မော်ရောင်ရထားကြီးက အလျားလိုက် တရွေ့ရွေ့နှင့် သွားနေ ၏။ ပူပြင်းစွာကျရောက်နေသော နေရောင်အောက်တွင် တံလျှပ် များက တဖျတ်ဖျတ်ယိမ်းလှုပ်နေလျက်ရှိသည်။

“ဝေး…”

ကံမြင့်က လက်မှပုဆိန်ကို ကပျာကယာပစ်ချကာ ခပ်ပျပျ ကလေး လှမ်းမြင်နေရသော လိမ္မော်ရောင်ရထားကြီးကို လက်ပြ ဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်သည်။ စံပီးနှင့် ထက်လူမှာ တရွေ့ရွေ့ တလှုပ်လှုပ်သွားနေသော ရထားကိုကြည့်ရင်း…

“ဘာလိုလိုနဲ့ နာရီပြန်နှစ်ချက်ရထားတောင်
ဆိုက်ပြီ။ အချိန်တွေကလည်း မြန်လိုက်တာကွာ”

ထိုအရပ်ဒေသမှ လူအများစုမှာ နေ့စဉ် အချိန်မှန်ဖြတ်သွား ဖြတ်လာရထားများ၏အသံကို နားထောင်ရင်း ဘယ်နှစ်နာရီ ဘယ်အချိန်ဆိုသည်ကို ခန့်မှန်းပြောဆိုလေ့ရှိကြသည်။ တစ်ခါ တစ်ရံ ရထားဥဩသံကြားရုံနှင့် လူစီးရထားနှင့် ကုန်ရထားကိုပင် ခွဲခြားပြီး ပြောဆိုနိုင်ကြသည်။ အခုလည်း စံပီးတို့က နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန်ကြားနေရသော ရထားခုတ်မောင်းသံကို ခွဲခြားပြီး အချိန်နာရီကို ပြောလိုက်၏။

ခဏအကြာ...

"ဟော...ခင်လေးမြင့်နဲ့ နဝါတောင် လာနေပြီ"

ထက်လူက ထင်းခွဲခြမ်းများကို ကောက်ယူနေရာမှ လှမ်းအော်လိုက်၏။ ခင်လေးမြင့်နှင့် နဝါမှာ သူတို့သုံးယောက် ရှိရာသို့ လျှောက်လာရင်း ခါးကြားတွင် ညှပ်ယူလာသည့် ထန်းလျက်ခဲ၊ ပေါက်ပေါက်ဆုပ်များကို ထုတ်ယူပြီး...

"ရော့...နင်တို့စားဖို့ အိမ်ကယူလာခဲ့တာ"

ကံမြင့်၊ ထက်လူနှင့် စံပီးတို့မှာ ခင်လေးမြင့်တို့ ခါးကြားမှ ထုတ်ပေးလိုက်သော ထန်းလျက်ခဲ၊ ပေါက်ပေါက်ဆုပ်များကို ဗိုက်ဆာဆာနှင့် သူ့ထက်ငါ အလုအယက် နိုက်ယူစားလိုက်ကြ၏။

"ဟဲ့...နင်တို့ကို ငါ တစ်ခုပြောစရာရှိတယ်ဟ၊ တို့ရွာမြောက်ပိုင်းက ဟိုနှစ်ထပ်အိမ်အမည်းကြီးနားမှာ ကုက္ကိုမြစ်ဆုံကြီးတစ်ခု တွေ့ထားတယ်။ အဲဒီကုက္ကိုမြစ်ကြီးဆိုရင် ထင်းတွေတော်တော်ရမှာ"

ခင်လေးမြင့်မှာ ကံမြင့်တို့သုံးယောက်ကို ဝမ်းသာအားရနှင့် ပြောနေပြီး သူ့ပုံစံက ချက်ချင်းပင် ထိုနေရာသို့ ထသွားတော့မည့်





ပုံမျိုးဖြင့် ပျာယာခတ်နေ၏။

"ဘာလဲ...နင်ပြောတာ ဟို...လူမရှိတဲ့ အိမ်အိုမည်းမည်းကြီးကို ပြောတာလား"

ကံမြင့်က မျက်လုံးကိုမှေးစဉ်းသလိုလုပ်ရင်း ခင်လေးမြင့် ပြောနေသည့် နှစ်ထပ်အိမ်မည်းမည်းကြီးကို တွေးကြည့်နေ၏။

"အေးလေ...အဲဒီအိမ်ကြီးက ဘယ်အချိန်ကြည့်ကြည့် လူတစ်ယောက်မှမတွေ့ဘူး"

ခင်လေးမြင့်၏စကားကြောင့် ထက်လူက သူ့ခေါင်းပြောင်ပြောင်ကို လက်ဖြင့်ပွတ်သပ်လိုက်ရင်း...

"ကြည့်လည်းလုပ်ပါဦး ခင်လေးမြင့်ရာ၊ တော်ကြာ ပိုင်ရှင်ပေါ်လာပြီး သူ့ခြံထဲကသစ်ပင် ဝင်ခုတ်မိလို့ ငါတို့ ပြေးပေါက်များနေပါဦးမယ်။ နောက်ပြီး အဲဒီအိမ်ကြီးက တို့ရွာထဲမှာ ဘာသိဘာသာနေပြီး အမြဲတမ်းလိုလို တိတ်ဆိတ်နေတာဟ..."

"ဘာပဲဖြစ်ဖြစ်ဟာ မနက်ဖြန်မနက်ကျရင် အဲဒီကုက္ကိုမြစ်ဆုံကြီးဆီကို ငါတို့ သွားကြည့်ကြမယ်၊ ခုတ်လို့ရလည်း ရပေါ့၊ မရတော့လည်း တခြားတစ်နေရာမှာ ရှာကြတာပေါ့"

နဝါက ပြောပြောဆိုဆိုနှင့် ကံမြင့်ပေါက်ပြီးသား ထင်း

www.burmeseclassic.com



ချောင်းများကိုစုကာ သင်အူကြီးဖြင့် အစီအရီ ရစ်ပတ်ချည်နှောင်နေ၏။

အရှေ့ဆီမှ အုတ်ဖွဲ့၍ပျံသန်းသွားကြသော ဗျိုင်းအုပ်ကြီးမှာ ပုစွန်ဆီရောင်သန်းနေသော ကောင်းကင်ကြီးထဲတွင် ကြည့်ကောင်းလှန်းနေသည်။ တဖြည်းဖြည်းငုပ်လျှိုးပျောက်ကွယ်စပြုနေသော နေလုံးနီနီကြီးမှာ ရိုးမတောင်ကြီး၏ တစ်ဖက်သို့ ရောက်သွားသည့်တိုင်အောင် အပူရှိန်က မကျသေး။

ထိုနေ့ညနေတွင် ကံမြင့်၊ ထက်လူ၊ စံပီးနှင့် ခင်လေးမြင့်တို့နှစ်ယောက်မှာ ထင်းခွဲခြမ်းများကို ဘကြီးဦးထွန်းမောင်တို့အိမ်ဆီသို့ လေးငါးခေါက်ထက်မနည်း သယ်ပြီးပို့လိုက်ရသည်။ ဘကြီးဦးထွန်းမောင်မှာ ကံမြင့်တို့ ကလေးတစ်သိုက်ကို ထင်းပေါက်နိုင်းသည်နှင့် မမှုအောင် ငွေပိုငွေလျှံကိုပါ မုန့်ဖိုးအဖြစ်ပေးပြီး ရှိသမျှအစားအသောက်များကိုပါ ချကျွေးလေသည်။

ထိုနေ့က ကံမြင့်တို့သူငယ်ချင်းငါးယောက်မှာ ပိုက်ဆံတစ်ရာ၊ ကိုးဆယ်မကရကြပြီး ထိုငွေစများကို ခင်လေးမြင့်နှင့် နုဝါတို့က စာရင်းဇယားများနှင့် စုဆောင်းသိမ်းဆည်းထားကြသည်။

■





## အခန်း [ ၂ ]

နောက်တစ်နေ့မနက်တွင် ကံမြင့်၊ စံပီးနှင့် ထက်လူတို့မှာ ပုဆိန်၊ သံတူရွင်းနှင့် ငါးမန်းစွယ်လွှများကို ကိုင်ရင်း ခင်လေးမြင့်ပြောသည့် ရွာမြောက်ပိုင်းမှ ကုက္ကိုပင်ကြီးရှိရာသို့ ထွက်လာခဲ့ကြသည်။

ခင်လေးမြင့်နှင့် နုဝါတို့မှာ သူတို့သုံးယောက် ရောက်မလာခင်ကတည်းက ထိုကုက္ကိုမြစ်ဆုံကြီးနားသို့ပင် ကြိုပြီးရောက်နှင့်နေကြသည်။

“ဟဲ့... နင်တို့ကလည်း နောက်ကျလိုက်တာ၊
နေတောင်တော်တော်မြင့်နေပြီ”

ကံမြင့်တို့သုံးယောက်ကို မြင်မြင်ချင်း ခင်လေးမြင့်နှင့် နုဝါက အလောတကြီးပြောလိုက်၏။

www.burmeseclassic.com



"အေးဟာ…မနေ့ကဒဏ်တွေကြောင့် ကိုယ်တွေ လက်တွေနာပြီး လှုပ်တောင်မလှုပ်ချင်ဘူး"

ခင်လေးမြင့်ပြောသော ကုက္ကိုပင်ကြီးမှာ လူကြီးသုံးလေးယောက်ဖက်စာလောက်ကြီးပြီး ငုံးတိတိကြီးအဖြစ် နှစ်ပေါင်းများစွာရှိနေခဲ့ပုံရသည်။ အချို့အခက်အလက်များမှာ လက်ဖြင့်ထိလိုက်လျှင်ပင် အလွယ်တကူကျိုးကျသွားလောက်အောင် ဆွေးမြည့်နေ၏။ ထိုကုက္ကိုမြစ်ဆုံကြီး၏ အောက်ခြေပတ်ပတ်လည်တွင်လည်း သစ်ရွက်ကြွေသစ်ရွက်ခြောက်တို့က ခြေချင်းဝတ်သာသာလောက်အထိပင် မြုပ်ဝင်နေ၏။

ကံမြင့်က သူ့လက်ထဲမှ သံတူရွင်းပြားကို ကုက္ကိုပင်၏ခြေရင်းတွင် ထိုးစိုက်လိုက်ရင်း မလှမ်းမကမ်းမှ အိမ်မည်းမည်းကြီးရှိ မသိမသာ တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုနှစ်ထပ်အိမ်မည်းမည်းကြီး၏ အပေါ်ထပ်မျက်နှာစာဘက်တွင် တံခါးချပ်များ များစွာရှိနေပြီး အားလုံးလိုလိုမှာပိတ်ထား၏။ အိမ်ကြီး၏အောက်ထပ်တွင် သံတိုင်များဖြင့်ကာရံထားပြီး အတွင်းပိုင်းမှာ မည်းမှောင်နေသည်။

"အင်း…ဒီအိမ်လို အိမ်ကြီးအိမ်ကောင်းမှာ လူမနေတာတော့ အံ့သြစရာပဲ။ ငါတို့ အခုခုတ်မယ့် ကုက္ကိုမြစ်ဆုံကြီးက ဒီအိမ်ကြီးရဲ့ တပ်စည်းရိုးအတွင်း





ကိုများ ရောက်နေသလားမသိဘူး"

ကံမြင့်တို့အရပ်ဒေသတွင် ခြံစည်းရိုးကို တပ်စည်းရိုးဟု ခေါ်ဝေါ်လေ့ရှိပြီး သူ့ခြံ ကိုယ့်ခြံ မြေယာပိုင်နက်ကို သစ်ပင်များ၊ ချုံနွယ်များဖြင့်သာ နေရာအမှတ်အသားပြုကာ တိုင်းထွာသတ်မှတ်သည့်အလေ့အထရှိခဲ့သည်။

ကံမြင့်က အိမ်ကြီး၏ဘေးပတ်ပတ်လည်ကို မျက်လုံးဝေ့ယမ်းပြီး ကြည့်လိုက်သည်။ ငှက်ပျောပင်အုပ်များ၊ တစောင်းပင်များက ထင်တိုင်းပေါက်နေကြသဖြင့် တောကြီးတစ်ခုလို ဖြစ်နေပြီး အကာအရံဟူ၍ တစ်ခုတလေမှမတွေ့ရ။

ထက်လူနှင့် စံပီးတို့မှာ ကုက္ကိုပင်ငုတ်တိုကြီးပေါ်သို့တက်ပြီး တစ်ယောက်နှင့်တစ်ယောက် တွန်းလားထိုးလားလုပ်လိုက်၊ ပြေးတက် ပြေးဆင်းလုပ်လိုက်နှင့် နှစ်ထပ်အိမ်မည်းမည်းကြီးကို တစ်ချက်ကလေးမှ လှည့်ပင်မကြည့်ချေ။

"ကဲ…ကဲ… ဒီကုက္ကိုပင်ကြီးရဲ့ အောက်ခြေ ပတ်ပတ်လည်က မြေကြီးတွေကို အရင်တူးလိုက်ကြမယ်"

ကံမြင့်က စံပီးနှင့်ထက်လူကို လှမ်းပြောရင်း သံတူရွင်းပြားဖြင့် ကုက္ကိုပင်ငုတ်တိုကြီး၏ အမြစ်ပတ်ပတ်လည်မှ မြေကြီးများကို စပြီးတူးဆွနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံမြင့်တူးဆွလိုက်သော မြေစိုင်ခဲများကို ခင်လေးမြင့်နှင့် နုဝါတို့က ဘေးသို့ လက်နှစ်ဖက်ဖြင့်ယက်ပြီးတင်နေကြသည်။ စံပီးက ကံမြင့်တူးထားသော ကုက္ကိုပင်၏ခြေရင်းပတ်ပတ်လည်ကို ပုဆိန်ဖြင့်ပိုက်ကာ အရာပေးပြီး ခုတ်ထစ်နေသည်။

ကုက္ကိုပင်ငုတ်တိုကြီးမှာ သူတို့ထင်ထားသလောက် မလွယ်ကူဘဲ အတွင်းသားများက စိုနေသဖြင့် တော်တော်လေးခက်ခက်ခဲခဲခုတ်ထွင်နေရသည်။ ကံမြင့်တူးဆွနေရာ ကုက္ကိုပင်ကြီး၏ အမြစ်ဆုံကြီးမှာလည်း တူးလေ တူးလေ ပိုပြီးရှုပ်ထွေးများပြားနေပြီး ကွေ့ကွေ့ကောက်ကောက် အမြစ်များက မြေကြီးအတွင်း လိမ်ယှက်နေ၏။

"ဟူး...ဒီအပင်ကြီးက မြေပေါ်မှာသာ ခြောက်ကပ်နေတာ မြေကြီးထဲနစ်ဝင်နေတဲ့ အမြစ်တွေက တော့ တော်တော်သန်တယ်ကွ"

ကံမြင့်က နဖူးပေါ်မှစီးကျလာသည့် ချွေးများကို အင်္ကျီလက်မောင်းစနှင့် ပွတ်သပ်လိုက်ပြီး ညည်းတွားလိုက်သည်။ တဒုတ်ဒုတ်နှင့် အကြိမ်ပေါင်းများစွာ တူးဆွနေရာမှ ကုက္ကိုမြစ်ဆုံကြီးမှာ အနည်းငယ်လှုပ်ရမ်းစပြုလာ၏။

စံပီးနှင့် ထက်လူမှာ ကုက္ကိုပင်ငုတ်တိုကြီး၏ တစ်ဖက်မှနေ၍ သစ်ငုတ်အကိုင်းကို လက်နှစ်ဖက်ဖြင့် ဟီးလေးခိုရင်း တဖြည်းဖြည်း ဆွဲပြီး နှဲ့နေ၏။

"ဂျွတ်...ဂျွတ်..."

မကြာခင် အပင်ကြီး၏အောက်ခြေမှ တွန့်လိမ်ကွေးကောက်နေသော အမြစ်များက မြေကြီးအတွင်းမှ ရုန်းကန်ကြွတက်လာကာ တဂျိုးဂျိုး တဂျွတ်ဂျွတ်ပင် မြည်လာသည်။

"ဟေး...ဟုတ်ပြီကွ၊ အပင်ကြီးလဲတော့မယ်၊ လှုပ်ထား...လှုပ်ထား"

"ဟော့ကောင်ကံမြင့် မြေကြီးကို ဆက်မတူးနဲ့တော့၊ အမြစ်တွေကို ပုဆိန်နဲ့ပေါက်ပြီး ဖြတ်ချလိုက်"

တစ်ယောက်တစ်ပေါက်ဖြင့် ညာသံပေးကာ အပင်ကြီး၏ အမြစ်ဆုံကြီးကို ဝိုင်းပြီးတွန်းနှဲ့နေကြသည်။ ခင်လေးမြင့်နှင့် နုဝါတို့မှာလည်း စံပီးနှင့် ထက်လူတို့ကဲ့သို့ ကုက္ကိုပင်ငုတ်တိုကြီး၏ အကိုင်းများကို ဟီးလေးခိုရင်း တစ်ဖက်သို့ဆွဲလှဲနေကြသည်။ တစ်ချက် တစ်ချက် သူတို့၏ခြေထောက်များမှာ မြေကြီးပေါ်မှ တစ်တောင်လောက်ပင် လေထဲသို့မြောက်တက်သွားကြသလို။

"တစ်...နှစ်...သုံး..."

"ကျွတ်...ကျွတ်...ဇုန်း..."







www.burmeseclassic.com

www.burmeseclassic.com



"ဟေး..........."

ကုက္ကိုပင်အမြစ်ကြီးမှာ တဂျိုးဂျိုး တဂွတ်ဂွတ်မြည်ရင်း စံပီးတို့၊ ထက်လူတို့၊ ခင်လေးမြင့်တို့ဘက်သို့ အရှိန်ဖြင့် ပြိုလဲသွားတော့သည်။ သူတို့အားလုံးမှာလည်း ဟေးခနဲ ဝါးခနဲ ဟိုင်းအော်လိုက်ကြသည်။ စံပီးကတော့ ကွင်းလုံးကျွတ်ထွက်သွားသော သူ့ပုဆိုးစကို ကပျာကယာကောက်ကာ စလွယ်သိုင်းလိုက်ပြီး လက်မောင်းနှစ်ဖက်ကို ဆေးသို့ကားရင်း ကြွက်သားများကို တမင်ညှစ်ပြနေ၏။

မြေကြီးပေါ် တုံးလုံးလဲကျသွားသော ကုက္ကိုပင်ငုတ်တိုကြီး၏ အမြစ်များမှာ ရှုပ်ထွေးလိမ်ယှက်နေကာ ထိုးထိုးထောင်ထောင်နှင့် ဖြစ်နေ၏။ ထိုအမြစ်များကြားတွင် မြေစိုင်ခဲများက ကပ်ငြိနေပြီး အောက်ခြေမြေသားတစ်ခုလုံးမှာ ကွင်းဟောက်ပက်ကြီးအဖြစ် ကျန်ခဲ့သည်။

ကံမြင့်က ကျွတ်ထွက်သွားသော အမြစ်နေရာမှ ကွင်းဟောက်ပက်ကြီးကို ငုံ့ပြီးကြည့်လိုက်၏။

"ဟာင်..."

ထိုချိုင့်ကြီးအတွင်း ဖုန်မှုန့်များ၊ မြေကြီးများနှင့် သစ်ရွက်ခြောက်တို့ ဖုံးပိနေသော မည်းမည်းပြောင်ပြောင် သစ်တုံးကြီးတစ်ခုကို ထိုးထိုးထောင်ထောင် မြင်လိုက်ရသည်။





ထိုသစ်တုံးကြီးမှာ အနည်းငယ်သာ မြေကြီးပေါ်နေပြီး ကျန်အစိတ်အပိုင်းများက မြေကြီးအတွင်း မြုပ်ဝင်နေ၏။

ချက်ချင်းဆိုသလို ကံမြင့်က ကွင်းအတွင်းသို့ ခုန်ဝင်လိုက်ပြီး သစ်ရွက်ခြောက်နှင့် မြေစိုင်ခဲများကို လက်ဖြင့်ယက်ကာ ဖယ်ထုတ်လိုက်သည်။ စံပီးတို့၊ ထက်လူတို့မှာလည်း ကံမြင့်ကဲ့သို့ ကွင်းအတွင်းဆင်းလာပြီး ထိုးထိုးထောင်ထောင်ဖြစ်နေသော သစ်တုံးမည်းမည်းကြီးအနားမှ မြေကြီးများကို လက်ဖြင့်ဖယ်ကာ ကြည့်လိုက်ကြ၏။ ခင်လေးမြင့်နှင့် နုဝါမှာလည်း ကွင်းနှုတ်ခမ်းဝတွင် ဆောင့်ကြောင့်ထိုင်ရင်း စိတ်ဝင်တစားနှင့် လှမ်းမေးနေ၏။

"ဟဲ့...အဲဒါ ဘာကြီးလဲ"

"ငါတို့လည်း ဘယ်သိမလဲဟာ၊ တူးကြည့်မှသိမှာ၊ ပေး...ပေး...ငါ့ကို တူရွင်းပြားကြီးပေးစမ်းပါ"

ပြောပြောဆိုဆို ကံမြင့်က ခင်လေးမြင့်တို့နှစ်ယောက်ကို တူရွင်းပြား ကပျာကယာလှမ်းပြီးတောင်းလိုက်သည်။

"ဒုတ်...ဒုတ်...ဒုတ်..."

ကံမြင့် တူးဆွနေရာ မြေကြီးကို အားလုံးက မမှိတ်မသုန်ကြည့်နေကြ၏။ ခဏအကြာ...

"ဟာ..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဖွာလန်ကြဲနေသော မြေကြီးအတွင်းမှ မီးသွေးကဲ့သို့ ညို နက်မှောင်နေသော သစ်သား ရုပ်တုကြီးတစ်ခုက ကံမြင့်လက်ထဲ တွင် ပေါ်လာသည်။ ထိုရုပ်တုကြီး မှာ ပုံမကျပန်းမကျ ထုဆစ် ထားသည့် လူမျက်နှာကြီးတစ်ခု ဖြစ်နေပြီး ဆံပင်အစပ်မှ လည်ပင်းအထိ တစ်တောင်ကျော်ကျော်မျှရှည်လျားကာ လည်ပင် နှင့် အောက်မေးရိုးမှာလည်း တစ်ဆက်တည်းလိုလိုဖြစ်နေ၏။ ရုပ်တုကြီး၏ မျက်လုံး၊ နှာတံနှင့် ပါးစပ်နေရာတို့မှာ သာမန်လူ တစ်ယောက်၏ မျက်နှာပေါက်လိုမဟုတ်ဘဲ ထူထူအမ်းအမ်းဖြစ် နေကာ တိုင်းတစ်ပါးသာ ရုပ်မျိုးလို ဖြစ်နေ၏။ အထူးသဖြင့် မီးသွေးကဲ့သို့ နက်မှောင်သော သစ်သားဖြင့် ထုလုပ်ထားသဖြင့် နားရွက်မပါသော ကပ္ပလီလူမျိုးတစ်ဦးနှင့်ပင် ပိုပြီးဆင်တူနေ သည်။

ထိုရုပ်တုမည်းမည်းကြီးကို ကံမြင့်နှင့် စံပီးက ကျင်းနှုတ်ခမ်း ပေါ်သို့ လှမ်းပြီးပစ်တင်လိုက်ကာ ကပ်တွယ်နေသော မြေကြီး များကို လက်ဖြင့်ပွတ်သပ်ကာ သေချာစိုက်ပြီးကြည့်လိုက်ပြန်၏။

ထိုရုပ်တုကြီး၏ ဦးခေါင်းပိုင်းမှ ဆံပင်များမှာ တွန့်လိမ် ကွေ့ကောက်နေပြီး မို့မောက်နေသော နဖူးပြင်ပေါ်တွင် လေးငါး လက်မသာသာလောက် အက်ကြောင်းကြီးက ခေါင်လိုက်ကွဲအက် နေပြီး သစ်သားစများက ဖြာထွက်နေ၏။ ထိုကွဲအက်နေသော





အက်ကြောင်းကြီးအတွင်းမှာလည်း မြေစိုင်ခဲတို့က ညပ်နေသဖြင့် ကံမြင့်က တုတ်ချောင်းတစ်ချောင်းဖြင့် ကလော်ပြီးထုတ်နေ၏။

"ဒီလောက်ရုပ်ဆိုးတဲ့ အရုပ်ကြီးကို ဘယ်လိုစိတ် ကူးနဲ့ ထုထားတာလဲမသိဘူး"

ခင်လေးမြင့်က အရုပ်ကြီး၏မျက်နှာကိုကြည့်ကာ နှာခေါင်း ရှုံ့ရင်း လှမ်းပြောလိုက်သည်။ နဝါကတော့ ထိုအရုပ်ကြီး၏ နှာခမ်း၊ မျက်လုံးနှင့် နှာခေါင်းများကို လက်ဖြင့်ပွတ်သပ်ရင်း ခင်လေးမြင့်ကို တမင်ရွဲ့ကာလှမ်းပြောလိုက်သည်။

"ဒီလောက်ချစ်စရာကောင်းပြီး အသားအရည် ကိုပြည်ပြည်ဖြစ်နေတဲ့ အရုပ်ကိုများ နင်က ရုပ်ဆိုး သလေးဘာလေးနဲ့...ဟီးဟီး"

"ဟုတ်တယ်...ဟုတ်တယ်...ဒီအရုပ်ရဲ့မျက်နှာ က ဘုန်းကြီးကျောင်းမှာ ကပ်ပြီးနေတဲ့ အရူးကြီး ဦးဖောင်တိန်ရဲ့ မျက်နှာနဲ့တောင် ခပ်ဆင်ဆင်ရယ်... ဟားဟားဟား..."

ထိုသစ်သားရုပ်တုမည်းမည်းကြီးကိုကြည့်ကာ တစ်ယောက် တစ်ပေါက်ဖြင့် ဝိုင်းပြီးပြောဆိုလိုက်ကြသည်။ ကံမြင့်ကတော့ ဒီအရုပ်ကြီး၏ ထူးထူးခြားခြား မျက်နှာပေါက်ကိုကြည့်ကာ

"ထူးတော့ထူးဆန်းတယ်၊ ဒီပုံဆိုးပန်းဆိုးအရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ဒီသစ်မြစ်ကြီးရဲ့အောက်မှာ နှစ်ပေါင်း ဘယ်လောက်ကြာကြာနစ်နေခဲ့တာလဲ။ နောက်ပြီး လူတစ်ယောက်ရဲ့ ရှိသင့်တဲ့မျက်နှာထက် ပိုရှည်အောင် တမင်ထုထားပုံရတယ်”

ကံမြင့်က မည်းနက်နေသော သစ်သားပန်းပုရုပ်ကြီး၏ မျက်နှာပြင်ကို လက်ဖြင့်ပွတ်သပ်နေရင်း စံပီးတို့အုပ်စုကို လှည့်ပြောလိုက်၏။

“ဒါ... ယင်းတိုက်သားနဲ့ ထုထားတာကွ၊ ဒါကြောင့်မို့လို့ ဒီအမြစ်ကြီးရဲ့အောက်မှာ နှစ်တွေ တော်တော်ကြာကြာ မဆွေးမမြည့်ဘဲရှိနေခဲ့တာ”

ကံမြင့်၏စကားကြောင့် ထက်လူနှင့် စံပီးမှာ...

“ဟင်...ဒါဆို ဒီရုပ်တုကြီးက ရှေးဟောင်းရုပ်တုတွေဘာတွေ ဖြစ်မယ်တင်တယ်”

“အဲဒါတော့ ငါလည်းမသိဘူး”

ကံမြင့်က ထိုသစ်သားရုပ်တုမည်းမည်းကြီးကို အနီး တစောင်းပင်တွင် မှီကာ ထောင်လိုက်ရင်း တုံးလုံးလဲနေသော ကုက္ကိုပင်ကြီးကို ထင်းပေါက်နိုင်ရုံလောက် အပိုင်းအသစ်များ ဖြတ်တောက်ရန်နေရာကို လှည့်ပတ်ရှာလိုက်ပြီး စံပီးနှင့် ထက်လူကို ဓါးမန်းစွယ်လှကြီးနှင့် ပိုင်းဖြတ်ခိုင်းလိုက်၏။





စံပီးတို့ပိုင်းဖြတ်ပြီးသား ကုက္ကိုသားများကို ပုဆိန်နှင့်ပေါက်ပြီး ခင်လေးမြင့်နှင့် နဝါက ထင်းခွဲခြမ်းကြီးများကိုစုပြီးချည်ကာ ညနေမစောင်းခင် ခပ်သုတ်သုတ်လုပ်လိုက်ကြသည်။

မကြာမီ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ရိုးပြတ်များကို မီးရှို့သည့်အခိုးအငွေ့တို့ဖြင့် ရွာကလေး၏ လွှမ်းခြုံလိုက်သလို ညိုမှောင်မှောင် ပြာလဲ့လဲ့ပင် ဖြစ်လာနေပြီဖြစ်သည်။

ကံမြင့်က ပစ္စည်းပစ္စယများကို သိမ်းဆည်းရင်း မည်းမှောင်ပြီး ရှေ့သို့ကိုင်းညွှတ်ကျမတတ်ဖြစ်နေသော နှစ်ထပ်အိမ်မြင့်မြင့်ကြီးကို ငဲ့စောင်းကာကြည့်မိလိုက်ပြန်သည်။

ထိုနှစ်ထပ်အိမ်မည်းမည်းကြီးမှာ ယခုအချိန်အထိ လူသူအရိပ်အယောင်ဟူ၍ တစ်စက်ကလေးမှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ် တိတ်ဆိတ်နေ၏။

❦ ❦ ❦

အပြန်လမ်းတစ်လျှောက် ကံမြင့်လက်ထဲတွင် သစ်သားရုပ်တုကြီးကို ပိုက်ကာ လေးတွဲသောခြေလှမ်းများဖြင့် ရွာလယ်လမ်းအတိုင်း လျှောက်ပြန်လာခဲ့သည်။ ရွာလမ်းကလေးမှာ အနည်းငယ်ပင်မှောင်မိုက်နေပြီး ဆောင်တစ်ဖက်တစ်ချက်မှ တချို့အိမ်ကလေးများပင် မီးအိမ်ကလေးများကို ဟိုတစ်စု သည်တစ်စု



www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိထားပြီးဖြစ်သည်။

"အင်း...ဟိုကောင်တွေ စပီ တို့၊ ထက်လူတို့ ဒီတစ်ခါ ထင် သွား ပို့ရင် ဘကြီး ထွန်း မောင်က ပိုက်ဆံ ဘယ်လောက်ပေးလိုက်မလဲမသိဘူး။ ဘာပဲဖြစ်ဖြစ် သကြိန်ရက်က အခုဆိုရင် တော်တော်နီး လာပြီ၊ ဟိဟိ ...ပျော်လိုက်တာ"

ကံမြင့်မှာ ရွာလမ်းကလေးအတိုင်း လျှောက်နေရင်း တစ်ကိုယ်တည်း ပီတိပင်ဖြစ်နေ၏။ ထိုစဉ်...

"အူ...ဂူး...ဂူး"

ရုတ်တရက်ကြားလိုက်ရသော ခွေးအူသံကြီးက ကံမြင့်၏ နောက်ကျောဆီမှ ဆွဲဆွဲငင်ငင်ကြီး ကြားလိုက်ရသည်။

နင့်နေအောင်လေးလံလှသည့် သစ်သားရုပ်တုကြီးကို ပခုံးပေါ်သို့ ပြောင်းတင်ရင်း မှုန့်ဝါးဝါးမြင်နေရသည့် မြေနီလမ်းကလေးအတိုင်း ဆက်ပြီးလျှောက်လာ၏။ လမ်းဘေးတစ်ဖက်တစ်ချက်အိမ်များမှ ခွေးများက တစီစီ တညံညံဖြင့် ဟိုမှ ဒီမှ အတင်းထိုးပြီးဟောင်နေသည်မှာလည်း ရွာလမ်းတစ်လျှောက်လုံး ကျွက်ကျွက်ဆူနေ၏။

"အူ...ဂူး...ဂူး..."

■





## အခန်း [ ၃ ]

ကံမြင့်တို့၏ ခြေတံရှည် မြေစိုက်အိမ်ကလေးမှာ အုပ်ဆိုင်းနေသော သစ်ပင်ကြီးများအောက်တွင် ခပ်ကုတ်ကုတ်ကလေး ဖြစ်နေ၏။ ခြံဝင်းအတွင်း မည်းမှောင်နေသော သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့က လေတိုက်တိုင်း တရှဲရှဲမြည်ကာ အချင်းချင်း ပွတ်တိုက်နေသည်။ ကံမြင့်က အိမ်အတွင်းသို့ လှမ်းဝင်လိုက်ပြီး ပခုံးပေါ်မှ သစ်သားရုပ်တုကြီးကို မီးဖိုချောင်အတွင်း ကျပ်ခိုးစင်အောက်သို့ ပစ်ချလိုက်သည်။

မည်းမှောင်နေသော တစ်အိမ်လုံးတွင် ရေနံဆီမှန်အိမ်ကလေးတစ်လုံးကသာ မှုန်ရီမှုန်ဝါးဖြင့် လင်းနေ၏။

ထိုစဉ်...

အပေါ်ထပ်သို့တက်သည့် လှေကားထစ်များပေါ်တွင် တစ်စုံတစ်ယောက်က သူ့ကိုစိုက်ကြည့်နေသည်ဟု စိတ်က အလိုလို



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်၏။

"ဟင်..."

ကံမြင့် လှည့်ကြည့်လိုက်စဉ် အမှောင်ထုတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသော အရိပ်မည်းကြီးတစ်ခုကို ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။

"အမေ...အမေလား..."

ဘာမှတုံ့ပြန်သံမကြားရ။

"ငါ့မျက်လုံးတွေပဲ အမြင်မှားတာပဲဖြစ်မှာပါ၊ ဒါမှမဟုတ် မှန်အိမ်ရဲ့အလင်းရောင်ကြောင့် ကိုယ့်အရိပ်ကို ကိုယ်ပြန်မြင်လိုက်မိတာများလား"

ထို့နောက် ရွှေးများဖြင့်စေးကပ်နေသော အဝတ်အစားများကို ချွတ်လိုက်ပြီး ကပျာကယာ ရေမိုးချိုးလိုက်သည်။ ကံမြင့် ရေချိုးနေစဉ် သူ့အမေ ဒေါ်ဒေါင်းစိန်က အိမ်ရှေ့ခြံဝမှဝင်လာသည်။ ကံမြင့်ကိုတွေ့လျှင်တွေ့ချင်း...

"အမလေးကိုတော်...နင် တစ်နေကုန် ဘယ်ခြေရှည်နေတာလဲ၊ ငါမှာ နင့်အဖေ လယ်ထဲ ထမင်းပို့ဖို့ကို မအားတဲ့ကြားထဲက သွားပို့လိုက်ရတယ်၊ တကာတဲ..."

ကံမြင့်ကတော့ ကျောက်စည်ပိုင်းထဲမှ ရေကို တဝုန်းဝုန်းခပ်ပြီး ဒေါ်ဒေါင်းစိန်၏ ဗျစ်တီးဗျစ်တောက်အသံများကို မကြားသလိုနှင့် ဆက်ပြီးချိုးနေသည်။

ခဏအကြာ...

"ဟောတော်... ဒီအုပ်ဆောင်းအောက်က ချဉ်ပေါင်ဟင်းနဲ့ ဝက်သားတွေ ကုန်ပါရောလား...ကဲ... ကံမြင့်..."

ရုတ်တရက်ကြားလိုက်ရသော ကံမြင့်၏အမေ၏အသံကြောင့် အိမ်အတွင်း လှမ်းဝင်လာသော ကံမြင့်၏ခြေလှမ်းများမှာ တုံ့ခနဲဖြစ်သွား၏။

"ဗျာ..."

"တစ်နေကုန်တစ်နေခမ်း ရွာရိုးကိုးပေါက် လည်ပတ်လို့ ပြန်လာပြီး ညစာအတွက်ချက်ထားတဲ့ဟင်းတွေ နင်တစ်ယောက်တည်း စားပစ်လိုက်တယ်ပေါ့လေ...ဟုတ်လား ကံမြင့်"

ကံမြင့်၏အမေက ထမင်းစားပွဲပေါ်မှ အုပ်ဆောင်းကို မ,ကာ ဆူပူကြိမ်းမောင်းနေ၏။ ကံမြင့်က ကိုယ်ပေါ်မှရေစက်ရေပေါက်တို့ကို တဘက်နှင့်သုတ်နေရင်း နားမလည်သလိုနှင့် ပြန်စိုက်ကြည့်နေမိသည်။

"ကျွန် ...ကျွန်တော် ထမင်းတောင်မစားရသေး

www.burmeseclassic.com



ပါဘူး အမေရဲ့…”

ကံမြင့်၏စကားကြောင့်…

“ဘာ!…ဒါဆိုရင် ဒီထမင်းအုပ်ဆောင်းအောက်က ဟင်းတွေက ဘယ်ရောက်ကုန်တာလဲ။ ဒီမှာလည်း ကြည့်စမ်း၊ ကင်ပွန်းချဉ်ရွက်ဟင်းချိုတွေက စားပွဲတစ်ခုလုံး ဖိတ်စဉ်ထားလိုက်တာ… နင်ကတော့လေ…”

ပြောပြောဆိုဆို ကံမြင့်၏အမေက စားပွဲပေါ်မှ ဖိတ်စဉ်ကျနေသော အစအနများကို အဝတ်စုတ်တစ်ခုဖြင့် လိုက်ပြီး သုတ်နေ၏။

“မဟုတ်သေးပါဘူး အမေရာ၊ ကြောင်တွေဘာတွေများ ဝင်စားသွားလားမှ မသိတာ။ ကျွန်တော်လည်း အခုလေးတင်မှ ပြန်ရောက်တာပဲ”

ကံမြင့်အမေကတော့ နောက်ထပ် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ညစာအတွက် ထပ်ပြီးချက်ဖို့ကို ပြင်ဆင်နေ၏။ ထို့နောက် ကံမြင့်က လေးကန်တွေဝေနေသောခြေလှမ်းများဖြင့် အပေါ်ထပ်သို့တက်လာခဲ့သည်။

အပေါ်ထပ်တစ်ခုလုံးမှာ မည်းမှောင်နေသော်လည်း ကံမြင့်အဖို့ နေ့စဉ်ကျင်လည်သားရနေသဖြင့် အလွယ်တကူပင် အဝတ်ဗီရိုကြီးရှိရာသို့ လျှောက်သွားလိုက်သည်။





ဘစ်နေကုန်အောင်ပင်ပန်းထားသဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးမှာ တဆစ်ဆစ်နှင့် ထုံကျင်ကိုက်ခဲနေ၏။ ထို့နောက် ရေနံဆီမီးခွက်ကို ထွန်းညှိပြီး အဝတ်ဗီရိုအတွင်းမှ အဝတ်အစားတစ်စုံကို ဆွဲထုတ်ဝတ်ဆင်လိုက်သည်။

“အူ…ဟူး…ဟူ…”

ဆွဲဆွဲငင်ငင်ကြီးကြားလိုက်ရသော ခွေးအူသံကြီးက ကံမြင့်တို့အိမ်အနောက်ဘက်ဆီမှ ရူးရူးဝါးဝါးထွက်ပေါ်လာသည်။

ထိုခွေးအူသံကြီးက ကံမြင့်ကြားဖူးနေကျ ခွေးအူသံမျိုးမဟုတ်ဘဲ တစ်စုံတစ်ရာကြောင့် အထိတ်ထိတ် အလန့်လန့်ဖြစ်ပြီး ဝမ်းခေါင်းသံကြီးနှင့် ဆွဲဆွဲငင်ငင်အူနေသလိုမျိုး ကြားနေရ၏။

“အူ…ဟူး…ဟူး…”

နောက်တစ်ကြိမ်ထပ်ကြားလိုက်ရသော အူသံကြီးက ကံမြင့်တို့အိမ်အရှေ့ဘက်ဆီမှအသံ ဖြစ်သည်။

ကံမြင့်က ရေနံဆီမီးခွက်ကို ကိုင်ရင်း ပြတင်းတံခါးရှိရာသို့ တရွေ့ရွေ့လျှောက်သွားရင်း စေ့ထားသောတံခါးပေါက်ကို တွန်းဖွင့်လိုက်သည်။

ပြတင်းပေါက်တံခါးများက ဆွေးမြည့်နေပြီး ပတ္တာများမှာ တံခါးဘောင်နှင့် အံဝင်ခွင်ကျဖြစ်မနေသဖြင့် တကျွိကျွိမြည်ကာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခါလျက်ရှိနေသည်။

အပြင်ဘက်တွင် လရောင်ကင်းမဲ့လျက်၊ ကြယ်များက ဟိုတစ်စု ဒီတစ်စုနှင့် တလက်လက် တဖျပ်ဖျပ်တောက်ပနေကြသည်။ ညသည် တဖြည်းဖြည်း အမှောင်ထုအောက်သို့ တိုးဝင်လာနေပြီဖြစ်သော်လည်း ပြတင်းပေါက်အပြင်ဘက်မှ တိုးဝင်လာသော လေပြည်များက ပူနွေးနေတုန်းပင်ဖြစ်သည်။

"ကံမြင့်...ကံမြင့်ရေ..."

ရုတ်တရက် အိမ်ရှေ့ခြံစည်းရိုးအစပ်နားမှနေ၍ လှမ်းခေါ်နေသံကို ကြားရ၏။ ထိုအသံမှာ ဘယ်သူဘယ်ဝါ၏အသံမျိုး မသိသော်လည်း ကံမြင့်က ပြတင်းပေါက်မှနေ၍ အိမ်ရှေ့ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာပြီး လှမ်းထူးလိုက်၏။

"ဗူး...လာပြီဟေ့၊ ဘယ်သူလဲကွ"

ကံမြင့်တို့အိမ်၏ အပေါ်ထပ်တွင် ပိတ်ကာထားသော မတ်တတ်တံခါးပေါက်ကြီးတစ်ခုရှိ၏။ ထိုတံခါးပေါက်ကြီးမှာ အိမ်ရှေ့ဘက်သို့ မျက်နှာမူထားပြီး ဝါးထရံများကို အကွက်ဖော်ရက်လုပ်ထားသည်။ ကံမြင့်က ပိတ်ထားသောထရံတံခါးချပ်ကြီးကို ကလန့်ထားသည့် သစ်သားချောင်းကြီးကို ဆွဲထုတ်လိုက်ပြီး အိမ်ရှေ့ခြံစည်းရိုးအစပ်ဆီသို့ လှမ်းကြည့်လိုက်သည်။ မည်းမှောင်နေသော အပြင်ဘက်တွင်တော့ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရချေ။





"ကံမြင့်ရေ...ကံမြင့်..."

ကြားနေရသောခေါ်သံက ရင်းရင်းနှီးနှီးလူထဲကအသံတော့ မဟုတ်။ ကံမြင့်က...

"လာပြီဗျို့...လာပြီ..."

လေကားအတိုင်း အောက်ထပ်သို့ ခပ်သုတ်သုတ်ပြေးဆင်းရင်း လက်ဆွဲမီးအိမ်ကို ကောက်ယူကာ ခြံအစပ်ဆီသို့ ကသုတ်ကရို ... သောပါး လျှောက်သွားလိုက်သည်။

"ဟိုကောင်တွေ စံမိုးနဲ့ ထက်လူတို့ရဲ့အသံ မဟုတ်တာကတော့ သေချာတယ်။ ဘယ်သူများလဲ"

ကံမြင့် ခြံဝသို့ရောက်သောအခါ...

မန်ကျည်းပင်ခြေရင်းတွင် ငုတ်တုတ်ထိုင်ပြီး သူ့ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေသည့် ခွေးတစ်ကောင်မှအပ၊ လူရိပ်လူယောင်ဟူ၍ တစ်စက်တလေးမှမတွေ့ရချေ...။

"ဟင်..."

ဒိတ်ခနဲတိုးဆောင့်သွားသော နှလုံးခုန်သံနှင့်အတူ ကံမြင့်တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွား၏။

"စောစောက ကြားလိုက်ရတဲ့ ခေါ်သံက ငါ့နာမည်ကို သေသေချာချာကြီးခေါ်လိုက်တာပါ။ အခု ဘယ်ရောက်သွားတာလဲ။ ဒါမှမဟုတ် ငါများ [illegible]

www.burmeseclassic.com



ကြားလွဲဟာလား"

ကံမြင့်က လက်ထဲမှ မီးအိမ်ကို အနီးပဟဲ့ဝန်းကျင် အမှောင်ထဲသို့ လှည့်ပတ်ထိုးကြည့်လိုက်ပြန်သည်။ ကံမြင့်၏မီးရောင်အောက်တွင် ကြက်ဆူပင်များ၊ ရှားစောင်းပင်များကိုသာ ဟိုတစ်အုပ် ဒီတစ်အုပ်ဖြင့် တွေ့နေရသည်။ ဇဝေဇဝါမျက်လုံးများဖြင့် လက်ဆွဲမီးအိမ်၏အလင်းရောင်ကို မန်ကျည်းပင်ခြေရင်းဆီသို့ နောက်တစ်ကြိမ် လှမ်းထိုးကြည့်လိုက်ပြန်၏။

စောစောက ငုတ်တုတ်ထိုင်ပြီး သူ့ကိုစိုက်ကြည့်နေသည့် ခွေးက ထိုနေရာမှာပင် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် စူးစူးဝါးဝါးစိုက်ကြည့်နေတုန်းပင်ဖြစ်သည်။ ကံမြင့်နှင့်ခွေးမှာ ဆယ်ပေသာသာလောက်သာ ကွာဝေးသော်လည်း မပြေးမလွှားဘဲ ကြောင်စီစီနှင့် ပြန်စိုက်ကြည့်နေ၏။

"ဒါ...ဒါ...စောစောကအူနေတဲ့ခွေးပဲဖြစ်ရမယ်။ ဒီခွေးက ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင်စိုက်ကြည့်နေတာလဲ။ တကယ်ဆို နည်းနည်းပါးပါးတော့ ငါ့ကိုဟောင်ဖို့ကောင်းတာပေါ့"

ကံမြင့်က မြေကြီးပေါ်မှ ခဲလုံးတစ်လုံးကို ကောက်ယူကာ ထိုခွေးကို ပေါက်ရန် ချိန်ရွယ်ပြီး လှန့်လိုက်၏။ သို့သော် အမှောင်ထဲတွင် တဖျပ်ဖျပ်တောက်ပနေသည့် မျက်လုံးတစ်စုံက





တော့ စူးစူးစိုက်စိုက် မလှုပ်မယှက်ပင် ပြန်ကြည့်နေတုန်းပင် ဖြစ်သည်။

ကံမြင့်က ချိန်ရွယ်ထားသော ခဲလုံးကို ကိုင်ရင်း ဟိန်းဟောက်ခြောက်လှန့်လိုက်သည်။

"တောက်...ဟဲ့ခွေး...သွားစမ်း"

ကံမြင့်အဖို့ ရွာတကာလှည့်လည်ပြီးသွားခဲ့ဖူးသော်လည်း ယခုကဲ့သို့ ပေကပ်ကပ်နိုင်လှသည့် ခွေးမျိုးကို တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးသဖြင့် အထူးအဆန်းတစ်ခုလို အံ့သြနေမိသည်။ နောက်ပြီး အနည်းငယ်ကြောက်လန့်လာသလို ဖြစ်လာ၏။ ထိုခွေးကို ကံမြင့် ပြန်ကြည့်နေတုန်းမှာပင် ကံမြင့်နဖူးပေါ်မှ ချွေးများက တစ်စထက်တစ်စ စို့စွတ်စွတ်ဖြစ်လာ၏။

"အင်း...ဒီခွေးကိုကြည့်ရတာ ရိုးရိုးသားသားကော ဟုတ်ရဲ့လား၊ ငါ...ဟိုအရုပ်ကြီးကို ထမ်းပြီး ပြန်လာကတည်းက ငါ့နောက်ကအူပြီး တကောက်ကောက်လိုက်လာတဲ့ခွေးပဲဖြစ်မယ်။ တစ်ခုခုတော့ လွဲနေပြီထင်တယ်။ နောက်ပြီး ငါ့နာမည်ကို အော်ခေါ်နေတာကရော...ဘယ်သူလဲ..."

လက်တစ်ဖက်က ကျောက်ခဲတစ်လုံးကို ဆုပ်ကိုင်ထားရင်း ကြောက်လန့်တုန်လှုပ်လာသည့်စိတ်က ရင်ထဲတွင် မွန်းကျပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

ထိုစဉ်...

ခွေးက ငုတ်တုတ်ထိုင်နေရာမှ တဖြည်းဖြည်းကုန်းထလာ၏။

ကံမြင့်က သူ့ရှေ့မှ ကုန်းကုန်းကွကွဖြင့် ထလာသော ခွေးကြီးကိုကြည့်ကာ နောက်သို့ အလိုလိုဆုတ်မိလျက်သား ဖြစ်သွားသည်။

ထိုခွေးကြီးမှာ ရှေ့သို့တိုးမလာဘဲ မန်ကျည်းပင်ကြီး၏ နောက် အမှောင်ထဲသို့တိုးဝင်သွားသည်။ ခွေးကြီး၏အရောင်မှာ ညိုမွဲမွဲနှင့် ခါးလျားကြီးက ခြေတံ လက်တံနှင့်စာလျှင် အတော် ကလေးရှည်လျားနေပြီး အကြည့်ရဆိုးလျက်ရှိသည်။ ရွာထဲတွင် တစ်ခါမှမမြင်ဖူး မတွေ့ဖူးသဖြင့် ထိုခွေးကြီးကိုကြည့်ကာ ကံမြင့် ကြက်သေသေနေမိသည်။

"ဒါ...ဒါ...တကယ့်ခွေးစစ်စစ်ကော ဟုတ်ရဲ့လား။ ငါ့နောက်ကို တကောက်ကောက်ကပ်ပြီး လိုက်လာတဲ့ နာနာဘာဝကြီးပဲဖြစ်မယ်။ နောက်ပြီး ငါ... ငါယူလာတဲ့ ဟိုပုံမကျပန်းမကျ ရုပ်တုကြီးနဲ့များ ပတ်သက်နေသလားမသိဘူး၊ ဒုက္ခပါပဲ"

မန်ကျည်းပင်ကြီး၏နောက်သို့ တိုးဝင်သွားသော ညိုမှောင်





မှောင်ခွေးကြီးကို ကံမြင့်က လက်ဆွဲမီးအိမ်ကိုမြှောက်ကာ လိုက်ကြည့်လိုက်၏။ ထိုခွေးကြီးမှာ မန်ကျည်းပင်၏နောက်ဘက်မှ ကြက်ဆူပင်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ကံမြင့်မှာ လက်ဆွဲမီးအိမ်ကို လက်တစ်ဖက်က ဆွဲကိုင်ထားရင်း မျက်တောင်ခတ်ဖို့ပင် သတိမေ့နေမိ၏။

ခြံဝမှ အိမ်သို့လျှောက်ပြန်လာရာ လမ်းတစ်လျှောက်လုံး ကံမြင့်စိတ်တွေက ယောက်ယက်ခတ်လှုပ်ရှားနေသည်။

ကျပ်ခိုးစင်အောက်မှ မည်းနက်မှောင်နေသော သစ်သား ရုပ်တုကြီးက ကံမြင့် အိမ်အတွင်းသို့ လှမ်းဝင်လာသည်ကို ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးများဖြင့် လှမ်းကြည့်နေသလို ထိတ်ကထင်လိုက်ရသည်။

"အင်း...ဘာပဲဖြစ်ဖြစ် ဒီအရုပ်ကြီးက သိပ်ပြီး မရိုးသားဘူး။ ငါရေချိုးနေတုန်းကလည်း ထမင်းအုပ်ဆောင်းအောက်က ဟင်းတွေ ပျောက်သွားတာ၊ သူစားပစ်တာနေမှာ။ မနက်ဖြန်ကျရင်တော့ ဟိုကောင်တွေ စံပီးတို့၊ ထက်လူတို့ကို ဒီအကြောင်းတွေ ပြန်ပြောပြရမယ်"

တဖျစ်ဖျစ်လောင်ကျွမ်းနေသော ကံမြင့်လက်ထဲမှ မီးဆွဲ၏ အလင်းရောင်က မည်းနက်မှောင်နေသည့် ရုပ်တုကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ဖြာပြီးကျနေ၏။ အဖုအထစ်များဖြင့် မညီမညာ ထူအမ်းအမ်းဖြစ်နေသော ရုပ်ဆိုးဆိုးမျက်နှာကြီးမှာ မီးရောင်အောက်တွင် အသက်ဝင်နေသလို တဖျတ်ဖျတ်ယိမ်းလှုပ်နေ၏။

ကံမြင့်၏အမေ ဒေါ်ဒေါင်းစိန်မှာ ညစာကို မီးဖိုဘေးတွင် တကုတ်ကုတ်နှင့် ပြန်ပြီးချက်ပြုတ်နေရသည်။ ကံမြင့်က ကိုယ့်အပြစ်နှင့်ကိုယ် ညစာမစားတော့ဘဲ ရေတစ်ခွက်ကို အဝသောက်ကာ ထိုနေ့ညတွင် အိပ်ရာသို့ စောစောဝင်ခဲ့တော့သည်။

ခြေထွေလက်ထွေ အကြောအခြင်တွေက တောင့်တင်းကိုက်ခဲနေသော်လည်း ကံမြင့်မှာ အသံထွက်အောင်ပင် မညည်းညူရဲဘဲ အိပ်ရာထဲတွင် တစ်ယောက်တည်း ကျိတ်ကာခံစားနေရသည်။

ယခုကဲ့သို့ ထင်းပေါက်၊ ထင်းခွဲအလုပ်မျိုးကို တစ်ကြိမ်တစ်ခါမှ လုပ်ခဲ့ဖူးသူမဟုတ်သဖြင့် ကိုယ့်ဒုက္ခနှင့်ကိုယ် ကျိတ်မှိတ်ပြီး ခံရုံသာရှိသည်။ အထူးသဖြင့် သူ့သူငယ်ချင်းများဖြစ်သော စံပီးတို့၊ ထက်လူတို့၏ရှေ့တွင် ယခုကဲ့သို့ ဦးဆောင်ဦးရွက်လုပ်ရသည့် အလုပ်မျိုးကိုလည်း အကျေနပ်ကြီး ကျေနပ်နေမိသူဖြစ်လည်း။





ညသည် တဖြည်းဖြည်းမှောင်မိုက်လာသည်နှင့်အမျှ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ခါတစ်ရံ ရွာအလယ်ပိုင်းမှ ဆွဲဆွဲငင်ငင်အူနေသော ခွေးများ၏အသံတွေက ကံမြင့်တို့အိမ်အနီးသို့ ချက်ချင်းရောက်လာတော့မလို ကြားနေရ၏။ တစ်စုံတစ်ယောက်က အိမ်ရှေ့ခြံမြေတလင်းပေါ်မှ သစ်ရွက်ကြွေ သစ်ရွက်ခြောက်တို့ နင်းပြီး တိုးတိုးတိတ်တိတ် ခြေလှမ်းများဖြင့် ချဉ်းကပ်လာနေသံတွေလိုလို ကြားနေရသည်။

ကံမြင့်က မျက်စိကို အတင်းပိတ်ကာ အိပ်ပျော်အောင် အတင်းကြိုးစားကြည့်နေမိသည်။ ဖြစ်နိုင်လျှင် ဟောဒီချောက်ချားစရာကောင်းလွန်းနေသည့်အသံတွေကို ဆက်ပြီးမကြားချင်တော့။ ကိုယ်ခန္ဓာကို တစ်ဖက်သို့စောင်းလှည့်လိုက်တိုင်း ကြွက်သားတွေက နာကျင်လွန်းနေသည်။

ခဏအကြာ...

"ကံမြင့်ရေ...ကံမြင့်၊ ဟေ့...ကံမြင့်..."

ကံမြင့်နားထဲတွင် သူ့နာမည်ကို တစ်စုံတစ်ယောက်က အော်ခေါ်နေသံတွေ ကြားလိုက်ရ၏။ ထိုအသံမှာ အိမ်ရှေ့ခြံစည်းရိုးအစပ်မှနေ၍ ညဦးပိုင်းလောက်က သူ့ကို အော်ခေါ်နေသည့်အသံမျိုး...။

ရုတ်တရက် ထိုအသံကို ကြားကြားချင်း အိပ်ရာပေါ်မှ

www.burmeseclassic.com



ချက်ချင်းလူးလဲထပြီး ထိုင်လိုက်မိသည်။ အသံလာရာဆီသို့ ခဏငြိမ်ပြီး နားစိုက်ထောင်နေလိုက်၏။ သို့သော် ခေါ်သံတွေက နောက်ထပ် ဘာမှထပ်ပြီးမကြားရတော့...။

"ငါ...ငါ...မေးခနဲအိပ်ပျော်သွားပြီး အိပ်မက်လိုလို ဘာလိုလိုနဲ့ ကယောင်ကတမ်းတွေ ကြားလိုက်မိတာလား။ မဟုတ်သေးပါဘူး၊ ငါ့နာမည်ကိုခေါ်နေတာ သေသေချာချာကြီးကို ကြားလိုက်ရတာပါ"

နံပူးပေါ်မှချွေးသီးချွေးပေါက်များက တစ်ခဏအတွင်းမှာပင် တဒီးဒီးစီးကျလာ၏။ နောက်ထပ် အိပ်ပျော်အောင် ဘယ်လိုမှ ကြိုးစား၍မရတော့ဘဲ အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်လျက် ချောက်ချားစရာကောင်းလွန်းနေသည့် ညတစ်ညကို သွေးပျက်လုမတတ် ကျော်ဖြတ်နေရသည်။

မကြာခင်...

ရွာဦးကျောင်းမှ ကုလားတက်ခေါက်သံကို ကြားလိုက်ရသည်။





## အခန်း [ ၄ ]

နောက်တစ်နေ့မနက်တွင် ကံမြင့်တို့သူငယ်ချင်းတစ်သိုက် ဘုန်းကြီးကျောင်းဝင်းအတွင်း ဆုံကြသည်။ ကံမြင့်၏စကားကြောင့် စံပီး၊ ထက်လူနှင့် ခင်လေးမြင့်တို့ မိန်းကလေးနှစ်ယောက်မှာ တအံ့တသြနှင့် ဖြစ်ကုန်ကြသည်။ အထူးသဖြင့် ခင်လေးမြင့်နှင့် နုဝါမှာ ကံမြင့်ရှေ့မှ မြေကြီးပေါ် လွှတ်ချထားသော ပုံဆိုးပန်းဆိုး အရုပ်ကြီး၏ မျက်နှာကို ကြည့်ရင်း အလိုလို ကျောချမ်းနေကြသည်။ စံပီးနှင့် ထက်လူမှာ ကံမြင့်၏စကား ဆုံးလျှင်ဆုံးချင်း...

"ဟား...ဟား...ဟား...မင်းကလည်း အရိုပ်မည်းမည်းကြီးတို့၊ ခေါ်သံတွေ 'ကြားရတယ်တို့၊ ဟင်းတွေပျောက်သွားတယ်တို့ ဆိုတာမျိုးကို ကြားရလွန်းလို့ ရိုးနေပါပြီကွာ"

www.burmeseclassic.com



စံပီး၏ ဟားတိုက်ရယ်မောသံက ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ ရေတွင်းပျက်ထဲမှ ပဲ့တင်ထပ်ပြီး ပြန်ကြားနေရသည်။

"ဒီမှာ...ဟော့ကောင်...ကံမြင့်၊ အဲဒီအရုပ်ကြီးကို မင်းအိမ်မှာမထားရဲရင် ငါ့ကိုပေး"

ထက်လူက ကံမြင့်ထံမှ အရုပ်ကြီးကို အတင်းတောင်းနေပြန်၏။ သူ့ပုံစံမှာလည်း လှုစွမ်းကောင်းလုပ်ပြီး မထီတရီ လေသံမျိုး တမင်ပြောနေမှန်း သိသာ၏။ အထူးသဖြင့် ခင်လေးမြင့်နှင့် နဝါတို့ မိန်းကလေးများ၏ရှေ့တွင် သူ့အိုက်တင်က ပိုပြီးအသက်ဝင်နေသလိုထင်ရသည်။

"ငါက ဒါမျိုးတွေဆိုရင် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမှ ယုံတဲ့ကောင်ကွ၊ အဲဒီတော့ ငါအရင်ယူသွားမယ်။ ဒါပဲ..."

ပြောပြောဆိုဆို စံပီးက ကံမြင့်ရှေ့မှ မည်းနက်မှောင်နေသည့် မျက်နှာနှင့် အရုပ်ကြီးကို ကောက်ယူလိုက်၏။ ခင်လေးမြင့်နှင့် နဝါတို့မှာ စံပီးလက်ထဲတွင် ပိုက်ထားသော ရုပ်တုကြီးကိုကြည့်ကာ လက်တကာကာ တပြင်ပြင်နှင့် တစ်စုံတစ်ရာကို တားမြစ်ပြောဆိုရန် ထစ်ငေါ့နေကြသည်။

ကံမြင့်ကတော့ အားလုံးက သူ့ကို သူရဲဘောကြောင်သူဟု အထင်ခံလိုက်ရသဖြင့် မျက်စိမျက်နှာပျက် ဖြစ်နေ၏။





ထက်လူက စံပီးလက်ထဲမှ ရုပ်တုကြီးကို အတင်းပြန်လုယူနေကာ...

"ဟော့ကောင်...စံပီး ဒီအတိုင်းတော့ မင်းယူလို့ ဘယ်ရမလဲကွ။ မင်းနဲ့ငါ ခေါင်းပန်းလှန်လို့ နိုင်တဲ့သူက ယူကြေးလေ၊ ဘယ့်နှယ်လဲ"

"ဟုတ်ပြီ...ဒါဆို စိန်လိုက်"

ကံမြင့်က စံပီးနှင့် ထက်လူတို့နှစ်ယောက် ထိုအရုပ်ကြီးကို သူ့ထက်ငါလုယူနေကြသည်ကိုကြည့်ရင်း သူ့ကိုယ်သူ စည်းအပြင်ဘက်ရောက်သွားသည့် သူစိမ်းတစ်ယောက်လို သိမ်ငယ်စွာ ခံစားလာရသည်။ အရင်ကဆိုလျှင် စံပီးနှင့် ထက်လူမှာ သူ့ဦးဆောင်ရာနောက်ကိုသာ အမြဲတမ်းလိုက်ပါနေကျ။

ပြောရမည်ဆိုလျှင် ဒီအဖွဲ့ထဲမှာ သူက ခေါင်းဆောင်ပင် မဟုတ်ပါလား။ အခုတော့ ဒီအရုပ်ကြီးနှင့်ပတ်သက်ပြီး ကြောက်စိတ်ဝင်နေသည့် သူ့ကို စံပီးနှင့် ထက်လူတို့က သရော်တော်တော်ပင် လုပ်လာကြပြီပဲလေ။

ကံမြင့်က အကြောက်တရားကြောင့် အလိုလိုကျဆုံးသွားသည့် သူ၏ခေါင်းဆောင်ဘဝကို နမြောနေမိသည်။ နောက်ပြီး ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံးလည်း ထူပူနေ၏။

"ငါ...ဘာကြောင့် ဒီလောက်တောင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားရတာလဲ။ တကယ်ဆို ဒီအရုပ်ကြီးဟာ ဘာမှ မဟုတ်တဲ့ သစ်သားရုပ်ကြီးတစ်ရုပ်ပဲ။ အေးလေ... ဘာပဲဖြစ်ဖြစ် ဒီကောင်တွေလက်ထဲကို ဒီအရုပ်ကြီး ရောက်သွားပြီး ဘာတွေဆက်ဖြစ်မလဲ ကြည့်ကြသေး တာပေါ့"

"နင်တို့ကလည်းဟယ်...ဒီအရုပ်ကြီးကို ယူ မသွားကြပါနဲ့၊ တော်ကြာ တစ်ခုခုထပ်ဖြစ်နေမှ ဖြင့်..."

ခင်လေးမြင့်၏စကားအဆုံးတွင် နုဝါက တုန်ယင်နေသော အသံဖြင့်...

"အေးလေဟယ်.... သူ့ဟာကြီးက အပမှီထား သလိုလို၊ နာနာဘာဝ မကောင်းဆိုးဝါးကြီးလိုလိုနဲ့။ ယူမသွားကြပါနဲ့ဟာ...နော်..."

ခင်လေးမြင့်နှင့် နုဝါတို့က စံပီးတို့နှစ်ယောက်ကို ထိုအရုပ် ကြီးအား ယူမသွားရန် အတင်းတားနေကြသည်။ စံပီးနှင့် ထက်လူတို့ကတော့...

"အလကားပါဟာ၊ ဒီကောင်ကံမြင့်ကိုက သတ္တိ ကြောင်နေတာပါ၊ ဘာမှမဖြစ်ပါဘူး"

ပြောပြောဆိုဆို စံပီးက သူ့လက်ထဲမှ ပိုက်ဆံအကြွေစေ့ကို





အပေါ်သို့မြှောက်ရန် အရှိန်ယူနေပြီး ထက်လူကိုလည်း ပွဲစပြီ ဖြစ်ကြောင်း မျက်ရိပ်မျက်ကဲပြ ပြောဆိုလိုက်သည်။

"စပြီနော်...သေသေချာချာကြည့်"

"ချွင်..."

"ဟော...ပန်းကျတယ်၊ ပန်းကွ။ ငါနိုင်ပြီ... ထက်လူ၊ ဘယ့်နှယ်လဲ"

ချွင်ခနဲကြားလိုက်ရသောအသံနောက်တွင် စံပီး၏ ခုန် ပေါက်မြူးထူးသံက ဟေးခနဲ ဝါးခနဲ ထွက်ပေါ်လာ၏။ ကံမြင့် က စံပီးနှင့် ထက်လူတို့ကို လှည့်ပင်မကြည့်ဘဲ မျက်စိပျက် မျက်နှာပျက်နှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ရေတွင်းပျက်ကြီး ထဲသို့သာ အကြောင်းမဲ့ ငုံ့ကြည့်နေမိသည်။

ထိုသို့ ကံမြင့်တစ်ယောက် စိတ်ပျံ့လွင့်နေခိုက်တွင်... စံပီးနှင့် ထက်လူက အရုပ်ကြီး၏ တစ်ဖက်တစ်ချက်ကို ပြိုင်တူဆွဲမပြီး တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုလိုက် ကြကာ ကံမြင့်ခြေထောက်ရှိရာနားသို့ လွှဲပြီးပစ်ချလိုက်၏။

"ဘုတ်..."

"အား..."

ရုတ်တရက် ခြေဖမိုးပေါ်သို့ ပြုတ်ကျလာသော အရုပ်ကြီး ကြောင့် ကံမြင့်က သူ့ခြေခုံပေါ်သို့ လက်နှစ်ဖက်ဖြင့်အုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သပ်ရင်း အော်ဟစ်ညည်းညူလိုက်သည်။ ကံမြင့်၏အမူအရာကို ကြည့်ရင်း စံပီးနှင့် ထက်လူမှာ တခွီးခွီးကျိတ်ပြီးရယ်နေရင်း....

“ဟာ...ကြည့်စမ်း ဒီအရုပ်ကြီးက အသက်ဝင်လာတယ်ကွ၊ ငါတို့နှစ်ယောက်လက်ထဲကနေ သူ့အလိုလို ခုန်ဆင်းသွားတာ”

စံပီးစကားကြောင့် ခင်လေးမြင့်နှင့် နုဝါတို့မှာ နောက်သို့ အလိုလိုဆုတ်မိလျက်သားဖြစ်သွားပြီး သူတို့၏ရင်ဘတ်တွေပေါ်သို့ လက်နှစ်ဖက်ဖြင့်ဖိကာ အံ့ဩထိတ်လန့်ကုန်ကြသည်။ ကံမြင့်၏ခြေဖမိုးပေါ်တွင်လည်း နှစ်လက်မသာသာလောက် ခြစ်ရာအစင်းကြီး ဖြစ်သွားပြီး ချက်ချင်းပင်ညိုမည်းလာသည်။

“တောက်...ဟေ့ကောင်တွေ မင်းတို့ ဒါ...ငါ့ကို တမင်လုပ်တာမဟုတ်လား။ ဒီမှာ ပွန်းသွားပြီကွ၊ အစင်းရာကြီးတောင် ဖြစ်သွားပြီ”

ကံမြင့်မှာ ဒေါသစိတ်နှင့် စံပီးတို့ကို ဘာတစ်ခွန်းမှ ဆက်မပြောတော့ဘဲ ထိုနေရာမှ ထော့နင်းထော့နင်းခြေလှမ်းများဖြင့် လှည့်ထွက်လာခဲ့တော့သည်။

ကံမြင့်၏နောက်ကျောကိုကြည့်ရင်း စံပီးနှင့် ထက်လူက ကျိတ်ပြီးရယ်ကြသည်။ ခင်လေးမြင့်နှင့် နုဝါတို့မှာလည်း စံပီးတို့ပြောသလို ရုပ်တုကြီးက သူတို့၏လက်ပေါ်မှ ခုန်ချသည်ဟုပင်





တကယ်ထင်ကာ နောက်ဆုတ်နောက်ဆုတ် ခြေလှမ်းများဖြင့် ဘုန်းကြီးကျောင်းအပြင်ဘက်သို့ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်ကာ ပြေးထွက်သွားကြလေတော့သည်။

စံပီးနှင့် ထက်လူမှာတော့ တဝါးဝါး တဟားဟားဖြင့် သဘောကျ၍မဆုံးတော့။

စံပီးနှင့် ထက်လူတို့က သစ်သားပန်းပုရုပ်ကြီးကို ပခုံးပေါ်ထမ်းရင်း ရွာလမ်းကလေးအတိုင်း ခုန်ပေါက်ပြေးလွှားရင်း အိမ်သို့ ပြန်လာခဲ့ကြသည်။ ထက်လူက စံပီးတို့အိမ်သို့ရောက်သည်အထိ အတူလိုက်လာပြီး...

“ဟေ့ကောင်...စံပီး ဒီအရုပ်ကြီးကို မင်း ဘယ်နားမှာထားမှာလဲကွ”

“အေး... ငါလည်း အဲဒါစဉ်းစားနေတာ၊ အိမ်ပေါ်ယူသွားပြီးကာမှ အမေက ဒီအရုပ်ကြီးကို ကျက်သရေမရှိဘူးဘာဘူးပြောရင် ဒုက္ခ”

သူတို့နှစ်ယောက်မှာ သစ်သားပန်းပုရုပ်ကြီးကိုကြည့်ရင်း အတန်ကြာသည်အထိ စဉ်းစားနေမိကြသည်။ ထို့နောက် စံပီးက...



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူးကွာ၊ ဟောဟိုနားက နွားစာခွက်သားက ပုတ်စင်နားမှာပဲ ထောင်ထားလိုက်တော့မယ်"

ပြောပြောဆိုဆို စံပီးက ပန်းပုရုပ်မည်းမည်းကြီးကို ပုတ်စင်ရှိရာသို့ မ,သွားပြီး မှီထောင်ထားလိုက်၏။ စံပီးတို့အိမ်ဘေးမှ ပုတ်စင်မှာ ခြံစည်းရိုးနှင့်ကပ်လျက်ရှိပြီး စံပီးတို့တစ်အိမ်လုံး အသုံးပြုနေသည့် ခနော်နီ ခနော်နဲ့ အိမ်သာနှင့်လည်း နီးကပ်နေသည်။

"ကတော်…ကတော်…ကတော်…"

ပုတ်စင်ထဲမှ ကြက်မကြီး၏အော်သံကြောင့် ထက်လူက…

"ဟာ…ဟောကောင်စံပီး မင်းတို့ကြက်မကြီးကို အိမ်ပေါ်မှာ အိပ်တန်းဘာဖြစ်လို့လုပ်မပေးတာလဲကွ"

"မဟုတ်ဘူးကွ၊ အဲဒီကြက်မကြီးက ခုဝပ်နေလို့ အမေက ဒီနေရာမှာ ဝပ်ကျင်းသဘောမျိုး လာလုပ်ပေးထားတာ…"

စံပီးက ပုတ်စင်ပေါ်သို့တက်ကာ ကြက်မကြီး၏ အခြေအနေကို လှမ်းကြည့်လိုက်သည်။ ယောက်ယက်ခတ်ပြီး အော်ဟစ်နေသည့် ကြက်မကြီးမှာ သူ့ဥများကို ဖုံးဖိဝပ်ထားရင်း မျက်လုံးများက ဂနာမငြိမ်ဖြစ်နေသည်။

"ဒီကြက်မကြီးက ဒါပါနဲ့ဆို နှစ်သားရှိပြီကွ၊





ဒီဥကပေါက်လို့ သားခွဲတဲ့အရွယ်ရောက်ရင် ငါ မင်းကို တစ်ကောင်ပေးမယ် သိလား ထက်လူ"

ထိုစဉ် ထက်လူက သစ်သားပန်းပုရုပ်ကြီးကိုကြည့်ကာ လက်ဖြင့်လှမ်းပုတ်လိုက်ရင်း နှုတ်ဆက်လိုက်သည်။

"ဒီမှာဟောကောင် ရုပ်ဆိုး…မင်း ဒီအိမ်မှာတော့ ဟင်းခိုးစားလို့ရမှာမဟုတ်ဘူး၊ ဟောဟိုအိမ်သာက ယိုတွေပဲစားရမယ် သိလား…ဟားဟားဟား…"

ပြောပြောဆိုဆို ထက်လူက စံပီးတို့အိမ်မှ လှည့်ပြီးထွက်လာခဲ့သည်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး သူတို့ငါးယောက် ရှာဖွေစုဆောင်းထားသည့် ပိုက်ဆံများကိုမှန်းကာ သကြန်ရက်ကို လက်ချိုးရေတွက်ရင်း လျှောက်လာမိသည်။

ထိုစဉ်…

"ဒုတ်…"

"အား…"

ဘယ်ဘက်ခြေခုံနှင့် တစ်စုံတစ်ရာတို့ တိုက်မိလိုက်ပြီး ထက်လူမှာ ရှေ့သို့ ဝမ်းလျားမှောက် ပစ်လဲသွား၏။ နာကျင်လွန်းသောခြေခုံရိုးပေါ် လက်နှစ်ဖက်ဖြင့်အုပ်ထားရာမှ ဖြည်းဖြည်းချင်းဖွင့်ဟကြည့်လိုက်ရာ…

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



ထက်လူ၏ ဘယ်ဘက်ခြေခုံပေါ်တွင် ကံမြင့်ခြေခုံရိုးပေါ်မှ ဒဏ်ရာကဲ့သို့ အညိုအမည်းစွဲကာ အစင်းကြောင်းကြီးတစ်ခုကို တအံ့တဩနှင့် တွေ့လိုက်ရသည်။

ထက်လူက စောစောက ခလုတ်တိုက်လိုက်သည့် မြေပြင်ကို ပြန်လှည့်ကြည့်လိုက်ရာ ထိုမြေတလင်းမှာ သူခလုတ်တိုက်လောက်စရာ ဘာဆူးငြောင့်ငုတ်မျှ မရှိဘဲ ပြောင်ရှင်းလျက်ရှိနေသည်။

"ဒီနားတစ်ဝိုက်မှာ ခလုတ်တိုက်စရာလည်း မရှိပါဘူး။ ငါ ဘယ်လိုဖြစ်သွားတာပါလိမ့်။ ကေန္တဟိုအရုပ်ကြီးကို ထိပ်ပုတ်ခေါင်းပုတ်လုပ်ပြီး ပေါက်ကရတွေပြောမိလိုက်လို့လားမသိဘူး။ ဘာပဲဖြစ်ဖြစ် စံပီးနဲ့ဖက်ပြီး ဒီအရုပ်ကြီးကို မယုံမကြည်နဲ့လုပ်လို့တော့ မရဘူး"

ဖြန်းခနဲထသွားသော ကြက်သီးမွေးညင်းများနှင့်အတူ ထက်လူတစ်ကိုယ်လုံးမှာ လူသေကဲ့သို့ အေးစက်တောင့်တင်းသွားတော့သည်။





## အခန်း [ ၅ ]

စိမ့်ဖြာကျနေသော ညနေခင်း၏နေရောင်ခြည်တို့က သရက်င်အုပ်များကြားမှ ဟိုတစ်ပြောက် ဒီတစ်ပြောက် ကျနေ၏။ ပီးတို့အိမ်ကလေးမှာ သက်ငယ်များမိုးထားသဖြင့် ခပ်အုပ်အုပ်ကလေးဖြစ်နေပြီး ထိုသက်ငယ်အမိုးများကြားမှ ပြာလဲ့လဲ့မီးခိုးများက တလွင့်လွင့် တလူလူဖြင့် ထိုးထွက်နေသည်။

ယခုကဲ့သို့ ညနေစောင်းပြီဆိုလျှင် နွားတင်းကုတ်ထဲသို့ င်မလာစေရန် ကောက်ရိုးဖြင့် မီးဖိုပေးလေ့ရှိသည်။ စံပီးတို့သားစုမှာ ခြစ်ခြစ်ကုတ်ကုတ်နှင့် ခြုံးခြံပြီးဝယ်ထားရသည့် းပြာတစ်ရှဉ်းကို သားသမီးအရင်းအချာကဲ့သို့ ဂရုတစိုက်နှင့် စ်နေကြသည်။

"ဟဲ့...စံပီး...ကောက်ရိုးနည်းနည်းဆွဲလာပြီး နွားတွေခြံထဲထည့်စမ်း၊ နင်ကလည်း တစ်နေကုန်



www.burmeseclassic.com

www.burmeseclassic.com



အောင်သွားနေတော့တာပဲ။ နည်းနည်းပါးပါးလည်း
အိမ်အလုပ်လေးဘာလေး ကူလုပ်ပေးစမ်းပါဦးဟဲ့...”

စံပီး၏အမေက နွားတင်းကုတ်အတွင်း နွားမီးဖိုနေရင်း လှမ်းအော်ပြောလိုက်၏။ စံပီးက အပေါ်အင်္ကျီကိုချွတ်ကာ ကွပ်ပျစ်ပေါ်သို့ လှမ်းပစ်တင်လိုက်ပြီး ကောက်ရိုးပုံရှိရာဆီသို့ ထွက်လာခဲ့သည်။

ခဏအကြာ စံပီး၏အဖေ ဦးမြမောင်မှာ ဝါးဖတ်ဦးထုပ်တစ်လုံးဆောင်းကာ အင်္ကျီခပ်နွမ်းနွမ်းတစ်ထည်ကို ကျောပေါ်တင်လျက် ရွှေချောင်းရွာဘက်ဆီမှ ပြန်ရောက်လာသည်။ ထိုရွှေချောင်းရွာမှာ စံပီးတို့ရွာနှင့် တောင်ကျချောင်းကလေးတစ်ချောင်းခြားထားပြီး နွေရော မိုးပါ အမြဲတမ်း ချောင်းရေပြည့်လျက်ရှိသည်။ ထိုချောင်းကလေးကို အစွဲပြုပြီး မှည့်ခေါ်ထားသည့် ရွှေချောင်းရွာကလေးမှာ ဦးမြမောင်၏ ဇာတိရွာကလေးတစ်ရွာလည်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် ကိုမြမောင်မှာ ရွှေချောင်းရွာ သူ့မိဘဆွေမျိုးများ၏အိမ်တွင် တစ်ည နှစ်ညအိပ်ပြီးမှ ပြန်လာတတ်သော်လည်း ဒီတစ်ခါတော့ ဘာစိတ်ကူးရသည်မသိ နေ့ချင်းသွားပြီး ပြန်ရောက်လာသည်။

“ဟောတော်...ကိုမြမောင်၊ ကျုပ်က ရှင့်ကို ဒီည ပြန်မလာဘူးတောင်တင်နေတာ။ ဘယ်နှယ်လဲ ရှင့်





အမျိုးတွေဆီက မျိုးစပါးလေးဘာလေးကော ရခဲ့ရဲ့လား”

စံပီးတို့အမေမှာ သူ့ယောကျ်ားဦးမြမောင်ကို မြင်မြင်ချင်း ခရီးရောက်မဆိုက် လှမ်းမေးလိုက်၏။ ဦးမြမောင်မှာ ခေါင်းပေါ်မှ ဝါးဖတ်ဦးထုပ်လေးကို ချွတ်ကာ သံမှိုချိတ်ပေါ် လှမ်းချိတ်လိုက်ရင်း...

“အေး...ဒီနှစ်မျိုးစပါးကိုတော့ အစ်မတို့ဆီက ပေးမယ်ပြောတာပဲဟ၊ ကဲ...ကဲ...ငါထမင်းစားမလာခဲ့ရသေးဘူး၊ ဘာချက်လဲဟ...ထမင်းခူးစမ်း”

“ဩော်...ဟုတ်ပါရဲ့ ကိုမြမောင်၊ ကျုပ်က ရှင် ဒီည ပြန်မလာဘူးတင်ပြီး ဘာမှတောင်ချန်မထားမိဘူး။ ဩော်...နေဦး နေဦး...စံပီးတစ်ယောက်တော့ ထမင်းမစားရသေးဘူး။ ရှင်ဗိုက်ဆာနေရင် စံပီးအတွက် ချန်ထားတဲ့ဟင်းနဲ့ အရင်စားနှင့်လိုက်။ ပြီးမှ သူ့အတွက် စားစရာတစ်ခုခုလုပ်ပေးလိုက်မယ်”

ပြောပြောဆိုဆို စံပီး၏အမေက ဦးမြမောင်အတွက် ထမင်းပွဲကို ခူးခပ်ပေးနေ၏။ စံပီးက နွားတင်းကုတ်အတွင်းသို့ ကောက်ရိုးများဆွဲထည့်နေစဉ် သူ့အဖေ ဦးမြမောင်က...

“လူလေး...စံပီး...မင်းနွားတွေ ရေတိုက်ပြီး

www.burmeseclassic.com



ပလားကွ"

"မတိုက်ရသေးဘူးအဖေ၊ အခုပဲတိုက်လိုက်ပါမယ်"

စံပီးတို့၏ နွားပြာခြောက်ကလေးတစ်ရှဉ်းမှာ ကိုယ်လုံး ကိုယ်ဖန် မဖွံ့ထွားလှသော်လည်း အလုပ်နှင့်ပတ်သက်လျှင် မနိုမကပ်ဘဲ စံပီးတို့မိသားစုနှင့်အတူ တစ်မိုးတွင်းလုံး ရွှံ့ထဲတွင် ပင်ပင်ပန်းပန်းနှင့် ရုန်းကန်ခဲ့ကြသည်။ စံပီး၏အဖေ ဦးမြမောင် မှာလည်း သူ့နွားပြာလေးနစ်ကောင်ကို ဖေ့သားကြီးတွေဟုပင် ခေါ်ကာ တစ်ချက်ကလေးမှ ရိုက်နှက်ခြင်းမရှိဘဲ အမြဲတမ်း စုတ်တသတ်သတ်နှင့် ချော့မော့ပြီး ခိုင်းလေ့ရှိသည်။

စံပီးကတော့ ကလေးပီပီ သူ့စိတ်နှင့်မတွေ့လျှင် တွေ့ကရာ တုတ်ကိုဆွဲကာ ရိုက်မောင်းပုတ်မောင်းလုပ်တတ်သည်။ ဒါ ဦးမြမောင်နှင့် စံပီးအမေတို့ကတွေ့လျှင် စံပီးမှာ အဆော အငေါက်ခံရသေး၏။

စံပီးက နွားတင်းကုတ်အတွင်းမှ နွားပြာလေးတစ်ရှဉ်း နွားစာခွက်ရှိရာ အပြင်သို့ဆွဲထုတ်ခေါ်ယူလာ၏။

နွားစာခွက်အနီးသို့မရောက်မီ နွားနစ်ကောင်မှာ တရှူးရှူး တရှုံရှုံ နှာမှုတ်လျက် နဖားကြိုးကို တင်းနေအောင် တော ထားပြီး ရှေ့သို့ လုံးဝမတိုးတော့ဘဲ ပေကပ်ကပ်လုပ်နေသော





သည်။

စံပီးက နဖားကြိုးကိုတောင့်ပြီး အတင်းဆွဲနေသော်လည်း နွားပြာနစ်ကောင်မှာ ဘယ်လိုမှ ရှေ့သို့တိုးမလာဘဲ သစ်လုံးထွင်း နွားစာခွက်ကြီးအနီးသို့ကြည့်ကာ လှည့်ရင်းပတ်ရင်း တစ်စုံ တစ်ရာကို ထိတ်လန့်ကြောက်ရွံ့နေသလိုဖြစ်နေသည်။

"တောက်...ဟာကောင်ကြီးရ...ဘာဖြစ်နေတာလဲ"

စံပီး ဘယ်လိုချော့ချော့ နွားနစ်ကောင်ကတော့ ပုတ်စင်ကြီး ရှိရာကို မာန်စောင်ရင်း တရှူးရှူး တရှုံရှုံတွေဖြစ်နေကြသည်။

စံပီးက နွားနစ်ကောင်ကို ချော့မော့နေစဉ်မှာပင် နွားတစ် ကောင်က ပုတ်စင်ရှိရာသို့ ခေါင်းစိုက်ပြေးသွားရင်း ထောင်ထား သော သစ်သားပန်းပုရုပ်ကြီးကို အမှတ်မထင် ပြေးပြီးဆော့လိုက် သည်။

"ရှူး..."

"ဖြောင်း..."

"ဟာင်..."

နွားပြာ၏ချိုကွေးကွေးကြီးကြားတွင် ချိတ်ပြီးပါသွားသော သစ်သားပန်းပုရုပ်ကြီးမှာ နစ်ဖာ(ရုံ)သာသာလောက်အထိ လွင့်စဉ် များ၏။

စံပီးမှာ ထိုမြင်ကွင်းကို မြင်လိုက်ရပြီး အနည်းငယ်မှင်သက်



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေမိ၏။

"လက်စသတ်တော့ ဒီအရုပ်ကြီးကို ဒီကောင်ကြီး တွေ လန့်နေတာကိုး။ အင်းလေ...ဒီကောင်တွေလန့် ရင်လည်း လန့်စရာ၊ အရုပ်ကြီးရဲ့ပုံစံကိုက မခိုးမခန့်နဲ့ ကြောက်စရာကြီးဖြစ်နေတာကိုး..."

ထိုသစ်သားရုပ်ကြီး အဝေးသို့လွင့်စဉ်ထွက်သွားလျှ သွားချင်း အခြားနွားပြာတစ်ကောင်က သစ်သားထွင်းနွား ခွက်ထဲမှ ရေကို လာသောက်တော့၏။ စောစောက ချိုဖြင့်ခ လိုက်သော နွားပြာတစ်ကောင်မှာ နားရွက်နှစ်ဖက်ကိုထောင်က လွင့်စဉ်သွားသော သစ်သားရုပ်မည်းမည်းကြီးကို အကဲခတ်သ လှမ်းကြည့်နေသည်။ သူ့ပုံစံကလည်း ထိုအရုပ်ကြီးကိုကြည့်ရ တစ်စုံတစ်ရာကို ဝေခွဲရခက်နေသည့်ပုံမျိုး ဖြစ်နေသည်။

"စံပီးရေ...နွားတွေရေတိုက်ပြီးရင် ထမင်းအိုး တည်ဖို့ မီးမွှေးထားလိုက်ဟာ၊ အမေ အတို့အမြုပ်လေး သွားနှုးလိုက်ဦးမယ်"

စံပီး၏အမေမှာ တဘက်ခပ်နွမ်းနွမ်းတစ်ထည်ကို ခေါင်း နှစ်ပတ် သုံးပတ် ရစ်ပတ်လိုက်ရင်း ကပျာကယာ အိမ်ရှေ့ ထွက်သွားလိုက်သည်။ စံပီးမှာ နွားနှစ်ကောင်ကို တင်းကုတ်ထဲ ပြန်ဆွဲသွင်းလာပြီး ထမင်းအိုးတည်ဖို့ကိစ္စကို လုပ်ရတော့သည်





အမှန်တော့ စံပီး၏ဗိုက်ထဲတွင်လည်း တဂွီဂွီအော်မြည်လျက် ဆာလောင်နေပြီဖြစ်သည်။

တဖူးဖူးမှုတ်နေသော မီးပြောင်းမှလေတို့ကို အားမရသဖြင့် ထမင်းအိုးစလောင်းဖုံးနှင့်ပင် မီးဖိုကို ယပ်ခတ်နေရသည်။ တဖျစ်ဖျစ်တောက်လောင်စပြုလာပြီဖြစ်သော မီးတောက်တို့က မီးဖိုပေါ်မှ ထမင်းအိုး၏ဘေးပတ်ပတ်လည်တွင် တလှုပ်လှုပ် ယိမ်းထိုးနေ၏။

ထို့နောက် နေ့လယ်က ခင်လေးမြင့်တို့၊ နဝါတို့ကို သူနှင့် ထက်လူ ခြောက်လှန့်လိုက်ကြသည်ကို ပြန်တွေးပြီး ပြုံးမိနေ၏။ ကံမြင့်ခြေထောက်ပေါ်သို့ သူတို့နှစ်ယောက် ပြောင်ရင်းနောက် ရင်းနှင့် သစ်သားရုပ်ကြီးကို ပစ်ချလိုက်မိသည့်အတွက်လည်း စိတ်မကောင်းဖြစ်နေမိပြန်သည်။

"အင်း...ဒီကောင့်ခြေထောက် မသက်သာရင် ငါတို့ ထင်းပေါက်ဖို့ကိစ္စက ဒီရက်ပိုင်း လုပ်ဖြစ်မှာ မဟုတ်တော့ဘူး။ သကြန်ကလည်း တဖြည်းဖြည်း နီးလာပြီ..."

ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"စံပီးရေ...စံပီး..."

"ခင်ဗျာ..."

စံပီးမှာ ထမင်းအိုးစလောင်းဖုံးကို ထမင်းအိုးပေါ်သို့ ကမျာကယာ လှမ်းတင်ရင်း အိမ်ရှေ့သို့ လှမ်းထွက်လိုက်သည်။ အသံကတော့ ယောကျ်ားတစ်ယောက်၏အသံမျိုး၊ မှောင်စပြုနေသော အိမ်ရှေ့တလင်းပြင်ထဲကို ကြယ်ရောင်ဖြင့်သာ ဝိုးတိုးဝါးတား လှမ်းမြင်နေရ၏။ စံပီးက မီးခိုးငွေ့များဖြင့် မွန်နေသော မျက်စိတို့ကို ပုဆိုးအပေါ်စနှင့် ပွတ်သပ်သုတ်လိုက်ပြီး အိမ်ရှေ့တလင်းထဲသို့ ဟိုဟိုဒီဒီကို လှည့်ပတ်ကြည့်လိုက်သည်။

အိမ်ရှေ့တလင်းထဲက ကွပ်ပျစ်ပေါ်တွင် ထမင်းစားပြီး အေးအေးလူလူ ဆေးတံသောက်နေသော သူ့အဖေ ဦးမြမောင်ကို တွေ့လိုက်ရ၏။

"အဖေ...ဘာလဲဟင်..."

"ဟေ..."

စံပီး၏အဖေမှာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ စံပီးကို နားမလည်သလိုနှင့် ပြန်စိုက်ကြည့်နေ၏။

"ဟို...ကျွန်တော့်ကို ခေါ်လိုက်သလားလို့"

စံပီး၏အဖေမှာ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ စံပီးကို နားမလည်သလိုနှင့် ပြန်စိုက်ကြည့်နေ၏။





"ဟို...ကျွန်တော့်ကို ခေါ်လိုက်သလားလို့"

စံပီးမှာ သူ့အဖေ၏အမူအရာကို ကြည့်ပြီး ပြန်ပြောလိုက်ရသော်လည်း သူ့စိတ်ထဲတွင် တစ်စုံတစ်ရာကို အလိုလိုရိပ်စားမိလိုက်သလို ဖြစ်သွား၏။

"မခေါ်ပါဘူးကွ၊ မင်းအမေခေါ်တာနေမှာ ပေါ့..."

ဦးမြမောင်မှာ စံပီးကိုပြောပြီး ဆေးတံမှ ဆေးသားများကို လက်ဖြင့်သိမ်ကာ မီးညှိဖွာရှိုက်လိုက်သည်။ ထို့နောက် စံပီးမှာ တွေတွေဝေဝေ လေးကန်သောခြေလှမ်းများဖြင့် မီးဖိုရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

"ဘာပဲပြောပြော ကံမြင့်ပြောသလို ခေါ်သံတွေ တကယ်ပဲကြားနေရပြီလား၊ နောက်ပြီး ဒီသစ်သား ပန်းပုရုပ်ကြီးက ခင်လေးမြင့်တို့ပြောသလို နာနာဘာဝ ကြီးတစ်ကောင် ဖြစ်နေရင်ကော..."

"ဟဲ့...စံပီး..."

"အောင်မလေး...ဗျ..."

ရုတ်တရက် သူ့နောက်ကျောကို လှမ်းပုတ်လိုက်သော လက်တစ်ဖက်ကြောင့် စံပီးမှာ မီးဖိုပေါ်သို့ အရှိန်လွန်ကာ မှောက်လျက်ကျလုမတတ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ထမင်းအိုးကြီး ဒီလောက်တေကျနေတာ
မြင်ရက်သားနဲ့ နင် ဘာတွေတွေးပြီး ငိုင်နေတာလဲ"

စံပီး၏အတွေးတွေက အချိန်ဘယ်လောက်ကြာသွားသည် မသိ၊ သူ့အမေရောက်လာပြီး နောက်ကျောကိုလှမ်းပုတ်လိုက်… ချက်ချင်းလန့်ဖျပ်သွားကာ သတိပြန်ဝင်လာသည်။

ပြောပြောဆိုဆို စံပီး၏အမေက သစ်သားယောက်မ… ကောက်ယူပြီး စာမွက်မွက်ဆူကာ တေကျနေသော ထမင်းအိုး… အဖုံးဖွင့်ပြီး တစ်ချက် နှစ်ချက် မွှေလိုက်၏။ ထို့နောက်… ချေးအထပ်ထပ်တက်နေသည့် လက်နှီးစုတ်အဝတ်နှစ်စကို ယူ… မီးဖိုပေါ်မှ ချလိုက်သည်။ စံပီးကတော့ မိုက်ကလည်း တော်… လေးဆာနေပြီဖြစ်သဖြင့် သူ့အမေအနားတွင် မယောင်မလည်… လုပ်နေ၏။

"စံပီး.. သွားစမ်း၊ ငါ ဒီမှာ ထမင်းရည်ငှဲ့နေ
တုန်း၊ ဒီမီးနဲ့ ကြက်ဥကြော်ရအောင် ပုတ်စင်မှာ
ကြက်ဥနှစ်လုံး သုံးလုံး သွားယူချေ"

စံပီး၏အမေက လက်နှီးစအဝတ်စုတ်နှစ်ဖက်ကို ကျစ်… ပါအောင်ဆုပ်ကိုင်လိုက်ပြီး မြေအင့်တုံထဲသို့ ထမင်းရည်… ငှဲ့ချနေ၏။

အိမ်အပြင်ဘက်တွင် မောင်ရီဖျိုးဖျစ်မှ တဖြည်းဖြည်း…





မှောင်မိုက်စပြုလာနေ၏။ ဘာရယ်မဟုတ်ဘဲ စံပီး၏စိတ်တွေက အလိုလိုနေရင်း ချောက်ချားသလိုလို မဝံ့မရဲဖြစ်နေသည်။ တကယ်ဆိုလျှင် သူ့ခြေလှမ်းတွေက ပုတ်စင်ကြီးအနားသို့ သွားရန်ပင် တုံ့ဆိုင်းနေမိသည်။ အခုတော့ ဘာမှမဟုတ်ပါဘူးဟု ဆိုသည့် သစ်သားရုပ်တုကြီးကို သူတကယ်ပင်ကြောက်လန့်လာနေသည်။

"ဟဲ့ကောင်လေး...ဘာရပ်လုပ်နေတာလဲ...သွား
လေ...ကြော်... ဒီကောင်လေးနှယ်..."

နောက်ထပ်အော်ငေါက်လိုက်သော စံပီးအမေ၏အသံကြောင့် စံပီးမှာ အမှောင်ထဲသို့ အရဲစွန့်ပြီး လျှောက်သွားလိုက်သည်။ စံပီး၏မျက်လုံးများမှာလည်း တစ်စုံတစ်ရာကို မျက်ခြည်မပြတ် အကဲခတ်သလို တဖျတ်ဖျတ်နှင့် ဘေးဘီကိုကြည့်မိနေ၏။ သူ့ခြေလှမ်းများက နွားတင်းကုတ်အနားသို့ ရောက်သောအခါ စားမြုံ့ပြန်ရင်း အေးအေးလူလူ လဲလျောင်းဝပ်စင်းနေသည့် နွားနှစ်ကောင်က အလန့်တကြားနှင့် တဝုန်းဝုန်းထကုန်ကြသည်။

"ဒီကောင်တွေ ငါ့ကိုမြင်ပြီး ဘာဖြစ်လို့ လန့်ကုန်
ကြတာလဲ။ ခါတိုင်းလည်း အမှောင်ထဲမှာ သူတို့ဆီကို
ငါလာနေကျပဲ။ ဘာဖြစ်လို့ အခုမှ တူးတူးဆန်းဆန်း
တွေ ဖြစ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စံပီးမှာ နွားတင်းကုတ်အပေါက်မှ ပုတ်စင်ရှိရာသို့ ခပ်သုတ်သုတ်ပြေးသွားပြီး ပုတ်တောင်းထဲမှာ ကြက်ဥနှစ်လုံးကို ကပျာကယာလှမ်းနှိုက်ယူလိုက်သည်။ သူ့မျက်လုံးများက အမှောင်ထဲသို့ တစ်ချက်ကလေးပင် လှည့်မကြည့်ရဲ။ မတော် တဆမှုအချိန်တွင် တစ်စုံတစ်ရာကို မြင်လိုက်မိပါက စံပီး တစ်ယောက် ထိုနေရာမှာပင် အသက်ပါပျောက်သွားနိုင်လောက် သည်။

မီးဖိုချောင်အတွင်းသို့ မောကြီးပန်းကြီး ပြေးဝင်လာသော စံပီးကိုကြည့်ကာ သူ့အမေက မျက်စောင်းတစ်ချက်လှမ်းထိုး ရင်း...

"ဟောဟိုမှာချိတ်ထားတဲ့ ဒယ်အိုးကို မီးဖိုပေါ် တင်လိုက်..."

စံပီး၏အမေမှာ ရေစစ်သွားသော ထမင်းအိုးအဖုံးကို လက်ဖြင့်သပ်ချလိုက်ပြီး အဖုံးပေါ်သို့ မီးခဲနှစ်ခဲ သုံးခဲကိုတင်ကာ နှပ်နေ၏။ ထို့နောက် စံပီးတင်ထားသော မီးဖိုပေါ်မှ ဒယ်အိုး ထဲသို့ ဆီကလေးစိုရုံလောက်သာ လောင်းထည့်လိုက်ပြီး ဆီကျက် အောင် ခဏစောင့်နေ၏။

စံပီးကတော့ တဗွက်ဗွက်အော်မြည်နေသော သူ့ဗိုက်ကို ဒူးနှင့် ဖိကပ်ထားကာ ကြက်ဥနှစ်လုံးကို ဆုပ်ကိုင်ရင်း ဆားတွင်ထိုင်





စောင့်နေမိသည်။

ခဏအကြာ စံပီးအမေက စံပီးလက်ထဲမှ ကြက်ဥတစ်လုံးကို ယူကာ ဒယ်အိုး၏နှုတ်ခမ်းစောင်းနှင့် ရိုက်ပြီးခွဲလိုက်သည်။

"ခွပ်..."

"ဟင်..."

ခွပ်ခနဲကွဲအက်သွားသော ကြက်ဥအတွင်းမှ ဘာတစ်ခုမှ ပွင့်အန်ထွက်ကျမလာ၊ ပိုပြီးသေချာအောင် ကြက်ဥအခွံကို ထက် ခြမ်းခွဲကြည့်လိုက်ပြန်သည်။

ကြက်ဥအတွင်းမှာတော့ ခြောက်သွေ့နေသော ဖြူစွတ်စွတ် အတွင်းအခွံကိုသာ တွေ့ရသည်။

"ဒါ..ဘယ်လိုဖြစ်တာလဲ၊ ဒီကြက်မကြီးက ပြီးခဲ့တဲ့တစ်သားတုန်းက ဆယ်ကောင်တောင်ပေါက် တာ၊ အနုကြည့်စမ်းပါဦး..."

ပြောပြောဆိုဆို စံပီး၏အမေက နောက်ထပ်ကြက်ဥတစ်လုံး ကို ဒယ်အိုးနှုတ်ခမ်းစောင်းနှင့် ထပ်ပြီးရိုက်ခွဲလိုက်ပြန်သည်။

သည်တစ်ကြိမ် ထပ်ပြီးခွဲလိုက်ပြန်သော ကြက်ဥမှာလည်း အတွင်း၌ ဘာတစ်ခုမှမရှိ။ အခွံချည်းသက်သက်သာဖြစ်နေသည်။

"ဟင်..."

ပြူးကျယ်ဝိုင်းစက်သောမျက်လုံးများဖြင့် စံပီးတို့သားအမိမှာ

www.burmeseclassic.com



အတွင်းတွင် ဘာမှမရှိသော ကြက်ဥနှစ်လုံးကိုကြည့်ကာ မှင်တက်ငေးကြောင်နေမိကြသည်။

"ဒါဟာ...ရိုးရိုးသားသားတော့ မဟုတ်နိုင်ဘူး၊ ဟို..ပုတ်စင်ဘေးမှာ ငါသွားပြီးထောင်ထားတဲ့ အရုပ်ကြီးကပဲ ဒီကြက်ဥတွေကို ဖောက်သောက်ပစ်လိုက်တာလား"

ဆာလောင်နေသော စံပီးတစ်ယောက် ဘာကိုမျှ သတိမရနိုင်လောက်အောင် ဖြစ်သွားသည်။ စံပီး၏အမေမှာလည်း ထမျှောက်မျှောက်ဆူပွက်နေသော ဒယ်အိုးထဲမှ ဆီများကိုကြည့်ကာ ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမတွေ့ကြုံဖူးသော အဖြစ်တို့ကြောင့် တအံ့တသြဖြစ်နေသည်။

စံပီးကတော့ အံ့သြရသည်ထက် သွေးပျက်ချောက်ချားနေသော သူ့အမူအရာကို ဘယ်လိုမှချုပ်တီးထား၍မရတော့ချေ။





အခန်း [ ၆ ]

ပျဉ်းမရွက်အကြွေများ၊ ဝါးရွက်အကြွေများဖြင့် ပြန့်ကျဲနေသော ဘုန်းကြီးကျောင်း၏ ပရဝုဏ်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ တစ်ခါတစ်ရံ တိုးတိုးညင်းညင်း ဝေ့ဝိုက်တိုက်ခတ်လိုက်သော လေပူနွေးနွေးများက သူတို့အားလုံး၏ ထိတ်လန့်ချောက်ချားနေကြသော မျက်နှာများပေါ် ပြတ်ကျလျက်ရှိနေသည်။ ကံမြင့်က ရေတွင်းနံရံကို ကျောကပ်မှီပြီး ထိုင်နေရာမှ...

"ကဲ...အခုတော့ မင်းတို့ ယုံကြပြီမဟုတ်လား"

စံပီး၊ ထက်လူနှင့် ခင်လေးမြင့်တို့ မိန်းကလေးနှစ်ယောက်မှာ ခေါင်းတညိတ်ညိတ်နှင့် ပိုင်ပိုင်နိုင်နိုင် ပြောဆိုနေသော ကံမြင့်၏ အမူအရာကို ဘာတစ်ခွန်းတလေမျှ ပြန်ပြီးစောဒကတက်မနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ထိုသစ်သားပန်းပုရုပ်ကြီးကို စွန့်ပစ်လိုက်ကြရန်သာ စိတ်အားထက်သန်နေကြသည်။

ထက်လူက အညိုအမည်းစွဲနေသည့် သူ့ခြေထောက်ကို ပြန် ငုံ့ကြည့်ပြီး ဘာစကားတစ်ခွန်းမှမပြောဘဲ ကံမြင့်၏ခြေခုံပေါ်မှ မနေ့ကဒဏ်ရာကို မသိမသာလှမ်းကြည့်လိုက်၏။

"ဟင်...ကံမြင့်ခြေခုံပေါ်မှာ ဘာဒဏ်ရာမှ မရှိ တော့ပါလား၊ ဘယ်လိုဖြစ်တာလဲ၊ အံ့သြစရာပဲ၊ ငါ့ ခြေခုံပေါ်က ခလုတ်တိုက်တဲ့ဒဏ်ရာကတော့ ပိုပြီး တောင်ညိုမည်းလာသလိုပဲ"

ထက်လူမှာ တစ်ယောက်တည်းတွေးပြီး အလိုလို ကြက်သီး ထနေ၏။ သူ့အဖြစ်ကိုလည်း ကံမြင့်တို့၊ စံပီးတို့သိအောင် ပြန်ပြောပြမနေတော့ဘဲ တစ်ယောက်တည်း ကျိတ်မှိတ်မျိုသိပ် ထားလိုက်၏။

"ဒါဆို...ငါတို့ ဒီအရုပ်ကြီးကို ဘယ်လိုလုပ်ကြ မလဲ..."

ခင်လေးမြင့်၏စကားကြောင့် ကံမြင့်နှင့် စံပီးတို့မှာ တစ် ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ စံပီးက...

"လွယ်ပါတယ်ကွာ ငါတို့တွေ ဘကြီးဦးထွန်း





မောင်တို့ အလှူအတွက် ထင်းခွဲခြမ်းလုပ်လိုက်တာ ပေါ့။ ပိုက်ဆံတောင်ရသေးတယ်၊ မဟုတ်ဘူးလား"

"မဖြစ်ဘူး...မဖြစ်ဘူးဟေ့ကောင်"

ထက်လူမှာ စံပီး၏စကားကြောင့် ပျာပျာသလဲငြင်းဆန် လိုက်၏။ တကယ်တော့ ထက်လူ၏စိတ်ထဲတွင် ထိုအရုပ်ကြီးကို ဖျက်ဆီးလိုက်ရန် မပြောနှင့် နောက်ထပ်စော်စော်ကားကား စကားလုံးများကိုပင် ထပ်ပြီးမပြောရဲတော့။ နောက်ပြီး သူ့ခြေခုံ ရှိးပေါ်မှ အလိုလိုနေရင်း ရလိုက်သည့် မနေ့ကဒဏ်ရာတို့လည်း အားလုံးရှေ့တွင် ပြန်ပြီးပြောပြရခက်နေသည်။

ထို့နောက် ထက်လူက အားလုံး၏မျက်နှာအမူအရာများကို အကဲခတ်လိုက်ပြီး...

"ငါတို့...ဒီအရုပ်ကြီးကို စပြီးတွေ့တဲ့နေရာမှာပဲ ပြန်ပြီးမြေမြှုပ်လိုက်ရင် ကောင်းမယ်"

ခင်လေးမြင့်နှင့် နုဝါမှာ ထက်လူ၏ အစီအစဉ်ကို သဘော ကျလိုက်ကြပြီး...

"အေး...ဟုတ်တယ်၊ သူ့နေရာသူ ပြန်ထား လိုက်တာ ကောင်းပါတယ်ဟယ်...တော်ကြာ..."

ခင်လေးမြင့်က ပြောလက်စသူ့စကားကို ရပ်တန့်လိုက်ပြီး ပြောကောင်းမဆိုကောင်း ကြုံတွေ့လာမည့် အန္တရာယ်တို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ချောက်ချားနေသလို အမူအရာဖြစ်နေ၏။

နဝါကတော့ ဒီအရုပ်ကြီးနှင့် ပတ်သက်ပြီး မြန်မြန်သာ သူ့နေရာသူ ပြန်ပြီးပို့ချင်နေမိသည်။

ကံမြင့်က စဉ်းစားနေသလိုနှင့် ခဏငြိမ်နေလိုက်ပြီးမှ...

"ကဲ...ဒါဆိုလည်း ဒီနေ့ညပဲ ဟိုနေရာမှာ ပြန်ပြီးသွားမြှုပ်လိုက်ကြတာပေါ့။ ခုနေသွားရင် ရွာထဲက လူတွေက ငါတို့ကို အရုပ်ကြီးနဲ့ပတ်သက်ပြီး မေးလား စမ်းလားတွေလုပ်ဦးမယ်"

ကံမြင့်က ခေါင်းဆောင်နေရာကို ပြန်ရလိုက်သူလို လေသံ ခပ်မြင့်မြင့်ဖြင့်ပြောရင်း ချက်ချင်းစီမံလိုက်၏။ ထို့နောက် စံပီးနှင့် ထက်လူတို့ဘက်သို့လှည့်ကာ...

"မင်းတို့နှစ်ယောက်က ဒီဘုန်းကြီးကျောင်းဝင်း ထဲကို နည်းနည်းမှောင်တာနဲ့ အရုပ်ကြီးကို ပြန်သယ် လာခဲ့။ ခင်လေးမြင့်တို့၊ နဝါတို့က နင်တို့အိမ်က ဓာတ်မီးတို့ ဘာတို့ယူလာခဲ့။ ငါက မြေကြီးတူးဖို့ တူရွင်းပြားယူလာခဲ့မယ်။ ဒီနေရာမှာ အားလုံးပြန်ဆုံ မယ်"

ကံမြင့်၏ အကွက်ကျကျစီမံကွပ်ကဲမှုအောက်တွင် သူတို့ အားလုံး တညီတညွတ်တည်း ခေါင်းညိတ်လိုက်ကြသည်။ ထို့





နောက် သူတို့ငါးယောက် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ အတွေး ကိုယ်စီနှင့် လှည့်ပြန်ထွက်လာခဲ့ကြ၏။ ထက်လူကတော့ ခြေ တစ်ဖက်ဆာတာတာနှင့် တစ်လှမ်းချင်းသာ ဖြည်းဖြည်းလျှောက် လာနေရသည်။

ထိုနေ့ညက ကောင်းကင်တွင် လရောင်ကင်းမဲ့လျက် ညငှက် တို့က ဟိုမှ ဒီမှ တကီးကီးအော်မြည်ပျံသန်းနေကြသည်။ တစ်ချက် တစ်ချက် လေမတိုက်ဘဲ ရွာလမ်းဘေးတစ်ဖက်တစ်ချက်မှ သစ်ပင်ကြီးများက တရှဲရှဲမြည်ကာ ယိမ်းလှုပ်နေကြသည်။ ကံမြင့် တို့သူငယ်ချင်းငါးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဘာ စကားတစ်ခွန်းမှ မပြောမိကြဘဲ အရုပ်မည်းမည်းကြီးကို စပြီး တွေ့ခဲ့သည့် အိမ်ကြီးနားသို့သာ တက်သုတ်ရိုက်ပြီး လျှောက်နေ ကြသဖြင့် ချွေးသံရွှဲရွှဲနှင့် ဖြစ်နေကြသည်။

ကံမြင့်က ခေါင်းဆောင်ပီပီ သူတို့အားလုံး၏ရှေ့မှ သံတူရွင်း ပြားကြီးတစ်လက်ကို ထမ်းကာ ခပ်သုတ်သုတ်လျှောက်နေ၏။ ကံမြင့်၏နောက်တွင် စံပီးက သစ်သားရုပ်ကြီးကို ထက်လူနှင့် တစ်ယောက်တစ်လှည့် ထမ်းရင်း လိုက်ပါလာသည်။ ခင်လေးမြင့် နှင့် နဝါတို့က တစ်ခါတစ်ခါ စံပီးနှင့် ထက်လူကို ကျော်အောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ကံမြင့်နှင့် ဘောချင်းယှဉ်ကာ လျှောက်လိုက်ဖြင့် ရွာလမ်း တစ်လျှောက်လုံး ထိတ်ထိတ်ပျာပျာမျက်လုံးများဖြင့် လိုက်ပါ လာကြသည်။

သူတို့လျှောက်လာရာ ရွာလမ်းတစ်လျှောက် ခွေးအူသံများ က ဆူညံနေ၏။ တစ်ခါတစ်ခါ ထိုခွေးအူသံကြီးတွေက သူတို့ နောက်မှ တကောက်ကောက်ကပ်ပါလာလိုက်၊ ဝေးပြီးကျန်ခဲ့ လိုက်ဖြင့် အမျိုးမျိုးခြောက်လှန့်နေသလိုဖြစ်နေသည်။

ရှေ့ဆုံးမှသွားနေသော ကံမြင့်က အိမ်မည်းမည်းကြီး၏ ရှေ့သို့ ရောက်သောအခါ လက်တစ်ဖက်ကိုမြှောက်ပြလိုက်ရင်း ခဏရပ်တန့်လိုက်၏။ ကျန်သူများအားလုံးမှာလည်း ကံမြင့် ရပ်လိုက်သည်နှင့် ပြိုင်တူရပ်လိုက်ကြသည်။

"ရှူး...တိုးတိုး..."

ကံမြင့်က သူ့ပခုံးပေါ်မှ သံတူရွင်းပြားကြီးကို မြေကြီးပေါ်သို့ အသံမမြည်အောင် ဖြည်းဖြည်းချင်းချလိုက်၏။ ထို့နောက် ပုဆိုး ကို တိုတိုပြင်ဝတ်လိုက်ကာ ဖိနပ်ကိုချွတ်ပြီး သူ့ခါးကြားတွင် အကျအနထိုးသွင်းလိုက်၏။

"ဘုတ်..."

စံပီးကလည်း သူ့ပခုံးပေါ်ထမ်းလာသည့် အရုပ်မည်းမည်း ကြီးကို မြေကြီးပေါ်သို့ချရင်း ဖိနပ်ကို ခါးကြားထဲသို့ ထိုးသွင်း





လိုက်သည်။ ထက်လူက အိမ်မည်းမည်းကြီးကို ကြည့်လိုက်၊ ကံမြင့်နှင့် စံပီးတို့၏ အသံတိတ်အမူအရာတွေကို ကြည့်လိုက်ဖြင့် သူ့ဖိနပ်ကိုလည်း လက်တစ်ဖက်စီတွင် စွပ်ပြီး လျှိုလိုက်သည်။

ခင်လေးမြင့်နှင့် နုဝါတို့၏လက်မှ ဓာတ်မီးအလင်းရောင် မှိန်ပျော့ပျော့က တဆတ်ဆတ်ခါယမ်းနေပြီ။ သူတို့နှစ်ယောက်၏ အသက်ရှူသံတွေက ပြင်းထန်မောဟိုက်နေသလိုဖြစ်နေကြသည်။

သူတို့အားလုံး၏စိတ်ထဲတွင်တော့ ယခုလို လူသံသူသံ တိတ်ဆိတ်နေသော မှောင်မှောင်မည်းမည်းကြီးထဲတွင် တစ်စုံ တစ်ရာနှင့် ဘွားခနဲပက်ပင်းတိုးလိုက်မိပါက လွတ်ရာလွတ် ကြောင်း ခြေကုန်သုတ်ပြေးရန်လည်း အဆင်သင့်ဖြစ်နေကြသည်။

ကံမြင့်က မြေကြီးပေါ်မှ သံတူရွင်းပြားကို ကောက်ယူ လိုက်ပြီး ရှေ့သို့ဆက်ပြီးသွားကြရန် အားလုံးကို ခြေဟန် လက်ဟန်ပြပြီး ခေါ်လိုက်၏။

တစ်ခဏအတွင်းမှာပင် ထိုအရုပ်ကြီးကို စပြီးတွေ့ခဲ့သည့် သစ်မြစ်ဆုံကြီးအနားသို့ သူတို့အားလုံး ရောက်သွားကြသည်။ သစ်မြစ်ဆုံကြီးမှာ သူတို့ခုတ်တွင်ထားသဖြင့် မြေပေါ်တွင် သစ်တို သစ်စများ ဖွာလန်ကြဲနေကာ သစ်မြစ်ဆုံကြီးတစ်ခုနှင့်ပင် မတူ တော့ဘဲ မြေပေါ်တွင် ပြားပြားဝပ်လျက် အနည်းငယ်သာကျန် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကံမြင့်က သစ်မြစ်ဆုံကြီး၏အောက်မှ ပွယောင်းယောင်းဖြစ်နေသော မြေကြီးများကို သံတူရွင်းပြားဖြင့် စပြီးတူးတော့သည်။ "ဒုတ်...ဒုတ်...ဒုတ်" ကံမြင့်တူးနေစဉ် စံပီးနှင့်ထက်လူမှာလည်း မြေစိုင်ခဲများကို လက်ဖြင့်မ,ကာ ကြွင်းနှုတ်ခမ်းပေါ်သို့ ပစ်တင်နေကြသည်။ သစ်မြစ်ဆုံ ကြွင်းကြီးထဲ သူတို့ မြေဖို့ရုံသာ ဖို့ထားခဲ့သဖြင့် အနည်းငယ်အားစိုက်ရုံနှင့် တစ်ခဏအတွင်းမှာပင် သုံးလေးတောင်မျှ အောက်သို့နက်သွား၏။

ထိုစဉ်...

သူတို့အားလုံး၏အပေါ်သို့ အားကောင်းသော အလင်းရောင်တစ်ခုက ဖျတ်ခနဲကျရောက်လာသည်။ ထိုအလင်းရောင်နှင့်အတူ အသံသြသြကြီးတစ်ခုကိုလည်း ကြားလိုက်ရ၏။

"ဟိတ်..."

"အောင်မလေး..."

ပြိုင်တူလန့်ပြီးအော်လိုက်သံတွေက သွေးပျက်မတတ်ကျယ်လောင်သွားသည်။ ကံမြင့်၊ ထက်လူနှင့် စံပီးမှာ မြေစိုင်ခဲများကို လက်ထဲတွင်ဆုပ်ထားရင်း ကြက်သေသေနေမိကြသည်။ ခင်လေးမြင့်နှင့် နုဝါမှာ ကံမြင့်တို့၊ ထက်လူတို့၏ လက်မောင်းများကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရင်း ထိုနေရာမှ ထမြေ





သွားရန်ပင် မတတ်နိုင်တော့တဲ့ ဒူးခေါင်းများက ပျော့ခွေညွတ်ကျသွားကြသည်။

"မင်းတို့...ငါ့ခြံထဲက ဘာတွေလာခိုးကြတာလဲ...မပြေးနဲ့"

ထိုအသံကြီးနှင့်အတူ တဝင်းဝင်းနှင့် အားကောင်းသော မီးရောင်ကြီးက ကံမြင့်တို့ရှိရာဆီသို့ တစ်ဟုန်ထိုး ပြေးလာနေသည်။

ထိုအသံကြီးက သူတို့အနားသို့ရောက်သောအခါ ကံမြင့်တို့အားလုံးမှာ မဝံ့မရဲဖြင့် လှမ်းကြည့်လိုက်ကြ၏။

သူတို့၏မျက်နှာများပေါ် ထိုးထားသော အလင်းရောင်၏နောက်တွင် ဆံပင်များ ဖွာလန်ကြဲနေပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ညစ်တီးညစ်ပတ် အဘိုးအိုကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့ကိုယ်တွင် ဝတ်ဆင်ထားသော ကုတ်အင်္ကျီဖားဖားကြီးအောက်မှ ချဉ်စုတ်စုတ်အနံ့အသက်တို့ကလည်း ထောင်းထောင်းထလျက် နံစော်နေ၏။ ထိုအဘိုးအိုကြီးကို သူတို့ရွာထဲတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးကြ။

"ဟေ့ကောင်လေးတွေ ငါမေးနေတယ်လေ၊ မင်းတို့ ဒီမှာ ဘာလာခိုးကြတာလဲ"

နောက်တစ်ကြိမ်အော်ငေါက်ပြီး မေးလိုက်သံကြီးက ကံမြင့်



www.burmeseclassic.com

www.burmeseclassic.com



တို့အုပ်စုကို ချက်ချင်းပင် ခုန်အုပ်တော့မလို တုန်တုန်ယင်ယင်ဖြစ်နေသည်။

ကံမြင့်က ထိုအဘိုးအိုကြီးကို သေသေချာချာပြန်စိုက်ကြည့်ပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်ပြောလိုက်သည်။

"မ...မဟုတ်ပါဘူး ဘကြီး၊ ကျွန်တော်တို့ ဘာပစ္စည်းမှ လာခိုးတာမဟုတ်ပါဘူး"

"ဘာ...ငါ့မျက်စိနဲ့ တပ်အပ်မြင်နေတာတောင်မင်းတို့က ကြောင်လိမ်ချင်သေးတာလား"

ပြောပြောဆိုဆို အဘိုးအိုကြီးက ကံမြင့်တို့၏ရှေ့သို့ အနည်းငယ်တိုးကပ်လာသည်။ ထက်လူက အဘိုးအိုကြီးကို လက်တကာတာက တပြင်ပြင်ဖြင့်...

"ကျွန်...ကျွန်တော်တို့ ဘာမှလာခိုးတာ မဟုတ်ပါဘူး။ ပြန်...ပြန်လာထားတာပါ၊ နောက်ပြီး...ဒီနေရာက ဘဘကြီးတို့ပိုင်တဲ့ခြံမှန်းလည်း မသိလို့ပါ။ ရွာလမ်းဘေးနဲ့ ကပ်နေတော့ ရွာလမ်းပေါ်က မြေနေရာပဲ အောက်မေ့လို့ပါ"

ထက်လူ၏စကားအဆုံးတွင် ထိုအဘိုးအိုကြီးက သူ့လက်မှဓာတ်မီးကို ခပ်လှမ်းလှမ်းမှ ဩဇာသီးပင်များရှိရာသို့ လှမ်းထိုးပြရင်း...





"ဒီမှာ...ဟောဟိုဩဇာပင်တွေကနေ ဒီနေရာအထိ ငါ့ခြံပဲ"

"ဟုတ်ကဲ့ပါ ဘဘကြီး၊ သမီးတို့ မသိလို့ပါ၊ တောင်းပန်ပါတယ်"

ခင်လေးမြင့်နှင့် နဝါတို့မှာလည်း အဘိုးကြီးကို စကားနည်းရန်စဲဖြစ်အောင် ဝင်ပြီးတောင်းပန်ပြောဆိုနေကြသည်။

ဓာတ်မီးအလင်းရောင်က မေးရိုးအောက်မှ ပင့်ထိုးထားသလိုဖြစ်နေသဖြင့် အဘိုးကြီး၏ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးဖြူဖြူများ၏အပေါ်မှ နှာခေါင်းပေါက်ကြီးနှစ်ပေါက်မှာ လိုင်ဂူပေါက်ကြီးနှစ်ပေါက်လို ဖြစ်နေသည်။ နောက်ပြီး သူ၏မျက်နှာမှာဖြူဖပ်ဖြူရော်ဖြစ်နေပြီး သရဲတစ္ဆေတစ်ကောင်နှင့်ပင် ပိုပြီးတူနေသည်။

ထိုအဘိုးကြီးက ကံမြင့်တို့အားလုံး၏ မျက်နှာများကို ဓာတ်မီးဖြင့်ထိုးပြီး အသေအချာကြည့်နေ၏။ ပြီးမှ...

"နေပါဦး...မင်းတို့က ဘာကိုပြန်လာထားကြတာလဲ"

ထိုအဘိုးအိုကြီးက ပြောပြောဆိုဆို ကံမြင့်တို့ထိုင်နေရာဘေးပတ်ပတ်လည်သို့ သူ့ဓာတ်မီးကြီးဖြင့် လှည့်ပတ်ထိုးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

အမှောင်ထဲတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသော သစ်သားမန်းပုရုပ်မည်းမည်းကြီးကို တွေ့သွားကာ သူ့မျက်နှာတစ်ခုလုံး သွေးပျက်မတတ် အံ့သြတုန်လှုပ်သွားတော့သည်။

"မင်း...မင်းတို့ ဒီအရုပ်ကြီးကို ဘယ်ကရတာ လဲ..."

ထိုအခါ ကံမြင့်က အရုပ်ကြီးကို စပြီးတူးယူခဲ့သည်မှ အရုပ်ကြီးနှင့်ပတ်သက်သမျှအကြောင်းတို့ကို အဘိုးအိုကြီးအား ပြန်ပြောပြလိုက်တော့သည်။ ကံမြင့်၏စကားအဆုံးတွင် အဘိုးအိုကြီး၏မျက်နှာမှာ ချုံးချုံးကျ ကျဆင်းသွားပြီး...

"သြော်...ငါ့ဘဝကို ဖျက်ဆီးခဲ့တဲ့သင်းက အခု အချိန်အထိတောင် ငါ့နောက်မှာ တကောက်ကောက် လိုက်ပြီး ဒုက္ခပေးဖို့လုပ်နေတုန်းပါလား"

ရုတ်တရက်ကြားလိုက်ရသော အဘိုးအိုကြီး၏စကားကြောင့် ကံမြင့်တို့တစ်သိုက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြရင်း ဘာတစ်ခုမှ နားမလည်သလို ဖြစ်ကုန်ကြသည်။

"အင်း...ဒီအဘိုးကြီးက ရွာထဲမှာ ဘယ်သူနဲ့မှ အဆက်အဆံမလုပ်ဘဲ သူ့ဘာသာသူ ဒီအိမ်မည်းမည်း





ကြီးထဲမှာပဲနေပြီး လူတွေကိုအတွေ့မခံတာ အကြောင်း တစ်ခုခုတော့ရှိမှာပဲ။ အထူးသဖြင့် ဟောဒီအရုပ်မည်း မည်းကြီးနဲ့ရော ဘယ်လိုပတ်သက်နေတာလဲ..."

အားလုံးက အဘိုးအိုကြီးကိုကြည့်ရင်း စိတ်ဝင်စားသွားကြသည်။ နောက်ပြီး ဒီအရုပ်ကြီးနှင့် ပတ်သက်နေပုံကိုလည်း သိချင်နေမိကြသည်။ ကံမြင့်က...

"ဘဘကြီးကို ဒီအရုပ်ကြီးက ဘာလုပ်ခဲ့လို့လဲ ဟင်..."

ကံမြင့်၏အမေးကို အဘိုးအိုကြီးက ချက်ချင်းမဖြေသေးဘဲ သူ့အိမ်မည်းမည်းကြီးရှိရာသို့ ညိုမှောင်ရီဝေနေသော မျက်လုံးများဖြင့် မှေးစင်းပြီးကြည့်နေ၏။ ခဏကြာမှ...

"အေးလေ...ငါ့မြေးတွေ သိချင်နေတော့လည်း အဘိုးက ပြောပြရတော့မှာပေါ့"

ကံမြင့်တို့တစ်သိုက်အပေါ် ချက်ချင်းပင် အခေါ်အဝေါ် ပြောင်းသွားသော ထိုအဘိုးကြီး၏ မျက်ဝန်းများက ရင်းရင်းနှီးနှီး ပင် ဖြစ်လာသလိုထင်ရသည်။ ခင်လေးမြင့်နှင့် နုဝါတို့မှာတော့ ထိုအဘိုးကြီး၏ အခေါ်အဝေါ်တွေ ပြောင်းသွားသည့်လေသံကို အန္တရာယ်တစ်စုံတစ်ရာပေးမည်လားဟုထင်ပြီး သံသယဖြစ်မိနေကြတုန်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ...အဘိုးရဲ့အိမ်ကို လိုက်ခဲ့ကြ၊ ဟို ရောက်တော့ ပြောပြတာပေါ့"

အဘိုးအိုက သူ့ခြေလှမ်းများကို အိမ်မည်းမည်းကြီးရှိရာဆီသို့ ဦးတည်လိုက်ပြီး ကံမြင့်တို့အားလုံးကို ခေါ်နေ၏။

စံပြီး၊ ထက်လူနှင့် ကံမြင့်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ထိုအဘိုးကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားကြရန် ချီတုံချတုံဖြစ်နေကြသည်။ ခင်လေးမြင့်နှင့် နုဝါတို့က ကံမြင့်တို့သုံးယောက်ကို လက်တပြင်ပြင် တကုတ်ကုတ်နှင့် တားနေကြ၏။

ထို့နောက် စံပြီးက...

"လာပါကွာ...တို့သိချင်နေတဲ့ ဒီအရုပ်ကြီးရဲ့ အကြောင်းကို သိရပြီးရင် ချက်ချင်းပြန်ကြတာပေါ့... လာ...သွားကြစို့"

သူတို့အားလုံး ထိုအဘိုးအိုကြီး၏နောက်သို့ လိုက်ပါသွားကြရန် ခြေလှမ်းမြင်လိုက်စဉ်မှာပင် အဘိုးကြီးက သူ့အိမ်မည်းမည်းကြီး၏ ရှေ့မှ အဝင်ပေါက်ဆီသို့ပင် ရောက်နေပြီဖြစ်သည်။

■





## အခန်း [ ၇ ]

မည်းမှောင်တိတ်ဆိတ်နေသော အိမ်ကြီးအတွင်းသို့ သူတို့ လှမ်းဝင်လိုက်စဉ် ညှီစို့စို့ပုပ်အဲ့အဲ့အနံ့ကြီးက နှာခေါင်းအတွင်းသို့ တိုးပြီးဝင်လာသည်။ ထိုအိမ်မည်းမည်းကြီး၏ အောက်ထပ်တစ်ခု လုံးမှာ ဝါးခြမ်းများဖြင့် ရက်လုပ်ထားသည့် ကွပ်ပျစ်ကြီးတစ်ခု ရှိပြီး ထိုကွတ်ပျစ်ကြီးပေါ်တွင် ထန်းချောဖြာသုံးလေးချပ်ကို ခင်းထားသည်ကို တွေ့ရ၏။

အဘိုးအိုက ရေနံဆီမှန်အိမ်ကို မီးထွန်းညှိလိုက်ပြီး မီးစာကို အနည်းငယ်မြှင့်တင်လိုက်သဖြင့် အိမ်ကြီး၏အောက်ထပ်တစ်ခု လုံးမှာ အတော်အတန်ပင် လင်းထိန်သွား၏။ ထို့နောက် အဘိုး အိုက ဝါးကွပ်ပျစ်ကြီးပေါ်သို့ လက်ညှိုးထိုးပြရင်း...

www.burmeseclassic.com



"ကဲ... အဲဒီပေါ်မှာထိုင်ကြ လူလေးတို့၊ အဘိုး ရေနွေးကြမ်းယူလိုက်ဦးမယ်"

အိမ်ကြီး၏နောက်ဘက် အမှောင်အတွင်းသို့ တိုးဝင်သွားသော အဘိုးအို၏ကျောပြင်ကို ကြည့်လိုက်ကြကာ ခင်လေးမြင့်နှင့် နုဝါတို့က ကံမြင့်တို့သုံးယောက်ကို လေသံတိုးတိုးဖြင့် တဗျစ်တောက်တောက်ပြောဆိုနေကြသည်။

"နင်တို့ကလည်း ဒီအရပ်ကြီးအကြောင်း မသိရလဲ ဘာဖြစ်လဲ၊ ဒီအိမ်ကြီးက ဘာကြီးမှန်းလဲသိတာမဟုတ်ဘူး"

"အေးလေဟယ်...ငါတို့နှစ်ယောက်က မြင်မြင်ထင်ထင်သာဆိုရင် ကိုယ့်ဘာသာကိုယ် နောက်လှည့်ပြန်တယ်သိလား၊ ဒီကို လုံးဝမလိုက်ချင်ဘူး"

နုဝါနှင့် ခင်လေးမြင့်မှာ ကံမြင့်တို့သုံးယောက်၏နောက်တွင် ကျုံ့ကျုံ့ကလေးဝင်ထိုင်ရင်း မျက်စောင်းတထိုးထိုးဖြင့် ရန်လုပ်နေကြသည်။ သူတို့နှစ်ယောက်၏ မျက်လုံးများမှာလည်း အိမ်ကြီးအတွင်းသို့ ကျီးကန်းတောင်းမှောက် လှည့်ပတ်ကြည့်နေကြသည်။

သူတို့ငါးယောက် ဝါးကွပ်ပျစ်ပေါ်ထိုင်ရင်း တိုးတိုးကျိတ်ကျိတ်ပြောဆိုနေတုန်း အဘိုးအိုက အိမ်အတွင်းမှ ပြန်ထွက်လာ၏။ ထို့နောက် သူ့လက်ထဲမှ ပဲကြီးလှော်ထည့်ထားသည့်





ပန်းကန်ပြားနှင့် ရေနွေးကြမ်းအိုးကို ကံမြင့်တို့ရှေ့သို့ ချပေးလိုက်ရင်း ဝင်ထိုင်လိုက်သည်။

အဘိုးအိုက မလှမ်းမကမ်းမှ ဆေးတံကို ကောက်ယူကာ ဝါးကြမ်းပြင်ပေါ်တွင် ဆေးကြေးများကို တဒေါက်ဒေါက်နှင့် ခေါက်ချလိုက်ပြီး...

"အင်း...ဒီအကြောင်းပြောရမယ်ဆိုရင်တော့ ဟိုးလွန်ခဲ့တဲ့ အနှစ်လေးဆယ်သာသာလောက်ကပေါ့၊ အဘိုးဟာ လယ်ဝန်ထောက်မင်း ဦးလှကျော်ဘဝနဲ့ ရွာတွေ မြို့တွေကို အမတော်ကြေးကိစ္စနဲ့ လှည့်ပတ်ပြီး သွားခဲ့ရတယ်ကွဲ့"

ကံမြင့်၊ ထက်လူနှင့် စံပီးတို့မှာ ဝန်ထောက်မင်း ဖြစ်ခဲ့ပါသည်ဟု ဆိုနေသော သူတို့ရှေ့မှ စုတ်စုတ်ပြတ်ပြတ်နှင့် ညစ်ပတ်စော်နေသော ဦးလှကျော်ဆိုသည့် အဘိုးကြီးကိုကြည့်ကာ ...ယ်ချင်မောချင် ပြောင်ချင်လှောင်ချင်စိတ်ကို မနည်းပင်မျိုချထားကြသည်။ သူတို့၏စိတ်ထဲတွင်လည်း ထိုအဘိုးကြီးမှာ စိတ်ထဲ...င်ရာကို ကယောက်ကယက်ဖြင့် လျှောက်ပြီးပြောဆိုနေသည်ဟု ...င်နေမိကြသည်။

ထိုဦးလှကျော်ဆိုသည့် အဘိုးကြီးမှာ အသက်ခုနစ်ဆယ်...န်းကျင်ခန့်ရှိပြီး သူ၏နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ၏ကြား



www.burmeseclassic.com

www.burmeseclassic.com



တွင် ရွှေသွားတစ်ချောင်းက အကောင်းပကတိရှိနေပြီး ကျန်သွားများအချို့မှာ ကြေးအထပ်ထပ်နှင့် ကျိုးသည့်သွားကကျိုး၊ ယိုင်သည့်သွားက ယိုင်နဲ့နေသည်။

ထို့နောက် အဘိုးအိုက သူ့စကားကို ဆက်ပြန်၏။

"အဲဒီလို လှည့်လည်သွားနေခဲ့ရာကနေပြီး စစ်တောင်းမြစ်ကမ်းနဖူးက အိုးဘိုဆိုတဲ့ ရွာကလေးတစ်ရွာမှာ တစ်လကျော်ကျော်လောက် တာဝန်ကျခဲ့တယ်။ တစ်လဆိုတဲ့အချိန်က အဲဒီရွာမှာရှိတဲ့ လူတွေတော်တော်များများနဲ့ ရင်းနှီးခဲ့ရတယ်ပေါ့ကွာ။ ဒါပေမဲ့ အဘိုးက ဘယ်သူ့အိမ်မှာမှ မတည်းဘဲ ရွာအစွန်က ဘုန်းကြီးကျောင်းမှာပဲ တည်းခဲ့တယ်။ ဆရာတော်ကလည်း အဘိုးကို သူ့ဒကာရင်း၊ မိတ်ရင်းတွေလိုပဲ အားကိုးခင်မင်နေရှာတယ်လေ"

အဘိုးအို၏မျက်လုံးများမှာ မှုန်ရီမှေးစင်းနေလျက် အတိတ်ကို ပြန်ပြီးတမ်းတမ်းတတဖြစ်နေပုံရသည်။ ထို့နောက် ရေနွေးကရားထဲမှ အေးစက်စက်ရေနွေးများကို ပန်းကန်လုံးလေးထဲသို့ ငှဲ့ချလိုက်သည်။

ကံမြင့်၊ စပီးနှင့် ထက်လူတို့မှာ ထိုအဘိုးအိုကြီးနှင့် သစ်သားပန်းပုရုပ်မည်းမည်းကြီးတို့ ပတ်သက်နေသည်ဆိုသည့် အကြောင်း





ကိုသာ မြန်မြန်ကြားချင်နေကြသည်။

အဘိုးကြီးဦးလှကျော်မှာ ရေနွေးကြမ်းတစ်ငုံသောက်လိုက်ပြီး ပန်းကန်ပြားထဲမှ ပဲကြီးလှော်များကို လက်ဖြင့်ဆုပ်ကာ ကောက်ယူစားလိုက်သည်။

"ကဲ...စားကြဦးဟေ့၊ အဘိုးမှာကလည်း လူလေးတို့ကို ဧည့်ခံစရာဆိုလို့ ဒီပဲကြီးလှော်တွေပဲ ရှိတယ်...ဟား...ဟား..."

ထို့နောက် အဘိုးကြီးဦးလှကျော်မှာ ယိုင်နဲ့နေသည့် သူ့သွားများဖြင့် ပဲကြီးလှော်များကို တဖြည်းဖြည်းချင်း ဝါးနေတော့သည်။

"ငါတို့သိချင်နေတဲ့ အရုပ်ကြီးအကြောင်းကို မပြောဘဲ ဟိုဇေ့ဒီဝိုက်နဲ့ အခုလည်းကြည့်လေ...သွားမရှိဘဲနဲ့ ပဲကြီးလှော်တွေ ကောက်ဝါးနေပြန်ပြီ"

ကံမြင့်မှာ အဘိုးကြီးကို ကြည့်ရင်း သိပ်စိတ်မရှည်တော့။ ထက်လူက ရှေ့တွင်ချထားသော ပဲကြီးလှော်ပန်းကန်ကို လက်တစ်ဖက်ဖြင့် လှမ်းနှိုက်လိုက်၏။ ထက်လူလှမ်းနှိုက်လိုက်သော လက်၏ လက်ကောက်ဝတ်တွင် သူ့ဖိနပ်တစ်ဖက်က အခုအချိန်အထိ စွပ်လျက်ပင်ရှိနေသေးသည်။ ခင်လေးမြင့်နှင့် နဝါတို့မှာ ဖင်တကြွကြွဖြင့် အိမ်ပြန်ကြဖို့သာ စိတ်ကူးနေကြသည်။

"ပြောပါဦး...ဘဘကြီး၊ အဲဒီသစ်သားရုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီးဆီကို ဘယ်တုန်းကရောက်လာတာလဲ”

စံပီးက စိတ်မရှည်တော့ဘဲ အဘိုးကြီးဦးလှကျော်ကို စကား လမ်းကြောင်း ပြန်ပြီးစလိုက်၏။ အဘိုးကြီးမှာ ပဲကြီးလှော်များထို မြုံ့နေရင်း...

“အေးကွယ်...အဲဒီတုန်းက ဘဘကြီးက လယ် ဝန်ဖြစ်ပြီးကာစ၊ အသက်အစိတ်ကျော်ကျော်လောက် မှာပေါ့။ အဲဒီနှစ်ကပဲ ဘဘကြီး အိမ်ထောင်ကျတယ် လေ။ ဘဘကြီးရဲ့ မိန်းမနာမည်က မခင်မှုံတဲ့။ အိမ်ထောင်ကျပြီးလို့ ရက်ပိုင်းပဲရှိသေးတယ်ထင်ပါရဲ့၊ အဲဒီစစ်တောင်းမြစ်ဆားက အိုးဘိုဆိုတဲ့ ရွာကလေးကို တာဝန်ကျပြီး သွားရတာပဲ။ ညားကာစလင်မယား ဆိုတော့ အဘိုးက ဘယ်ခွဲပြီးသွားချင်ပါ့မလဲ၊ အိမ်မှာ ကျန်နေခဲ့တဲ့ ခင်မှုံကို သတိရလိုက်တာမှ ပြောမနေပါ နဲ့ကွာ။ ဪ...နေဦး၊ လူလေးတို့ကို အဘိုးတို့ လင်မယား ညားကာစက ရိုက်ထားတဲ့ ဓာတ်ပုံလေး ပြဦးမယ်”

ပြောပြောဆိုဆို အဘိုးကြီးက အိမ်အတွင်းဘက်ဆီသို့ ထသွားပြန်သည်။ စံပီးနှင့် ထက်လူတို့မှာ အဘိုးကြီးဦးလှကျော် ထိုင်ရာမှ ထသွားသည်နှင့်...





“တောက်!...ငါ့နှယ်ကွာ...အရုပ်ကြီးအကြောင်း သိချင်လို့ မေးမိပါတယ်၊ သူ့မိန်းမနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မဆီမဆိုင် ထုတ်ပြဦးမယ်တဲ့”

ကံမြင့်က ပန်းကန်ပြားထဲမှ ပဲကြီးလှော်များကို လက်တစ် ဆုပ်စာ လှမ်းနှိုက်ယူလိုက်ပြီး ခင်လေးမြင့်နှင့် နုဝါတို့လက်ထဲသို့ ထည့်ပေးလိုက်၏။ ဘာပဲပြောပြော ယခုအချိန်တွင် ခင်လေးမြင့် နှင့် နုဝါတို့မှာ အဘိုးကြီး၏ မဆီမဆိုင်အကြောင်းများကို နား ထောင်ချင်ဘဲ ထောင်နေရသဖြင့် အတော်ကလေးစိတ်ပျက်နေ ကြပေလိမ့်မည်။

ခဏအကြာ အဘိုးကြီးဦးလှကျော်မှာ သားရေဖြင့်ဖုံးအုပ် ထားသော စာအုပ်ဟောင်းလေးတစ်အုပ်ကို လက်ဖြင့်ပွတ်သပ်ရင်း ယူလာ၏။ ထို့နောက် သံချိတ်တွင် ချိတ်ဆွဲထားသော ရေနံဆီ မီးအိမ်လေးကို ဖြုတ်ယူလိုက်ကာ ကံမြင့်တို့ရှိရာသို့ လျှောက် လာသည်။

“ဒီမှာလေ...ဒါ...အဘိုးတို့လင်မယား ညား ကာစက ရိုက်ထားတဲ့ ဓာတ်ပုံပေါ့...”

အဘိုးကြီးဦးလှကျော်မှာ သားရေပြားဖုံးအုပ်ထားသော အုပ်ထူထူကြီးကို တရှမ်းရှမ်းနှင့်လှန်ပြီး မသဲမကွဲမြင်နေရသော ပြုံးအမည်း ဓာတ်ပုံတစ်ပုံကို လက်ညှိုးဖြင့်ထိုးပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံမြင့်တို့အားလုံးမှာ အဘိုးကြီးလက်ညှိုးထိုးပြနေသော ဓာတ်ပုံကို ခေါင်းချင်းဆိုင်ပြီး ငုံ့ကြည့်လိုက်ကြသည်။ ထိုသား ပြား ဖုံးအုပ်ထားသော စာအုပ်ပွယောင်းယောင်းကြီးအတွင်း စာရွက်ညိုညစ်ညစ်ပေါ်တွင် ဓာတ်ပုံ၏အနားလေးထောင့်စလုံး ဝင်နိုင်ရုံ လေးဘက်လေးတန် ဓားဖြင့်လှီးဖောက်ထားပြီး ဓာတ် ကို အတွင်း၌ ထိုးညှပ်ထား၏။ ဓာတ်ပုံ၏ဆေးသားများ တော်တော်လေးပျက်စီးနေပြီး အဖြူကွက်များ အကွက်လိုက် အကွက်လိုက်ဖြစ်နေ၏။ ထိုသို့မသဲမကွဲဖြစ်နေသော ဓာတ် ပုံ ယောင်းလေးမှာ အဘိုးကြီးဦးလှကျော်၏ ငယ်ရုပ်နှင့် သူ့မိန်း မခင်မှုံတို့၏ မျက်နှာများက အနည်းငယ်ထင်ထင်ရှားရှား ဖြစ် သည်။ ဓာတ်ပုံထဲတွင် ဦးလှကျော်က မခင်မှုံ၏ဘေးတွင် ပခုံး လက်တစ်ဖက်က တင်ထားကာ ယှဉ်ရပ်နေပြီး သူတို့နှစ်ယော စလုံးမှာ ကိုယ်ကို အနည်းငယ်တိမ်းစောင်းထားကြ၏။

မခင်မှုံမှာ ဦးလှကျော်ထက် အသက်အနည်းငယ် ငယ်ပုံ မျက်နှာဝိုင်းဝိုင်းနှင့် ကိုယ်လုံးကိုယ်ဟန် ပြေပြစ်ကာ အ အတန်ကြည့်ကောင်းသူတစ်ယောက် ဖြစ်သည်။ ထို့နောက် အ ကြီးဦးလှကျော်မှာ သူ့အကျီညစ်ထေးထေးကြီး၏ လက်မောင်း တစ်ဖက်နှင့် မှုန်မှိုင်းမှိုင်းဖြစ်နေသော သူ့မျက်အိမ်အတွင် မျက်ရည်စတို့ကို ထိတို့သုတ်လိုက်ပြီး တုန်တုန်ယင်ယင်အ





ကြီးဖြင့်...

"တကယ်တော့ ခင်မှုံကလေး သေရတာ ဘဘ ကြီးကြောင့်လို့ ပြောရင် ရသလို ဒီမိစ္ဆာအရုပ်ကြီး ကြောင့်လို့ ပြောရင်လည်း ရတယ်"

"ဗျာ..."

ကံမြင့်တို့တစ်သိုက်မှာ အဘိုးကြီးဦးလှကျော်၏ စကား ကြောင့် ပြိုင်တူတအံ့တဩဖြင့် ရေရွတ်မိလိုက်ကြသည်။

"ဘယ်လိုဖြစ်ရတာလဲဘဘကြီး၊ အဲဒီအရုပ်ကြီး က တကယ်အသက်ရှိနေတာပေါ့...ဟုတ်လား"

စံပီးက အဘိုးကြီးဦးလှကျော်၏စကားအဆုံးတွင် ပျာပျာ သလဲမေးလိုက်၏။

ခင်လေးမြင့်နှင့် နုဝါတို့မှာ ကံမြင့်တို့သုံးယောက်၏ နောက် ားတွင် ထိုင်နေရာမှ ရှေ့သို့ တဖြည်းဖြည်းတိုးကပ်လာသည်။

"ဒီလိုကွဲ...အဲဒီသစ်သားပန်းပုရုပ်ကြီးကို အိုးဘို ရွာက အဘိုးတည်းတဲ့ ဘုန်းကြီးကျောင်းမှ စပြီးတွေ့ခဲ့ တာပဲ။ အဘိုးက ဟိုးအရင်ကတည်းက ထူးထူး ခြားခြားထုထားတဲ့ ပန်းပုရုပ်တွေကို စိတ်ဝင်စားတယ်။ စုလည်းစုဆောင်းတယ်။ အဘိုး တကယ်ကြိုက်တဲ့ အရုပ်ဆို ဘယ်လောက်တန်ဖိုးကြီးကြီး ငွေတွေပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်ရလို့လည်း မနေခြောဘူး"

ကံမြင့်တို့အားလုံးမှာ အဘိုးကြီးဦးလှကျော်၏ မျက်နှာကို ကြည့်ရင်း စိတ်ဝင်တစားနှင့် နားထောင်နေကြသည်။ ထို့နောက် အဘိုးကြီးဦးလှကျော်က သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန်ကြီးချလိုက်ရင်း...

"အဘိုး...အဲဒီရွာက ဘုန်းကြီးကျောင်းကို စပြီး ရောက်တဲ့နေ့မှာပေါ့..."

အဘိုးကြီးဦးလှကျော်မှာ ပန်းပုရုပ်ကြီးကို စပြီးတွေ့ခဲ့ရပုံကို တစ်ခုချင်းစီ မှတ်မှတ်ရရဖြင့် ပြန်ပြောပြနေတော့သည်။

"ကျုပ်တို့ရွာကို ဝန်ထောက်မင်း ရောက်လာမယ် ဆိုကတည်းက နေရာထိုင်ခင်းကိစ္စနဲ့ စားဖို့သောက်ဖို့ ကို ဟောဒီက ကပ္ပိယကြီးကို ဦးပဉ္စင်းက ကြိုပြီးစီစဉ် ခိုင်းထားတာ"

ခရီးရောက်မဆိုက် အိုးဘိုရွာမှ ကျောင်းထိုင်ဆရာတော်က ကိုလှကျော်တို့လူစုကို ဧည့်ဝတ်ပြုလိုက်သည်။

"မှန်ပါဘုရား၊ တပည့်တော်တို့တွေလည်း ဒီရွာ မှာ မြေယာတွေ အရှုပ်အရှင်းမရှိရင် အခြားကိစ္စတွေ အကုန်လုံးက တစ်ပတ် နှစ်ပတ်လောက်ဆို အပြီး သတ်သွားမယ်ထင်ပါရဲ့..."





ကိုလှကျော်တို့အဖွဲ့မှာ အမတော်ကြေးပေးရန် တာဝန်အပြင် လယ်ယာမြေ အရှုပ်အရှင်းပြဿနာများနှင့် ဓားမဦးချ မြေနေရာ တို့ကို တိုင်းထွာသတ်မှတ်ပေးရသည့် တာဝန်များ ရှိလေရာ အနည်းဆုံးတော့ ဒီအိုးဘိုဆိုသည့်ရွာတွင် တစ်ပတ် နှစ်ပတ်ခန့် ကြာမည်ဖြစ်သည်။

ကိုလှကျော်မှာ ကျောင်းထိုင်ဆရာတော်ကို ဝပ်ချကန်တော့ လိုက်ရင်း သူနှင့်ပါလာသည့်သူများကိုပါ မိတ်ဆက်ပေးလိုက် သည်။

"ဒါက တပည့်တော်ရဲ့ ငွေကိုင်စာရေးလေး မောင်ကောင်းစံပါ။ ဟောဟိုဘက်က ပုလိပ်နှစ် ယောက်ကတော့ တပည့်တော်နဲ့အတူ အထက်က တာဝန်ပေးလိုက်တဲ့သူတွေပါဘုရား"

ကိုလှကျော်နှင့်အတူပါလာသော ပုလိပ်နှစ်ယောက်မှာ သူတို့ လက်ထဲမှ ရိုင်ဖယ်သေနတ်များကို မနီးမဝေးမှ ကျွန်းတိုင် လုံးကြီးတစ်ခုတွင် မှီထောင်လိုက်ပြီး ဆရာတော်ကို ဦးချ ကန်တော့လိုက်ကြသည်။

"အေးကွယ်...ဒီရွာမှာတော့ လယ်လုပ်စားတဲ့ သူတွေက ခပ်ရှားရှားရယ်ပါ။ တော်တော်များများ ကတော့ တံငါအလုပ်ပဲ လုပ်ကြတာပဲ။ ခက်တာက...



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း အကုသိုလ်အလုပ်ကိုမှ ရွေးပြီး လုပ်ချင်ကြတာပဲကိုး”

ကျောင်းထိုင်ဆရာတော်မှာ ပခုံးပေါ်သို့ သင်္ကန်းကို ပတ်တင်လိုက်ပြီး ကိုလှကျော်တို့ရှေ့မှ ဖျာကြမ်းပေါ် လာပြီးထိုင်လိုက်သည်။

ကိုလှကျော်မှာ ထိုဘုန်းကြီးကျောင်းကြီး တစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်၏။ ဘုန်းကြီးကျောင်းမှ ကျက်သရေခန်းထဲတွင် ရောင်စုံပန်းများက လန်းဆန်းနေလျက်။ ထိုပန်းတို့ ထိုးစိုက်ထားသော ကြွေပန်းအိုးကြီးများမှာ အစဉ်မပြတ် တိုက်ချွတ်ထားသဖြင့် တပြောင်ပြောင် တလက်လက်ဖြစ်နေသည်။

ကျောင်းမှတိုင်လုံးကြီးများမှာ နှစ်ပေါင်းတော်တော်ကြာက ဆောက်ထားခဲ့ဟန်တူပြီး အားလုံးမှာ ကျွန်းသားတိုင်ကြီးများဖြစ်၏။ ထိုကျွန်းသားတိုင်လုံးကြီး၏ဘေးတွင် လျှော်ကြိုးဖြင့် ကျစ်ထားပြီး ထုတ်တန်းပေါ်မှ တွဲလောင်းကျနေသည့် ကြေးစည်ကြီးက အချိန်နာရီကို နေ့စဉ်ထိုးခတ်နေဟန် ကြေးစည်၏ နဖားနှစ်ဖက်မှာ ပြောင်လက်နေသည်။

“ကျောက်...ကျောက်...ကျောက်...”

ထို့နောက် ကိုလှကျော်၏မျက်လုံးများမှာ တကျောက်ကျောက် အသံမြည်ရင်း လွှဲခတ်နေသော တိုင်ကပ်နာရီကြီးဆီသို့ အကြည့်





ရောက်သွားသည်။ ထိုတိုင်ကပ်နာရီကြီးမှာ ကနုတ်ပန်းခက်များဖြင့် ထွင်းထုထားပြီး ရှေးဟောင်းလက်ရာတစ်ခုလို ဖြစ်နေ၏။ ထိုတိုင်ကပ်နာရီကြီး၏အောက်တွင်တော့...

မည်းနက်တောက်ပြောင်နေပြီး ထူးထူးခြားခြား ထုလုပ်ထားသည့် ထူအမ်းအမ်းမျက်နှာနှင့် အရုပ်ကြီးတစ်ရုပ်ကို တွေ့လိုက်ရသည်။

“ကဲ...ဝန်ထောက်မင်းတို့ရဲ့ အိပ်ရာလိပ်တွေကို ဟောဟိုကျက်သရေခန်းဘေးကိုသာ ရွှေ့ပြီးခင်းကြပေတော့။ ခဏနေရင် ကပ္ပိယကြီး ရောက်လာပြီး ရေချိုးဖို့ စားဖို့သောက်ဖို့ စီစဉ်ပေးလိမ့်မယ်”

“တင်ပါ့ဘုရား”

ငွေကိုင်စာရေးကလေး မောင်ကောင်းစံမှာ ကိုလှကျော်၏ အိပ်ရာလိပ်များကို ကျက်သရေခန်းဘေးသို့ မ,ယူသွားပြီး ခင်းကျင်းပေးလိုက်သည်။ ကိုလှကျော်နှင့်အတူ ပါလာသော ပုလိပ်နှစ်ယောက်မှာလည်း သူတို့၏ဝန်စည်စလယ်များကို နေရာချရင်း ခဏတစ်ဖြုတ် အနားယူနေကြ၏။

ကိုလှကျော်မှာ ငယ်စဉ်ကတည်းက ပန်းပုရုပ်များကို နှစ်သက်သူ စုဆောင်းသူပီပီ ထိုအရုပ်ကြီးကို မြင်ရုံနှင့်ပင် သဘောကျနေမိ၏။ ထို့နောက် ထိုအရုပ်ကြီးရှိရာသို့သွားကာ သေသေ

www.burmeseclassic.com



ချာချာကြည့်နေမိသည်။ အရုပ်ကြီး၏မျက်နှာမှာ မြန်မာဆန်ဆန် ရုပ်မျိုး မဟုတ်ဘဲ ကပ္ပလီလူမျိုးတစ်ဦးကဲ့သို့ နှုတ်ခမ်းထူထူ မျက်လုံးပြူးပြူးနှင့် ဖြစ်နေပြီး ပါးစုန့်ကြီးနှစ်ဖက်မှာလည်း ထူထူ အမ်းအမ်းကြီးဖြစ်နေ၏။

"အင်း...ဒီအရုပ်ကြီးက တော်တော်လေးထူးခြား ပါလား၊ ငါ့အိမ်မှာ ရှိပြီးသားအရုပ်တွေထက်စာရင် ဒီလက်ရာက ပိုပြီးစိတ်ဝင်စားစရာကောင်းနေတယ်။ ဟင်...ဒီနဖူးပေါ်က အက်ကွဲကြောင်းကြီးက ဘာများ ဖြစ်ထားတာပါလိမ့်"

ကိုလှကျော်မှာ ပန်းပုရုပ်ကြီး၏ နဖူးပြင်ပေါ်မှ အက်ကြောင်း ကြီးကို လက်ဖြင့်အသာပွတ်ပြီး စမ်းကြည့်လိုက်သည်။

ထိုအက်ကြောင်းကြီးမှာ သစ်သားစများ ပြာထွက်နေပြီး အတွင်းသို့ လက်မဝက်ခန့် နစ်ဝင်နေသည်။

ထိုနေ့မှစ၍ ကိုလှကျော်မှ နေ့စဉ်လိုလို အလုပ်ကိစ္စပြီးတိုင်း ထိုအရုပ်ကြီးနားသို့သွားကာ ပွတ်သတ်ကိုင်တွယ်ကြည့်လိုက်၊ ခပ်လှမ်းလှမ်းမှ လှမ်းကြည့်လိုက်ဖြင့် အတော်လေးပင် စိတ်ဝင် တစားနှင့် လိုချင်နေမိသည်။

သို့သော် ထိုအရုပ်ကြီးနှင့်ပတ်သက်သည့် အကြောင်းများ ကိုတော့ ဆရာတော်အား တစ်ကြိမ်တစ်ခါမှ မေးစမ်းခြင်းမပြုဘဲ





ဘာသိဘာသာပင်နေခဲ့မိသည်။

❦ ❦ ❦

ဦးလှကျော်မှာ သူနှင့် အရုပ်မည်းမည်းကြီးတို့ စပြီးတွေ့ခဲ့ရပုံ တို့ကို ပြောပြပြီး ရေနွေးကြမ်းတစ်ခွက်ကို ကောက်ယူမော့ သောက်လိုက်သည်။

ကံမြင့်က...

"ဘဘကြီးက ဒီအရုပ်ကြီးကို ဘုန်းဘုန်းဆီက ဘယ်လိုပြောပြီး ဝယ်ခဲ့တာလဲ"

"အင်း... တကယ်တော့ ဆရာတော်ကြီးက ဒီအရုပ်ကြီးရဲ့အကြောင်းကို အဲဒီတုန်းက ပြောရှာ ပါသေးတယ်၊ ဒါပေမဲ့..."

ကံမြင့်တို့တစ်သိုက်မှာ သူတို့သိချင်နေသည့် အရုပ်ကြီး၏ အကြောင်းကို မျက်တောင်များပင်မခတ်ကြဘဲ နားစိုက်ထောင်နေ ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

တဖျတ်ဖျတ်ယိမ်းထိုးနေသည့် မှန်အိမ်၏အလင်းရောင်က အဘိုးအိုဦးလှကျော်၏ မျက်နှာပေါ်သို့ ဖြာပြီးကျနေ၏။ ထို့နောက် အဘိုးအိုက ဆေးတံအတွင်း ဆေးများကို လက်ဖြင့် ဖိသိပ်ပြီး မီးညှိဖွာရှိုက်လိုက်ကာ…

“အဲ့ဒီနေ့က အဘိုးက အလုပ်တာဝန်မှတွပြီးလို့ နေရစ်ကို ပြန်မယ့်နေ့ပေါ့။ အဘိုးအရိပ်အခြည်ကို အမြဲတမ်းစောင့်ကြည့်နေတဲ့ ကျောင်းထိုင်ဆရာတော်ကြီးက…”

ဦးလှကျော်မှာ တဖြည်းဖြည်း မှိန်စပြုနေသည့် မှန်အိမ်မှ မီးစာကို အနည်းငယ်မြှင့်တင်လိုက်ရင်း သူ့စကားကို ဆက်ပြန်၏။

❦ ❦ ❦





“ဘယ်လိုလဲ…ဒကာလေးကိုလှကျော်၊ ကျုပ် ဒကာလေးကို ရောက်ကတည်းက ကြည့်ကြည့်နေတာ၊ ဒီအရုပ်ကြီးကိုပဲ သွားသွားကြည့်နေတာ၊ ဘာလဲ… ဒီအရုပ်ကြီးကို စိတ်ဝင်စားလို့လား”

ရုတ်တရက်လှမ်းမေးလိုက်သော ကျောင်းထိုင်ဆရာတော် ဦးဝိမလ၏စကားကြောင့် ကိုလှကျော်မှာ ထိုအရုပ်ကြီးနားတွင် ရပ်ကြည့်နေရာမှ အနည်းငယ်ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီး…

“အဟင်းဟင်း… မှန်လှပါ၊ တပည့်တော်က ပန်းပုရုပ်တွေ စုရုံဆောင်းရတာ ဝါသနာပါလို့ပါ ဘုရား၊ နောက်ပြီး ဒီအရုပ်ကြီးကို ကြည့်ရတာ တပည့်တော်ဆီမှာရှိတဲ့ ပန်းပုရုပ်တွေထက် ပိုပြီးထူးခြားနေလို့ပါ…”

ကျောင်းထိုင်ဆရာတော်မှာ တစ်လနီးပါး သူ့ကျောင်းတွင် တည်းခိုနေခဲ့သော ကိုလှကျော်ကို အတော်လေးပင် ရင်းရင်းနှီးနှီး ဖြစ်နေခဲ့သဖြင့် ဝန်ထောက်မင်းလေးဟုပင် မခေါ်တော့ဘဲ ကိုလှကျော်ဟုသာ ခေါ်ပြီး တလေးတစားပင် ဆက်ဆံနေတော့သည်။

ဆရာတော်မှာ ကိုလှကျော် ရပ်နေရာ အရုပ်ကြီးနားသို့ လက်နောက်ပစ်ရင်း တဖြည်းဖြည်းလျှောက်လာသည်။ ကိုလှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်က ဆရာတော့်ကို လှည့်ကြည့်ပြီး လက်အုပ်ချီလိုက်ကာ ဖွင့်အတင်းပြောချလိုက်၏။

"တပည့်တော်ကို ဖြစ်နိုင်ရင် ဒီအရုပ်ကြီးကို ပြန်ရောင်းပါလားဘုရား၊ ဒါမှမဟုတ်လည်း တပည့်တော် အရှင်ဘုရားကို ဒီအရုပ်ကြီးအတွက် တခြားအလှူတစ်ခုခု ပြန်ပြုပါရစေ..."

"ဒကာလေး ယူချင်သပဆိုရင်တော့ ယူပါ၊ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူး။ ဒါပေမဲ့ ဒီအရုပ်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းကိုတော့ ဒကာလေးကို ပြောပြမှဖြစ်မယ်"

ဆရာတော်က ကိုလှကျော်၏မျက်နှာကို စေ့စေ့ကြည့်ရင်း သက်န်းစတစ်ဖက်ကို ပခုံးပေါ်သို့တင်ကာ ပြန်ရုံဝတ်လိုက်သည်။

"ဘယ်လိုအကြောင်းမျိုးလဲဘုရား..."

ကိုလှကျော်က လက်အုပ်ကျိုးအားရင်း စိတ်ဝင်တစားနှင့် ပြန်မေးလျှောက်လိုက်၏။

"ဒကာလေးက ခေတ်ပညာတတ်တစ်ယောက်ဆိုတော့ ဒီအရုပ်ကြီးနဲ့ ပတ်သက်တဲ့ မမြင်နိုင်တဲ့ အဝိဇ္ဇာဏတရားတွေကို ယုံချင်မှလည်း ယုံမှာပါ။ အေးလေ...ဘာပဲဖြစ်ဖြစ်ပေါ့၊ လောကမှာ ဖြစ်တတ်





ပျက်တတ်တဲ့ အကြောင်းတရားတွေကလည်း ဆန်းတော့ ဆန်းကြယ်သား..."

ဦးပဥ္စင်းကြီးက လက်နှစ်ဖက်ကို နောက်သို့ပစ်ပြီးလျှောက ရင်း အရုပ်ကြီး၏ အကြောင်းစုံကို စပြီးပြောတော့သည်။

"ဦးပဥ္စင်းတို့ရွာမှာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ဖိုးခွေးနဲ့ မမယ်တင့်ဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ အဲ...သူတို့လင်မယားနှစ်ယောက်က ဒီအိုးဘိုရွာ ဇာတိတွေတော့ မဟုတ်ဘူး။ ဘယ်အရပ် ဘယ်ဒေသက ရောက်လာကြမှန်းလည်း ဘယ်သူမှမသိခဲ့ကြဘူး။ အဲဒီဖိုးခွေးနဲ့ မမယ်တင့်တို့ လင်မယားနှစ်ယောက်ဟာ ဒီရွာမှာ တံငါအလုပ်ကိုပဲ လုပ်ကိုင်စားသောက်ခဲ့ကြတယ်လေ..."

ကိုလှကျော်မှာ ဦးပဥ္စင်းကြီး လမ်းလျှောက်ရင်း ပြောနေသည့်နောက်မှ တကောက်ကောက်လိုက်ကာ နားထောင်နေမိသည်။ ထို့နောက် ဦးပဥ္စင်းက...

"သူတို့လင်မယားနှစ်ယောက်က ဒီရွာကို အစမှ ရောက်လာကြပေမယ့် ရွာခံလူတွေထက် ပိုပြီး ငါးတွေရတယ်လို့ ပြောသံကြားတာပဲ။ ရသမျှငါးတွေကို သူ့မိန်းမ မမယ်တင့်က ရွာနီးချုပ်စပ်ကရွာတွေဆီ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပေါ့။ ငွေလေးကြေးလေး အဆင်ပြေလာတော့ ဖိုးခွေးက အရက်ကို အလွန်အကျွံသောက်လာတယ်။ အဲဒီလိုနဲ့ တစ်နေ့မှာတော့ ဒီအရုပ်ကြီးနဲ့ပတ်သက်တဲ့ အကြောင်းက ဖြစ်လာတော့တာပဲ ကိုလှကျော်၊ ဖြစ်ပုံကတော့ ဒီလိုကွဲ့...”

စစ်တောင်းမြစ်၏ တဖျတ်ဖျတ်လှုပ်ခတ်လျက်ရှိသော လှိုင်းကြက်ခွပ်များပေါ်တွင် အလိုက်သင့် အလျားသင့် မျောပါနေသော ကိုဖိုးခွေး၏ ငါးဖမ်းလှေငယ်လေးကား ထိုနေ့အဖို့ ရောင်းရန်မပြောနှင့် ဟင်းစားငါးပင် လောက်ငအောင်မရသေးသဖြင့် ကိုဖိုးခွေးမှာ ငါးဖမ်းပိုက်ကို ရေပြင်ပေါ်သို့ ဘွားခနဲပစ်ချလိုက်ပြန်ကာ ပါးစပ်ကလည်း တတွတ်တွတ်နှင့် မြည်တွန်တောက်တီးနေ၏။

“တောက်...ဒီနေ့မှ သင်းတို့က ဘယ်မှာ သွားသေနေကြပါလိမ့်”

တဖြည်းဖြည်း ငုပ်လျှိုးကွယ်ပျောက်စပြုနေသော နေလုံးနီကြီး၏ အရောင်က စစ်တောင်းမြစ်ပြင်ကျယ်ကြီးတစ်ခုလုံး မရမ်းရင့်ရောင် ဇာပဝါကြီး အုပ်လွှမ်းထားသလို တဖိတ်ဖိတ်





လက်လက်ဖြစ်နေသည်။

ကိုဖိုးခွေးမှာ ပိုက်စကို လက်ဖြင့်စုကာ ထိန်းကိုင်ထားရင်း ဝမ်းပိုက်ထဲမှ လက်ကျန်ချက်အရက်ပုလင်းကို လက်တစ်ဖက်ဖြင့် လှမ်းယူကာ ဖော့ဆို့ကို ပါးစပ်နှင့်ကိုက်ဖွင့်ပြီး မော့ချလိုက်၏။

ခဏအကြာ...

ကိုဖိုးခွေးဆုပ်ကိုင်ထားသော ငါးဖမ်းပိုက်ထဲသို့ အတော်တန်ကြီးမားသည့် ငါးကြီးတစ်ကောင်က ဝင်တိုးလိုက်သလို တဖျတ်ဖျတ်လှုပ်ခါသွား၏။

“ဟင်...”

“ဟုတ်ပြီ၊ ဒီတစ်ခါတော့ အနည်းဆုံး အချိန်တစ်ဆယ်လောက်ရှိမယ့် အကောင်ကြီးပဲ။ ကဲ...မင်း ဘာတတ်နိုင်သေးလဲ အခုတော့...”

အရက်၏အရှိန်ကြောင့် တထွေထွေဖြစ်နေသော ကိုဖိုးခွေးမှာ ဝမ်းသာလွန်း၍ ပါးစပ်ထဲရှိရာတို့ကို ပြောဆိုကာ ပိုက်ကို ဖြည်းဖြည်းချင်းဆွဲယူ မ,တင်နေ၏။

ကိုဖိုးခွေး ဆွဲယူမ,တင်နေသော ငါးဖမ်းပိုက်ထဲတွင် အခြားငါးသေး ငါးနုတ်ကလေးများမှာလည်း ဖျတ်ဖျတ်လူးလူးနှင့် ငြိတွယ်ပြီးပါလာ၏။ ကိုဖိုးခွေးမှာ ထိုငါးသေး၊ ငါးနုတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုမစိုက်အားဘဲ ရေအောက်မှ တဖြည်းဖြည်းချင် အလိုက်သင့်ပါလာနေသည့် ငါးကြီးကိုသာ အာရုံစိုက်နေမိသည်။

လှေဝမ်းဗိုက်ထဲတွင် အပုံလိုက်ဆွဲတင်ထားသော ငါးဖမ်းပိုက်ကို ကြည့်ရုံဖြင့် ရေအောက်တွင် ရောက်နေသည့် ငါးဖမ်းပိုက်၏ ပမာဏကို တံငါသည်တို့က အလိုလိုပင်သိကြ၏။

တဖြည်းဖြည်း ရေပြင်ပေါ်သို့ နီးကပ်လာနေသော ငါးကြီးကို ကိုဖိုးခွေးက...

"လာပါ...ကလေးရယ်၊ မြန်မြန်ကလေးသာ
တက်လာလိုက်စမ်းပါ"

ပြောပြောဆိုဆို လှေငယ်၏ဝမ်းဗိုက်အောက်တွင် ဘွားခနဲပေါ်လာသည့် ပိုက်ထဲမှ သစ်သားရုပ်မည်းမည်းကြီးကို တွေ့လိုက်ရသောအခါ ကိုဖိုးခွေးမှာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပြီး စောစောကသောက်ထားသည့် အရက်တို့က ချက်ချင်းဆိုသလို အမူးပြေသွားသည်။

"ဟင်...ဒါက ဘာကြီးလဲ"

ထို့နောက် လှေပေါ်သို့ ထိုအရုပ်မည်းမည်းကြီးကို ဆွဲတင်ကာ သေသေချာချာကြည့်လိုက်၏။

"တောက်...ဘာမှသောက်သုံးမကျတဲ့အရုပ်ကြီး၊
သင်းကို ငါက ဘာလုပ်ရမှာတုံး...သွားစမ်း"





ကိုဖိုးခွေးမှာ ဒေါသထွက်ပြီး ဆဲဆိုကြိမ်းမောင်းကာ အရုပ်ကြီးကို ရေထဲသို့ပစ်ချရန် ချိန်ရွယ်လိုက်၏။ ပြီးမှ...

"အင်း...ဘာပဲပြောပြော အနည်းဆုံးတော့ အိမ်မှာ ထင်းစိုက်လို့ရမှာပဲ။ နောက်ပြီး ဒီအရုပ်ရဲ့ အရွယ်အနေအထားဆိုရင် လှေသခံလောက်တော့ လုပ်လို့ရတယ်၊ ဟုတ်ပြီ...ငါယူသွားရမယ်"

ထိုနေ့တစ်နေ့လုံး ဟင်းစားငါးပင် အနိုင်နိုင်ရှာရသော ကိုဖိုးခွေး၏ အိမ်အပြန်ခြေလှမ်းများက နှေးကွေးနေပြီး လေးလံလှသော အရုပ်မည်းမည်းကြီးကိုလည်း လက်တစ်ဖက်က ပွေ့ပိုက်ထားရသဖြင့် အလိုလိုနေရင်း စိတ်တိုနေတော့သည်။

အိမ်အဝင်ဝသို့ရောက်သောအခါ လက်ထဲမှ အရုပ်မည်းမည်းကြီးကို စိတ်လိုက်မာန်ပါနှင့် လွှဲပြီးပစ်လိုက်၏။ ထိုအရုပ်ကြီးက မြေကြီးပေါ်တွင် လိမ့်ကာလိမ့်ကာ ခနော်နီခနော်နဲ့ ဆောက်လုပ်ထားသော အိမ်တိုင်နားတွင် ရပ်တန့်သွား၏။

ကိုဖိုးခွေး၏ဇနီး မမယ်တင့်မှာ အိမ်အတွင်းမှ ပြေးထွက်လာပြီး...

"ဘယ်လိုလဲ ကိုဖိုးခွေး၊ ငါးဖမ်းဖို့သွားတာ ငါးမရဘဲ ဘယ်က သစ်တိုသစ်စတွေ မှုံမှုံရှုံးရှုံးနဲ့ ကောက်ပြီး ပြန်လာတာလဲ။ ဒီမှာ ငါးဖမ်းဖို့လှေကို



www.burmeseclassic.com

www.burmeseclassic.com



"အလကားရတာမဟုတ်ဘူး။ ရွာထဲမှာ နေ့ကြေးပေးပြီး ငှားရတာ..."

မမယ်တင့်၏ ဆူပူကြိမ်းမောင်းနေသည့်အသံကို ကိုဖိုးခွေး တစ်ယောက်က ကြားပင်မကြားတော့ဘဲ အိမ်ရှေ့မှ ကွပ်ပျစ်ပေါ် တွင် မှုးမှုးနှင့် အိပ်ပျော်နေတော့သည်။ မမယ်တင့်က ထိုသစ်သား ရုပ်မည်းမည်းကြီးကို စိတ်ဆိုးမာန်ဆိုးနှင့် ကောက်ယူကာ မမီမကမ်းဖြင့် လှမ်းတက်နေရသည့် အိမ်သာအတက်အဆင်း နေရာသို့ ရွှေ့ထားလိုက်ပြီး လေကားထစ်တစ်ခုလို လုပ်လိုက် သည်။

နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်တွင် မမယ်တင့် ၏ လှုပ်နှိုးနေသံကြောင့် ကိုဖိုးခွေးမှာ လန့်နိုးသွား၏။

"ကိုဖိုးခွေး...ကိုဖိုးခွေး...ထစမ်းပါဦးရှင်၊ ကျွန်မ ဗိုက်က နာလာလို့ အိမ်သာကို အဖော်လိုက်ခဲ့ပေး စမ်းပါ"

"ဟာ...နင့်ကလည်း အိပ်ရာခြေရင်းမှာ မီးခွက် ရှိတယ်၊ ကိုယ့်ဘာသာပဲကိုယ်သွား၊ ငါ အရမ်းအိပ်ချင် နေတယ်"

ကိုဖိုးခွေးမှာ မမယ်တင့်၏စကားကို မျက်လုံးပင်ဖွင့်မကြည့် ဘဲ ပြန်ပြောနေ၏။ ထို့နောက် သူ့ခါးမှ ပုဆိုးကို ခေါင်းပေါ်အထိ ရောက်အောင်ဆွဲခြုံလိုက်ပြီး ကွေးကွေးလေးဆက်အိပ်နေပြန် သည်။ မမယ်တင့်ကလည်း မရ၊ ကိုဖိုးခွေးကို အတင်းဆက်နှိုး နေ၏။ နောက်ဆုံးတွင် ကိုဖိုးခွေးမှာ မထချင်ထချင်နှင့် ထရ တော့သည်။

အိပ်ရာခြေရင်းမှ မီးခွက်ကို မမယ်တင့်က ထွန်းနေစဉ် ကိုဖိုးခွေးက ထရံအောက်တွင်ကပ်ပြီး ထောင်ထားသည့် ချက်အရက် ပုလင်းကို တစ်ငုံမော့သောက်လိုက်၏။ မမယ်တင့်က...

"ကဲ...ကဲ...လာ...နင်ကလည်း မိုးမလင်းသေး ဘူး ဒီအရည်ကိုသောက်နေပြန်ပြီ"

မမယ်တင့်မှာ ပြောပြောဆိုဆို ကိုဖိုးခွေးကို မီးခွက်လှမ်း ပေးလိုက်ပြီး အိမ်သာရှိရာသို့ ရှေ့မှ ခပ်သုတ်သုတ်လျှောက် သွား၏။ ကိုဖိုးခွေးမှာ မီးခွက်ကိုကိုင်ရင်း မမယ်တင့်၏နောက်မှ အိမ်သာရှိရာ အနောက်ဘက်ဆီသို့ လိုက်သွားလိုက်သည်။

ကိုဖိုးခွေးလက်ထဲမှ မီးခွက်၏အလင်းရောင်က အိမ်သာ အတက်အဆင်းနားမှ သစ်သားပန်းပုရုပ်ကြီးပေါ်သို့ ထိုးကျ နေ၏။ မည်းနက်မှောင်နေသည့် ပန်းပုရုပ်ကြီး၏ မျက်လုံးများမှာ ညအမှောင်ထဲတွင် စိမ်းဖန့်ဖန့်ဖြစ်နေသလို နှုတ်ခမ်းထူထူကြီးနှင့်

www.burmeseclassic.com



တို့မှာလည်း အပေါ်အောက် လှုပ်ရှားကာ ပွင့်ဟလာသ
ထင်ရ၏။

မမယ်တင့်က သူ့ဗိုက်ကို လက်နှစ်ဖက်ဖြင့်နှိပ်ပြီး ထို
မည်းမည်းကြီးပေါ်မှ နင်းကာ အိမ်သာပေါ်သို့ ကပျာက
လှမ်းတက်လိုက်၏။

ကိုဖိုးခွေးကတော့ လက်ထဲတွင် မီးခွက်ကို ကိုင်ထား
မနေ့ကရလာသည့် အရုပ်မည်းမည်းကြီး၏အကြောင်းကို
တွေးနေကာ မမယ်တင့်ကို အဖော်လုပ်ပြီး စောင့်နေရသည်

ခဏအကြာ...

မမယ်တင့် အိမ်သာပေါ်မှ ပြန်ပြီးဆင်းလာ၏။ မမယ်
ဆင်းလာသော ခြေလှမ်းကို ကိုဖိုးခွေးက မီးခွက်မြှောက်ပြထား
လိုက်သည်။

ထိုစဉ်...

အရုပ်ကြီး၏ခေါင်းပေါ်သို့ နင်းလိုက်သော မမယ်တင့်
ခြေတစ်ဖက်မှာ ဘေးသို့ယိုင်ထွက်သွားပြီး ဟန်ချက်ပျက်သွား
ပြီးလဲကျသွား၏။ ထိုအရုပ်မည်းမည်းကြီးမှာလည်း မမယ်
နင်းလိုက်သော အရှိန်ကြောင့် လူနှင့်ရောကာ လိမ့်သွား
မမယ်တင့်၏ခေါင်းနှင့် ပြန်ပြီးရိုက်မိလေသည်။

"ဝုန်း..."





"ခွပ်..."

"အား..."

ရုတ်တရက် လဲပြိုကျသွားသော မမယ်တင့်ကိုကြည့်ရင်း ကိုဖိုးခွေးမှာ အသံပျာလုမတတ် လှမ်းအော်မိလိုက်သည်။

"ဟာ...မယ်တင့်...မယ်တင့်..."

လဲပြိုကျသွားသော အရုပ်မည်းမည်းကြီး၏အပေါ် မယ်တင့်ခေါင်းက တင်လျက်သားဖြင့် လဲကျနေ၏။

"မယ်တင့်...မယ်တင့်..."

ဆွဲယူပွေ့ထူလိုက်သော ကိုဖိုးခွေး၏လက်ထဲတွင် မမယ်တင့်မှာ မေ့မြောနေလျက် ပျော့ခွေညွတ်ကျနေ၏။

"လာကြပါဦးဗျာ...ဒီမှာ..."

ကိုဖိုးခွေး၏အသံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ထဲတွင် တိုးဝင်နစ်မြုပ်သွား၏။ မယ်တင့်၏နောက်စေ့တစ်ခုလုံးမှာ သွေးစသွေးနတို့ကို မတွေ့ရဘဲ ပျော့ပျော့စိစိကြီးဖြစ်နေ၏။ ကိုဖိုးခွေး ပွေ့ထူထားသော လက်ဖျံက မယ်တင့်၏နောက်စေ့ထဲသို့ နစ်ဝင်နေလျက်ရှိသည်။

ခဏအကြာ...

ဘေးပတ်ဝန်းကျင်မှ လူများ ရောက်လာကြပြီး မယ်တင့်ကို သတိရလာအောင် ယပ်ခတ်သူကခတ်၊ ခြေမရိုးသူကရိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးခွေးတို့အိမ်တွင် ရွာထဲမှလူများ ရုတ်စု ရုတ်စုဖြစ်ကုန်ကြသည်။

"ဟာ... မဖြစ်ဘူး ကိုဖိုးခွေး...မယ်တင့်ကို ဆေးရုံပို့မှဖြစ်မယ်"

"ခေါ်ကြည့်ပါဦး..."

ဝိုင်းအုံနေကြသော လူအုပ်ကြီးက တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတို့ကို ပြောဆိုနေကြသည်။

"ဟောဟိုက အရုပ်မည်းမည်းကြီးကို နင်းလိုက်ပြီး လဲကျတာတဲ့..."

"ဒီလောက်လဲကျရုံနဲ့တော့ ဘာမှမဖြစ်လောက်ပါဘူး"

ရွာထဲမှလူများက မမယ်တင့်လဲကျရာနေရာအနီးမှ အရုပ်ကြီးကိုကြည့်ကာ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

ကိုဖိုးခွေးမှာ မမယ်တင့်၏မေးဖျားကို တဆတ်ဆတ်ဆွဲလှုပ်ရင်း...

"မယ်တင့်...မယ်တင့်...ဟာ...ဒုက္ခပါပဲဗျာ၊ ခေါ်လို့လည်း မရဘူး"

ကိုဖိုးခွေးမှာ လူအုပ်ကြီးကိုကြည့်ရင်း အားကိုးတကြီးဖြင့် သောကမီးတွေတောက်နေ၏။ ခဏအကြာ ရွာထဲမှ အရပ်လက်





သည် ဒေါ်ဖွားဆုံ ရောက်လာပြီး မမယ်တင့်ကို အမျိုးမျိုး ကိုင်တွယ်စမ်းသပ်ကြည့်လိုက်၏။

"ဟဲ့...ဖိုးခွေး...နင့်မိန်းမ...အသက်မရှိတော့ဘူး"

"ဗျာ..."

ကိုဖိုးခွေးတို့ရွာထဲက လူကြီး လူငယ် လူလတ် အားလုံးမှာ မမယ်တင့်၏ အသုဘထားဖို့ နေရာကအစ ခေါင်းတလားရိုက်၊ လေးတိုင်စင်ဆောက် အားလုံးကို ကိုဖိုးခွေးမှာ တစ်ချက်ကလေးပင် လှည့်မကြည့်ရဘဲ လိုလေသေးမရှိအောင် ကူညီလုပ်ဆောင်ပေးကြသည်။ ကိုဖိုးခွေးကတော့ မမယ်တင့်အလောင်းအနားတွင် ချက်အရက်ပုလင်းကို ထောင်ကာ ငိုလိုက် သောက်လိုက်ဖြင့် တစ်ချိန်လုံး မှုးမှုးရူးရူးဖြင့် ပြောချင်ရာပြော၊ ဆဲချင်ရာဆဲနေ၏။

"အဲဒီကောင်ကို ငါ သတ်ကိုသတ်ပစ်မယ်... မယ်တင့်၊ နင်ဒီလိုဖြစ်ရတာ သင်းကြောင့်...အီး... ဟီးဟီး..."

ကိုဖိုးခွေး၏အသုဘအိမ်သို့ လာကြသော ရွာထဲမှ မိန်းမများမှာလည်း ကိုဖိုးခွေးဆဲဆိုကြိမ်းမောင်းနေသောသူကို နား



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်ဘဲ အချင်းချင်း တီးတိုးမေးနေကြသည်။

"ဟဲ့...ဖိုးခွေးက ဘယ်သူ့ကိုကြိမ်းနေတာလဲ"

"အို...မသိပါဘူးတော်၊ အဲဒီအကောင်က မူးမူး ရူးရူးနဲ့ တောင်ပြောမြောက်ပြောတွေ ပြောနေတာနေ မှာပေါ့။ တကယ်ဆို မယ်တင့်မသေဘဲ သူသေ ရမှာ..."

ရွာထဲမှ မျက်မုန်းကျိုးနေသည့် အချို့မိန်းမများက သူ့ကို မကြားဝံ့မနာသာတွေ တီးတိုးပြောဆိုနေကြပြန်သည်။

တောသစ်ရိုင်းသားများကို ဖြတ်တောက်ပြီး ဖြစ်သလိုရိုက် ထားသော ခေါင်းတလားမှာ ထိုအရပ်ဒေသ၏ ခလေ့တစ်ခုပင် ဖြစ်နေသည်။ ထို့နောက် ရိုက်ပြီးသားခေါင်းတလား၏ ဘေးပတ် ပတ်လည်ကိုလည်း ခရမ်းရင့်ရောင်စက္ကူများကို ကော်ဖြင့်ကပ်ကာ အလှဆင်ထား၏။ ထိုခရမ်းရင့်ရောင်စက္ကူပေါ်မှ မမယ်တင့်၏ နာမည်နှင့် အသက်ကို ရေးသားထား၏။

ရွာထဲမှလူများက မမယ်တင့်၏အလောင်းကို ခေါင်းတလား ထဲသို့ ထည့်သည့်အချိန်တွင် ကိုဖိုးခွေးမှာ ဆွဲလားရမ်းလားနှင့် အော်ဟစ်ငိုယိုနေတော့သည်။ ထို့နောက် ကိုဖိုးခွေးတို့၏ အိမ်ရှေ့ တွင် ဝါးပိုးဝါးကို လေးတိုင်စင်လုပ်ထားသော အလောင်းစင် ပေါ်သို့ တင်လိုက်ကြ၏။





ကိုဖိုးခွေးမှာ မူးမူးနှင့် သူ့ပါးစပ်က ဆွဲဆိုနေကာ ရုတ် တရက် ခြံစည်းရိုးအစပ်နားတွင် ထောင်ထားသော ပုဆိန် တစ်လက်ကို ကောက်ယူကာ အိမ်အနောက်ဘက်ဆီသို့ တစ်ဟုန် ထိုး ပြေးသွား၏။

"ငါ မင်းကိုသတ်မယ်၊ ငါ့မိန်းမသေသလို မင်း လည်း သေရမယ်"

ရွာထဲမှလူများမှာလည်း ကိုဖိုးခွေးကို တစ်ယောက်တစ် ပေါက် ဝိုင်းအော်ပြီးတားနေကြသည်။

"ဟာ...ဟေ့ကောင်တွေ... ဖိုးခွေးကို ဆွဲကြ ပါဦးဟ..."

"ဟေ့ဖိုးခွေး...ဖိုးခွေး...ဘာလုပ်တာလဲကွ..."

သူတို့အားလုံး ဝိုင်းဆွဲနေသည့်ကြားမှ ကိုဖိုးခွေးက ပုဆိန် ကြီးတရွယ်ရွယ်နှင့် တစ်ကိုယ်လုံး ယိမ်းထိုးနေပြီး...

"မကပ်နဲ့...ငါ့နားကို တစ်ယောက်မှမကပ်နဲ့..."

အားလုံးက ပုဆိန်ကြီးကို ဝှေ့ယမ်းနေသော ကိုဖိုးခွေးနားမှ နောက်သို့ အလိုလိုဆုတ်သွားကြပြီး ကြောင်စိစိနှင့် ကြည့်နေကြ သည်။ ထို့နောက်...

"သေစမ်း...သေစမ်းကွာ..."

"ဖျောင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း…"

ကိုဖိုးခွေး၏လက်ထဲမှ အသွားထက်ထက်နှင့် ပုဆိန်ကြီးမှာ လက်ခနဲဝင်သွားပြီး အိမ်သာရှေ့တွင် ပက်လက်လဲကျနေသော သစ်သားရုပ်ကြီးကို ပေါက်ခွဲလိုက်၏။

သစ်သားပန်းပုရုပ်ကြီး၏ နဖူးပေါ်တွင် ပုဆိန်ရာ အက်ကြောင်းကြီးက လေးငါးလက်မသာသာ ကွဲအက်သွား၏။

"ဟာ…ဟော့ကောင်ဖိုးခွေး တော်ပါတော့ကွာ၊ မင်းဟာက မူးမူးရူးရူးနဲ့…"

"အေးလေးဟယ်…နင်ကလည်း ဘာမှအသက်မရှိတဲ့ အရုပ်ကြီးကို ဘာလုပ်ရမှာလဲ…ကဲ…ကဲ… လာ…လာ…အိမ်ထဲဝင်တော့"

ရွာရှိယောကျ်ားကြီး၊ မိန်းမကြီးများကလည်း ကိုဖိုးခွေးကို အော်သူအော်၊ ငေါက်သူငေါက်၊ ချော့သူချော့ဖြင့် အတင်းဝင်ပြီး ဆွဲကြသည်။ ကိုဖိုးခွေးကတော့ သူ့စိတ်အတွင်းမှ အကျိတ်အခဲကြီးတစ်ခုကို ချက်ချင်းလက်စားချေလိုက်ရသူလို ကျေနပ်သွားဟန်တူသည်။

ကိုဖိုးခွေး၏ရင်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် တရှုးရှုး တရှဲရှဲနှင့် ဒေါသစိတ်က အရက်ကြောင့် ပိုပြီးအရှိန်ရသလိုဖြစ်နေသည်။





မမယ်တင့်၏အသုဘရက်လည်ပြီးသည့်နေ့မှစ၍ ကိုဖိုးခွေးတစ်ယောက် သူ့အိမ်သို့ ပြန်မလာတော့ဘဲ ရွာနီးချုပ်စပ်နားက ရွာများတွင် လှည့်ကာ အရက်သောက်လိုက် ဖဲရိုက်လိုက်နှင့် ပေပေတေတေဖြစ်သလိုနေတော့သည်။

အထူးသဖြင့် ကိုဖိုးခွေးနှင့် မမယ်တင့်တို့တွင် သားသမီးမရှိခဲ့သဖြင့် ယခုကဲ့သို့ ခြေဦးတည့်ရာကို အချုပ်အနှောင်မရှိဘဲ သွားနေခဲ့သည်။ ရံဖန်ရံခါ ကိုဖိုးခွေးတို့ရွာမှ တစ်ယောက်တလေက ကိုဖိုးခွေးကို ဟိုဘက်ရွာမှာတွေ့ခဲ့၊ ဒီဘက်ရွာနားက အရက်ဆိုင်တွင် တွေ့ခဲ့ တွေ့နေရသည်။

ရွာမှ သူ့ကို သနားပြီး သံယောဇဉ်ဖြစ်ရာသည့်လူများက ကိုဖိုးခွေးကို ရွာတွင် ပြန်ပြီးလာနေဖို့ ဖျောင်းဖျပြောဆိုသော်လည်း ကိုဖိုးခွေးမှာ စိတ်ကယောက်ကယက်ဖြစ်နေပုံရပြီး ထိုအိမ်တွင် မနေရဲကြောင်း၊ ညဘက်ဆိုလျှင် လူမည်းကြီးတစ်ယောက်က သူ့ကို ပုဆိန်နှင့် လာလာပြီးပေါက်ဖို့ကြိုးစားနေကြောင်းတွေ ပြောပြီး အမျိုးမျိုး ခါးခါးသီးသီး ငြင်းဆန်နေသည်။

"ဟဲ့…ဖိုးခွေးက ဒီရွာမှာမနေတော့တာ သူ့အိမ်ကို ညဘက် ညဘက်ဆိုရင် လူမည်းကြီးတစ်ယောက်က သူ့ကို ပုဆိန်နဲ့ပေါက်ဖို့ လာလာနေတယ်ဆိုပဲ"

"အလကားပါအေ၊ ဒီကောင် မူးမူးရူးရူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထင်ရာလျှောက်ပြောနေတာနေမှာပေါ့"

တစ်ရွာလုံး ကိုဖိုးခွေးအကြောင်းကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဟိုနားစုစု၊ ဒီနားစုစု ပြောဆိုနေကြသော်လည်း အများစုကတော့ ကိုဖိုးခွေး ပုဆိန်နှင့်ပေါက်ခွဲလိုက်သည့် ဘာမှန်းညာမှန်းမသိရသော အိမ်သာရှေ့မှ အရုပ်မည်းမည်းကြီးကို သံသယဖြစ်နေကြပြီ။ ခါတိုင်းနှင့်မတူဘဲ သူတို့ရွာတွင် အခုရက်ပိုင်းမှာ ညစဉ်လိုလို ခွေးအူသံတွေ ပိုပြီးကြားနေရသည်ကိုလည်း သတိထားမိလာကြ၏။

❦ ❦ ❦

ရက်တရက် အိုးဘိုရွာသူကြီး ဦးဖိုးတူ၏အိမ်ရှေ့တွင် မနက်စောစော စုရုံးရောက်ရှိလာကြသော ရွာထဲမှ ကာလသားများကြောင့် ဦးဖိုးတူမှာ အလန့်တကြားဖြစ်သွား၏။

"ဗျို့...သူကြီး...သူကြီး၊ ဟိုဘက်ကျောင်းစုရွာမှာ ညက ဖိုးခွေး အသတ်ခံလိုက်ရလို့တဲ့ဗျို့"

ထိုအသံကြားကြားချင်း သူကြီးဦးဖိုးတူမှာ အိမ်ပေါ်မှ ခပ်သုတ်သုတ်ပြေးဆင်းလိုက်ပြီး...

"ဘာ...ဘယ်လို..."

"ဖိုးခွေးလေ ညက ဟိုဘက်ရွာက ဖဲဝိုင်းမှာ





ဓားခုတ်ခံရလို့..."

ဦးဖိုးတူမှာ ရွာမှကာလသားများ၏စကားကို ကြားကြားချင်း တအံ့တသြဖြစ်သွားပြီး တစ်စခန်းသိမ်းသွားပြန်သည့် ကိုဖိုးခွေး၏ အဖြစ်ကို ကရုဏာဒေါသဖြင့် ပြောလိုက်၏။

"ဘယ့်နှယ်လဲ...ကိစ္စတုံးသွားပြီတဲ့လား..."

အားလုံး၏မျက်နှာများမှာ သူကြီးဦးဖိုးတူ၏စကားကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြရင်း ကိုယ့်ရွာသားတစ်ယောက် အခြားရွာတွင် အသတ်ခံလိုက်ရသည့်အဖြစ်ကို စိတ်မကောင်းဖြစ်မိနေကြသည်။

ပြောပြောဆိုဆို ဦးဖိုးတူနှင့် ရွာသားများမှာ ကိုဖိုးခွေး အသတ်ခံရသည့်ရွာသို့ လိုက်သွားကြပြီး အလောင်းကို ဆေးရုံသို့ ပို့ရန် စီစဉ်ကြတော့သည်။

❦ ❦ ❦

ဦးဖိုးတူတို့မှာ ကျောင်းစုရွာသို့ ရောက်သောအခါ အတော်လေးပင် မိုးချုပ်စပြုနေ၏။

ကိုဖိုးခွေး၏အလောင်းကို တွေ့တွေ့ချင်း ဦးဖိုးတူနှင့် ရွာသားများမှာ တအံ့တသြနှင့်ဖြစ်သွားကြသည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးခွေး၏နဖူးပေါ်တွင် လေးငါးလက်မခန့် ကန့်လန့်ဖြတ် အက်ကွဲကြောင်းကြီးမှ သွေးများက ရဲရဲနီလျက် သွေ့ခြောက် နေ၏။

"ဖိုးခွေး အခုလိုအသတ်ခံရတာဟာ ရိုးမှရိုးရဲ့လား၊ ဒီကောင် ဟိုအရုပ်ကြီးကို မယ်တင့်အသုဘမှာ မူးမူးနဲ့ ပုဆိန်နဲ့ပေါက်ခဲ့တုန်းကလည်း ဒီနဖူးပေါ်က ဒဏ်ရာလိုပဲ..."

အားလုံး၏စိတ်ထဲတွင် ဖိုးခွေး၏နဖူးပေါ်မှ ဒဏ်ရာကြီးကို ကြည့်ရင်း သံသယစိတ်တွေ ကိုယ်စီနှင့် ဖြစ်နေကြသည်။

ထိုနေ့က ဖိုးခွေး၏ကိစ္စဝိစ္စတို့ကို ပြီးဆုံးသည်နှင့် ဦးဖိုးတူတို့လူစုမှာ အိုးဘိုရွာသို့ ပြန်လာခဲ့ကြသည်။ ရွာမှ လူကြီး၊ လူငယ်များ၏ ပါးစပ်ဖျားမှာလည်း ကိုဖိုးကွေးတို့လင်မယား၏ ရှေ့ဆင့်နောက်ဆင့် အဖြစ်ဆိုးကြီးများအကြောင်းကိုသာ ပြောဆိုနေကြပြီး အချို့မှာ ကိုဖိုးခွေးတို့နေခဲ့သည့် အိမ်ရှေ့မှပင် ဖြတ်မလျှောက်ရဲကြတော့ချေ။ အထူးသဖြင့် ဘယ်သူမှမရှိတော့သည့် ထိုအိမ်မှ အရုပ်မည်းမည်းကြီးကိုလည်း ကြောက်စိတ်နှင့် မသတီဘဲဖြစ်နေကြတော့သည်။

❦ ❦ ❦





တဖျတ်ဖျတ်ခုန်နေသော မှန်အိမ်မှ မီးစာကို အဘိုးအို ီးလှကျော်က အနည်းငယ်မြှင့်တင်လိုက်သည်။ ကံမြင့်၊ စံပီးနှင့် ာက်လူတို့မှာ အဘိုးအိုပြောပြနေသည့် အကြောင်းများကို စိတ် င်တစား နားစိုက်ထောင်နေကြသည်မှာ တံတွေးပင်မျိုမချမိ လောက်အောင် ဖြစ်နေကြသည်။ ခင်လေးမြင့်နှင့် နုဝါတို့က အဘိုးအို၏ဘေးတွင် တိုးကပ်လာပြီး အရုပ်ကြီးကို သူတို့ကိုင် ွယ်ခဲ့ကြသည့်အဖြစ်ကိုတွေးရင်း အခုမှ ပြန်ပြီးကြောက်နေကြ ၏။ ထို့နောက် အဘိုးအိုဦးလှကျော်က...

"အဲဒီလိုနဲ့ ဒီသစ်သားပန်းပုရုပ်ကြီးကို အိုးဘိုရွာကလူတွေ အကုန်လုံးက အဘိုးတည်းတဲ့ ဘုန်းကြီးကျောင်းမှာပဲ ပို့ထားလိုက်ကြတော့တယ်"

"အဲဒီဘုန်းဘုန်းကြီးက ဒီပန်းပုရုပ်ကြီးရဲ့ အကြောင်းတွေ ပြန်ပြောပြတော့ အဘိုးက မကြောက်ဘူးလား..."

ခင်လေးမြင့်က အဘိုးအို ဦးလှကျော်ကို အခုမှ စိတ်ချ ဲကြည်သွားသလို ရင်းရင်းနှီးနှီးနဲ့ ဝင်မေးလိုက်သည်။

"အေးပေါ့ကွယ်၊ အိုးဘိုရွာကလူတွေက တောသူ တောင်သားတွေဆိုတော့ တော်ရုံတန်ရုံ အကြောင်း တိုက်ဆိုင်လိုက်တယ်ဆိုရင်ပဲ သူတို့စိတ်ထဲမှာ အစွဲ

www.burmeseclassic.com



အလမ်းတစ်ခုဖြစ်ပြီး အဲဒီအရုပ်ကြီးအပေါ် အမျိုးမျိုး ယူဆခဲ့ကြတာပေါ့...”

အဘိုးအိုက ရေနွေးကြမ်းအိုးထဲမှ အေးစက်စက်ရေနွေး များကို ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ကာ ကောက်ယူမော့သောက် လိုက်ပြီး...

“ဒါပေမဲ့... တကယ်တော့ အဘိုးထင်သလို မဟုတ်ခဲ့ဘူး၊ ဒီအရုပ်ကြီးက အဘိုးရဲ့ဘဝကိုပါ တစ်စစီပျက်စီးကွဲကြေအောင် လုပ်ခဲ့တယ် လူလေး တို့ရဲ့”

ဦးလှကျော်မှာ သူ၏ တုန်ယင်နေသောအသံကို ထိန်းရင်း ကံမြင့်တို့တစ်သိုက်ကို သူ့ဘဝအကြောင်း ကြေကြေကွဲကွဲနှင့် ဆက်ပြောပြလေသည်။

“အဲဒီတုန်းက အဘိုးက အသက်ကလည်း ငယ်ငယ်၊ ခေတ်ပညာလေးကလည်း ခုနစ်တန်းအောင် လောက်အထိ တတ်ထားတော့ အခုလို ပရလောက တို့ဘာတို့ဆိုတာ သိပ်ပြီးမယုံကြည်ဘူး”

ထို့နောက် ဦးလှကျော်မှာ သူနှင့် သစ်သားပန်းပုရုပ်ကြီး တို့၏ ဖြစ်ပုံပျက်ပုံကို ဆက်ပြောပြလေသည်။

■



## အခန်း [ ၉ ]

“ဒီအရုပ်ကြီးနဲ့ပတ်သက်တဲ့ အကြောင်းတွေက တော့ အဲဒါပါပဲ ဒကာလေးကိုလှကျော်၊ ကိုင်း... ဒီအရုပ်ကြီးကို ယူသွားချင်သပဆိုလည်း ယူသာသွား တော့ ဒကာလေးရေ...ဦးပဥ္စင်းကတော့ ပြောစရာ ရှိတာကို ပြောပြီးပြီ”

ကျောင်းထိုင်ဆရာတော်မှာ ကိုလှကျော် လိုချင်တပ်မက် ဖြစ်နေသည့် သစ်သားပန်းပုရုပ်ကြီး၏ အကြောင်းကို ပြောပြပြီး ကွမ်းအစ်ထဲမှ ကွမ်းရွက်တစ်ရွက်ပေါ်တွင် ထုံးများသုတ်ကာ ကွမ်းတစ်ယာ ယာလိုက်သည်။

“မှန်လှပါဘုရား၊ တပည့်တော်က ပန်းပုရုပ်တွေ ဆိုရင် ဟိုးအရင်ကတည်းက စိတ်ဝင်စားလာခဲ့တာ ဆိုတော့ အမှန်ပြောရရင် ဒီအရုပ်ကြီးကို လိုချင်ပါ တယ်။ နောက်ပြီး အဲဒီတုန်းက ကိုဖိုးခွေးတို့ လင်



www.burmeseclassic.com

www.burmeseclassic.com



မဟာ ဖြစ်ခဲ့ ပျက်ခဲ့တဲ့ကိစ္စတွေကလည်း အကြောင်း အကျိုး တိုက်ဆိုင်သွားလို့လည်း ဖြစ်ချင်ဖြစ်မှာပါ"

ကျောင်းထိုင်ဆရာတော်ကြီးက ကိုလှကျော်၏စကားကြောင့် ကွမ်းယာကို ပါးစပ်ထဲတွင်မြုံ့နေရင်း ခေါင်းတညိတ်ညိတ်ဖြင့် ကပ္ပိယကြီးကို လှမ်းခေါ်ကာ သစ်သားပန်းပုရုပ်ကြီးကို အိတ် တစ်လုံးဖြင့် ထုပ်ပိုးခိုင်းလိုက်သည်။

"ကဲ... ဒကာလေးအတွက် ဒီအရုပ်ကြီးက ကျုပ်ရဲ့လက်ဆောင်လို့သာ သဘောထားပေတော့၊ မနက်ကျတော့ ဟောဒီက ကပ္ပိယကြီးက ဒကာလေး တို့ကို မြို့အစပ်နားလောက်အထိ နွားလှည်းနဲ့လိုက်ပို့ ပေးလိမ့်မယ်"

"မှန်လှပါဘုရား၊ ကျေးဇူးအရမ်းတင်ပါတယ်။ မနက်စောစောသွားရမှာမို့ အခုကတည်းက ဦးပဉ္စင်း ကို ကန်တော့ခဲ့ပါရစေ။ နောက်နှစ်တွေလည်း လယ် စစ်ရင်းနဲ့ ဒီဘက်ကို ရောက်ချင်လည်း ရောက်ဦးမှာ ပါဘုရား"

ပြောပြောဆိုဆို ကိုလှကျော်မှာ ကျောင်းထိုင်ဆရာတော် ဦးဝိမလကို လက်အုပ်ချီလျက် ဦးသုံးကြိမ်ချကာ ကန်တော့လိုက် သည်။

"အေးကွယ်...သွားလေရာ လာလေရာ ဘေး မသီ ရန်မခဘဲ အလုပ်အကိုင် အကြံအစည်တွေ ထင်တိုင်းပေါက်ပြီး ငြိမ်းချမ်းပါစေ၊ အန္တရာယ် ခပ်သိမ်းလည်း ကင်းငြိမ်းပါစေ...သာဓု...သာဓု... သာဓု..."

❦ ❦ ❦

ကိုလှကျော်မှာ အိမ်အဝင်ဝမှ ဆီးကြိုနေသော အသစ်စက် စက် ဇနီးသည်လေး မခင်မှုံကြောင့် ပင်ပန်းနွမ်းနယ်လာသမျှတွေ အားလုံး ပြေပျောက်သွားသည်။

ကိုလှကျော်နှင့် မခင်မှုံမှာ အရွယ်အားဖြင့် ခုနစ်နှစ်သာသာ လောက်ကွာသဖြင့် မခင်မှုံအပေါ် ကိုကျော်လှက ဇနီးသည် တစ်ယောက်လိုရော ညီမလေးတစ်ယောက်လိုပါ ချစ်ခင်တွယ်တာ ရလေသည်။

မခင်မှုံမှာ အိမ်အဝင်ဝမှ လက်ဆွဲအိတ်ကြီးဆွဲပြီး ဝင်လာ သည့် ကိုလှကျော်ကို မြင်မြင်ချင်း ဝမ်းသာအားရဖြင့် ကလေး ငယ်တစ်ယောက်လို ပြေးပြီးဆီးကြိုလိုက်သည်။

"ဟယ်...ကိုကြီး ပြန်လာပြီ..."

မခင်မှုံမှာလည်း သူ့မိဘများ မရှိတော့သည့်နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလှကျော်နှင့် လက်ထပ်လိုက်ပြီး ကိုလှကျော်ကို မိဘလိုတစ်မျိုး လင်ယောကျ်ားလိုတစ်မျိုး အားကိုးလျက် အိမ်ထောင့်တာဝန်များကို မလစ်ဟင်းရအောင် အဘက်ဘက်မှ တာဝန်ကျေသော မိန်းမကောင်းတစ်ယောက်လို နေခဲ့သည်။

ထို့နောက် မခင်မှုံက အိမ်ကြီးအတွင်းမှ ခြံစောင့်အလုပ်သမား ကိုထွန်းကြိုင်နှင့် ထမင်းချက်ကြီး ကိုညွန့်ခင်တို့ကို လှမ်းခေါ်လိုက်သည်။

"ကိုထွန်းကြိုင်နဲ့ ကိုညွန့်ခင်တို့ရေ...ဒီမှာ ပစ္စည်းတွေ လာပြီးဝိုင်းသယ်ပေးကြပါဦး..."

ကိုလှကျော်၏ တပည့်ဖြစ်သူ ငွေကိုင်စာရေးကလေး မောင်ကောင်းစံမှာ ကားပေါ်မှ ဝန်စည်စလယ်များကို ချနေ၏။

ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့မှာ ချက်ချင်းပင် ပြေးထွက်လာကြပြီး...

"ဟာ...ဆရာလေးပြန်လာပြီဟေ့၊ ပေး...ပေး...ဆရာလေးလက်ထဲကအိတ်"

ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်မှာ ကိုလှကျော်၏ မိဘများရှိစဉ်ကာလကတည်းက ဒီအိမ်ကြီးတွင် သစ္စာရှိရှိနှင့် ကျိုးကျိုးနွံနွံ လုပ်ကိုင်ခဲ့သော အလုပ်သမားများဖြစ်ကြပြီး ကိုလှကျော်တို့ သူတို့အပေါ်တွင်လည်း အလွန်ခင်မင်အားကိုးရသူများ ဖြစ်သည်။





ကိုလှကျော်က သူ့လက်ထဲမှ လက်ဆွဲအိတ်ကို အတင်းဝင်ကူသယ်နေသော ကိုထွန်းကြိုင်ကို...

"ဟာ...ရတယ်...ရတယ် ကိုထွန်းကြိုင်၊ ဟောဟိုက ကားပေါ်ကပစ္စည်းတွေသာ ချခဲ့တော့"

ကိုထွန်းကြိုင်မှာ ငွေကိုင်စာရေးကလေး မောင်ကောင်းစံ ကားပေါ်မှချပေးသော အိပ်ရာလိပ်၊ ခရီးဆောင်အိတ်တို့နှင့်အတူ ဂုန်နီအိတ်ဖြင့် ရစ်ပတ်ထုပ်ပိုးထားသော သစ်သားပန်းပုရုပ်ကြီးကိုလည်း အိမ်ထဲသို့ မ,ပြီး ယူလာသည်။

"ကဲ...ကိုကြီး ရေမိုးချိုးပြီး ခဏနားလိုက်ဦးနော်၊ ခင်မှုံ ကိုခင်ညွန့်တို့လှင်မယားကို စားဖို့ဆောင်မှာ ချက်ဖို့ပြုတ်ဖို့ စီမံပေးလိုက်ဦးမယ်"

မမယ်တင့်မှာ ကိုလှကျော်သိုင်းဖက်ထားသည့် ပခုံးပေါ်မှ လက်တစ်ဖက်ကို အသာချရင်း ကျစ်ဆံမြီးလေးနှစ်ဖက်ကို ခါယမ်းကာ ကလေးတစ်ယောက်လို မြူးထူးသွက်လက်စွာ အိမ်အနောက်ဘက်ဆီသို့ ပြေးသွား၏။

"ဟင်း...မမလေး မခင်မှုံကတော့ ဒီနေ့အဖို့ အတော်ကလေး ရွှင်ရွှင်လန်းလန်းဖြစ်နေပုံပဲ။ ဆရာခရီးသွားတဲ့ရက်ကတည်းက မျက်နှာကလည်း မသာမယာနဲ့၊ ကျွန်တော်တို့ဆိုရင် နေ့တိုင်းလိုလို အဆူခံ

www.burmeseclassic.com



နေရတော့တာပဲ…ဟဲ…ဟဲ…"

ကိုထွန်းကြိုင်မှာ တဟဲဟဲနှင့် သူ့သွားများပေါ်အောင် ရယ်နေတော့သည်။ ကိုလှကျော်က ကိုထွန်းကြိုင်သယ်မလာသော ပစ္စည်းများထဲမှ ဂုန်နီအိတ်ဖြင့် ရစ်ပတ်ထားသော သစ်သားပန်းပုရုပ်ကြီးကို ဆွဲထုတ်လိုက်၏။

"ဟာ…ဆရာလေး ဒီအရုပ်ကြီးက ဘယ်လောက်ပေးပြီး ဝယ်ခဲ့ရတာလဲ။ ကြည့်စမ်းပါဦးဗျာ၊ ဒါ…ဒီမှာထုထားတဲ့အရုပ်တော့ မဟုတ်တန်ကောင်းပါဘူး၊ လက်ရာက ပင်လယ်ရပ်ခြားကလာတဲ့ပုံမျိုးပဲ"

အရုပ်ကြီး၏မျက်နှာပေါ်သို့ လက်ဖြင့်ပွတ်သပ်ပြီး ကိုထွန်းကြိုင်မှာ စေ့စေ့စပ်စပ်ကြည့်နေ၏။

"ဟာ… ဆရာလေးအရုပ်ကြီးရဲ့ နဖူးပေါ်မှာ သစ်သားစကြီးကလည်း ပွဲထွက်နေပါလား"

"ဟုတ်တယ်ဗျာ၊ ဒီကိုသယ်လာတုန်း လမ်းမှာ ဘာနဲ့ထိမိတယ်မဆိုနိုင်ပါဘူး"

ကိုလှကျော်က ထိုအရုပ်ကြီး၏အကြောင်းကို ဘာတစ်ခုမှ မပြောတော့ဘဲ ကိုထွန်းကြိုင်၏အမေးကို ပြီး…ပြီးရော ပြန်ပြောလိုက်သည်။

❦ ❦ ❦





ကိုလှကျော်တို့အိမ်ကြီးမှာ ခြံဝက လှမ်းကြည့်လိုက်လျှင် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ညိုမှောင်မှောင် ခေါင်မိုးနီနီနှင့် နှစ်ထပ်အိမ်ကြီးက ခြံကြီးအတွင်း ပုန်းအောင်းနေသလို ထင်ရသည်။ ခြံဝမှနေ၍ ဆင်ဝင်အောက်သို့ အုတ်ခဲများစီထားသော လမ်းကလေးအတိုင်း ကွေ့ကွေ့ကောက်ကောက်ဖြင့် ဝင်သွားရသည်။ ထိုခြံကြီးအတွင်း ကိုထွန်းကြိုင်စိုက်ပျိုးထားသော ပန်းရောင်စုံများက ခမ်းနားသောအိမ်ကြီးနှင့် အလွန်လိုက်ဖက်နေသည်။

အိမ်ကြီး၏ဆင်ဝင်အောက်တွင် မိန်းမပျိုနှစ်ယောက် ရေအိုးရွက်ထားသည့် သစ်သားပန်းပုရုပ်ကြီးနှစ်ရုပ်က ပုဂံခေတ်လက်ရာဆန်ဆန် ထုလုပ်ထားသည်။ ကိုလှကျော်၏အိမ်အောက်ထပ်မှ ဧည့်ခန်းထဲတွင်လည်း အကြီး အသေး အလတ် အရွယ်စုံ မျိုးစုံ ပန်းပုရုပ်များက ပြည့်နှက်နေ၏။

ကိုလှကျော်မှာ သစ်သားပန်းပုရုပ်မည်းမည်းကြီးကို သူတို့ အိပ်ခန်းထဲသို့ ရွှေ့ယူသွားပြီး အခန်းထောင့်မှ စာကြည့်စားပွဲပေါ်တွင် တင်ထားလိုက်၏။

ထိုနေ့မှစ၍ မခင်မှုမှာ ထိုအခန်းထောင့်မှ သစ်သားပန်းပုရုပ်ကြီးကိုကြည့်ရင်း တစ်ခါတစ်ခါ ကြက်သီးမွေးညင်းများ ထသွားသလို ထိုအရုပ်ကြီးကို ကြည့်မိရာမှ တခြားဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလွဲပစ်လိုက်သည့်အခါများတွင် ထိုအရုပ်မည်းကြီးမှာ မခင်မှုံ၏မျက်စိထဲတွင် ကပ်ငြိပါလာတတ်သလို ဖြစ်ဖြစ်နေ၏။

"အင်း…ကိုကြီးက ခါတိုင်းဆို လှလှပပအရုပ်လေးတွေသာ ဝယ်ဝယ်လာတတ်တာပါ၊ ဘာဖြစ်လို့များ အခုကျမှ ဒီအရုပ်ကြီးကို အိပ်ခန်းထဲအထိတောင် ယူလာပြီးထားရတာလဲ။ ဒီအရုပ်ကြီးကိုကြည့်ရတာ ငါ့ရင်ထဲမှာ သရိုးသရီဖြစ်ဖြစ်သွားတာပဲ"

ထို့နောက် မခင်မှုံမှာ ကိုလှကျော်ယူလာသည့် အရုပ်ကြီးကိုကြည့်ပြီး…

"ကိုကြီး…ဒအရုပ်ကြီးကို ကြည့်ရတာ ခင်မှုံ ကြောက်လိုက်တာ ကိုကြီးရယ်၊ နောက်ပြီး အရုပ်ကြီးရဲ့မျက်လုံးတွေက ခင်မှုံနောက်ကို လိုက်ကြည့်နေသလိုပဲ။ တခြားတစ်ယောက်ကိုပေးရင်လည်း ပေးလိုက်ပါ ကိုကြီးရယ်…နော်…"

ကိုလှကျော်က တည်းည်း တည့်ည့်ပြောနေသော ခင်မှုံ၏ပခုံးစွန်းတစ်ဖက်ကို လှမ်းကိုင်ကာ…

"ခင်မှုံရယ်… ကိုကြီး ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တဲ့ အရုပ်တွေစုတဲ့အလုပ်ကိုတော့ မတားပါနဲ့ကွာ၊ ကိုယ့်မှာက တခြားသူတွေလို အသောက်





အစား အပျော်အပါးတွေလည်း ဝါသနာပါခဲ့တာ မဟုတ်ဘူး။ ဒါလေးတစ်ခုကိုတော့ ခင်မှုံ နားလည်စေချင်တယ်ကွာ။ နောက်ပြီး ခင်မှုံကို တခြားဝန်ထောက်ကတော်တွေလိုလည်း လက်ဝတ်လက်စားကအစ လိုလေသေးမရှိ ထားခဲ့တာပဲ။ ဒီအရုပ်နဲ့ပတ်သက်လို့တော့ ကိုကြီးကို အပြစ်မတင်ပါနဲ့တော့ကွာနော်…"

ခင်မှုံမှာ ကိုလှကျော်၏စကားကို ဘာတစ်ခုမှ ပြန်ပြီးမငြင်းဆန်ဘဲ ကိုလှကျော် သူမအပေါ် လိုလေသေးမရှိထားခဲ့ပုံတွေကို ပြန်ပြီးမြင်ယောင်ကာ ကျေနပ်ခွင့်လွှတ်ပြီး ပြန်သနားနေခဲ့သည်။

"သြော်…လက်ဝတ်လက်စားဆိုလို့ ပြောရဦးမယ် သိလား ကိုကြီး၊ ခင်မှုံလေ ဟိုတစ်ရက်က စိန်ဘာဘူလာရောင်းတာနဲ့ စိန်လက်စွပ်တစ်ကွင်းတောင် ဝယ်ထားလိုက်သေးတယ်သိလား၊ ဒါပဲနော်… ကိုကြီး စိန်လက်စွပ်ဝယ်လိုက်လို့ ခင်မှုံကိုတော့ မဆူရဘူး"

ပြောပြောဆိုဆို ခင်မှုံက စိန်ဘာဘူထံမှ ဝယ်ယူလိုက်သည့် စိန်လက်စွပ်ကို ဗီရိုအံဆွဲအတွင်းမှ သွားပြီးယူလိုက်၏။

ကိုလှကျော်မှာ စိန်ဘာဘူဆိုသည့် နာမည်ကို ကြားလျှင်

www.burmeseclassic.com



ကြားချင်း စိတ်ထဲတွင် ထောင်းခနဲဖြစ်သွား၏။

"ဘာ...စိန်ဘာဘူ...ဟုတ်လား၊ အဲဒီကောင်ကို ဘာဖြစ်လို့ ပတ်ပတ်သက်သက်လုပ်ပြီး ဒီပစ္စည်းတွေကို ဝယ်နေရတာလဲ..."

"မဟုတ်ဘူး ကိုကြီး၊ ခင်မှုံက သူ့ကို လက်ဝတ်လက်စား အဆန်းလေးတွေရရင် သူများထက်ဦးအောင် လာပြပါဆိုလို့..."

ခင်မှုံမှာ စိန်လက်စွပ်ထည့်ထားသည့် ကတ္တီပါဘူးအနီလေးကို ကိုလှကျော်အား ဖွင့်ပြမည်အလုပ်တွင် ကိုလှကျော်၏စကားကြောင့် ကိုယ့်ကိုယ်ကိုယ့် ဝမ်းနည်းသလိုပင်ဖြစ်သွား၏။ ကိုလှကျော်ကတော့ မျက်ခုံးနှစ်ဖက်ကိုတွန့်ကာ...

"အဲဒီစိန်ဘာဘူဆိုတဲ့ကောင်က လင်ရှိမယားကောဘာကော နားလည်တဲ့ကောင် မဟုတ်ဘူး၊ နင်နားလည်လား ခင်မှုံ။ ငါက အလုပ်ကိစ္စနဲ့ အိမ်မှာအမြဲရှိနေတာမဟုတ်ဘူး၊ ငါမရှိတဲ့အချိန်ပဲဖြစ်ဖြစ်ရှိတဲ့အချိန်ပဲဖြစ်ဖြစ် ဒီကောင် အိမ်ကိုလာတာကို လုံးဝမကြိုက်ဘူး"

ကိုလှကျော်မှာ ဒေါသကြောင့် အသံများတုန်ယင်နေပြီးခင်မှုံကို နင်တွေ ငါတွေပါ သုံးလာတော့သည်။ ခင်မှုံက





ခေါင်းကိုငုံ့ထားရာမှ...

"ကိုယ်ကောင်းရင် ကိုယ့်ခေါင်းက ဘယ်မှမရွေ့ပါဘူး ကိုကြီးရယ်..."

"အေး...ကိုယ်က ဘယ်လောက်ကောင်းပါတယ်ဆိုပေမယ့် ပတ်ဝန်းကျင်က အလကားနေတာမဟုတ်ဘူး၊ မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြတာ။ ငါ့သိက္ခာ ငါ့အနေအထားနဲ့..."

တဖြည်းဖြည်း ကိုလှကျော်၏အသံတွေက တင်းမာလာ၏။ ခင်မှုံကတော့ သူမ၏ရင်ကလေးမှာ တသိမ့်သိမ့်ခုန်နေကာ တရှုံ့ရှုံ့နှင့် ငိုနေတော့သည်။

ကိုလှကျော်မှာ ခေါင်းကိုငုံ့ကာ လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ပြီး ရှိုက်ငိုနေသည့် ခင်မှုံ၏ပခုံးနှစ်ဖက်ကို ဆွဲယူကာသူ့ရင်ခွင်ထဲသို့ ခင်မှုံ့တစ်ကိုယ်လုံးကို ဆွဲသွင်းပွေ့ဖက်ထားလိုက်မိတော့သည်။

ကိုလှကျော်မှာ ဒေါသဖြင့် အော်ငေါက်ပြီးပြောလိုက်မိသောသူ့ကိုယ်သူ ပြန်ပြီးမကျေမနပ်ပင်ဖြစ်နေမိ၏။ နောက်ပြီးအရင်က သူဘာပဲပြောပြော ခင်မှုံမှာ မျက်လုံးလေးထောင့်ကပ်ပြီးကလေးတစ်ယောက်လို နားထောင်ခဲ့သူဖြစ်ခဲ့ပြီး ဒီတစ်ခါတော့သူ၏ ရင့်ရင့်သီးသီးနှင့် ဇော်ကားသည့်စကားလုံးများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံ တသိမ့်သိမ့်ရှိုက်ငိုနေရသည်ကို စိတ်မကောင်းဖြစ်သွားမိသည်။

"ကဲပါ...ခင်မှုံရယ် ကိုကြီး မဆူတော့ပါဘူး၊ တိတ်တော့...တိတ်တော့နော်..."

ခင်မှုံ၏ကျောပြင်ကို လက်ဖြင့်ဖွဖွပုတ်ရင်း ကိုလှကျော်က ပြန်ပြီးချော့နေ၏။

သူတို့လင်မယားနှစ်ယောက်၏ အဖြစ်အပျက်များကို အခန်းထောင့်စားပွဲပေါ်မှ မျက်လုံးတစ်စုံက စူးစူးဝါးဝါးကြီးပင် စိုက်ကြည့်နေသည်။ ထိုမျက်လုံးတစ်စုံကိုတော့ ကိုလှကျော်နှင့် ခင်မှုံတို့မှာ သတိမထားမိကြတော့ချေ။

■





## အခန်း [ ၁၀ ]

"ဘာ...တကယ်ပြောတာလား ခင်မှုံ..."

ရုတ်တရက် ခင်မှုံ၏ တီးတိုးစကားကြောင့် ထခုန်မတတ်ဖြစ်သွားသော ကိုလှကျော်ကို ကိုထွန်းကြိုင်နှင့်အတူ ကိုညွှန့်ခင်တို့လင်မယားမှာ ဘာမှနားမလည်သလိုနှင့် ကြည့်နေကြ၏။

"ဟေး...ငါ...ငါ...ကလေးအဖေဖြစ်ပြီကွ..."

လက်နှစ်ဖက်ကိုမြှောက်ပြီး ကိုလှကျော်မှာ ကိုထွန်းကြိုင်တို့ရှိရာသို့ ခုန်ပေါက်ပြေးသွားပြီး ကိုထွန်းကြိုင်နှင့် ကိုညွှန့်ခင်တို့၏ ပခုံးကို ဖျစ်ညှစ်ဆွဲခါလိုက်ကာ ဝမ်းသာအားရနှင့်...

"ကျွန်တော်...ကျွန်တော် ကလေးအဖေ ဖြစ်တော့မယ်ဗျ... ကိုထွန်းကြိုင်ကြီးတို့ရ...ဟားဟားဟား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...တကယ်၊ ဝမ်းသာလိုက်တာ ဆရာ ရယ်..."

ကိုညွန့်ခင်၏မိန်းမကပါ မြူးထူးခုန်ပေါက်နေသော ကိုလှကျော်ကိုကြည့်ကာ လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာကြည်နူးနေ၏။ ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်မှာလည်း သူတို့၏အိမ်ကြီးသခင်တို့ ကလေးရကြတော့မည်ဆိုသဖြင့် ဝမ်းသာအားရဖြစ်နေကြသည်။

"အမလေးဆရာရယ်... ဆရာတို့လင်မယားနှစ်ယောက်က မွေးလာမယ့်ကလေးကတော့ ဆရာတို့လင်မယားလိုပဲ ခန့်ခန့်ချောချောကြီးနေမှာ။ အဲဒီကလေးကိုတော့ ကျွန်မကိုယ်တိုင်ထိန်းမယ်...ဒါပဲ..."

ကိုညွှန့်ခင်၏မိန်းမမှာ အခုကတည်းက ကလေးထိန်းဖို့ကိုကြိုပြီးစရန်သတ်နေ၏။

ကိုလှကျော်မှာ လက်မတထောင်ထောင်ဖြင့် သူ့ပုဆိုးခါးပုံစကို တစ်ချက် နှစ်ချက်သတ်တင်လိုက်ရင်း ဟန်ပါပါဖြင့်...

"ကျွန်တော်ကတော့ ကျွန်တော်နဲ့တူတဲ့သားလေးကိုပဲ လိုချင်တယ်။ ဒီကောင်ကြီးကို ကြီးလာရင် ရှင်တွေဘာတွေပြုဖို့ အခုကတည်းက ပိုက်ဆံရှာဖွေထားမှဖြစ်မယ်။ အိုဗျာ...ဒီကောင် အရွယ်ရောက်လို့





မိန်းမလိုချင်ပြီဆိုရင်တောင် ကျွန်တော်ကိုယ်တိုင် လိုက်ပြီးတောင်းရမ်းပေးမယ်...ဟားဟားဟား..."

ကိုလှကျော်မှာ မခင်မှုံဗိုက်ထဲမှ သားလေး၏ရေ့ရေးကိုပါ စိတ်ကူးယဉ်ပြီး အရူးအမူးပင်ဖြစ်နေ၏။

ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့လင်မယားမှာ သူတို့နှင့်အတူ နှစ်ပေါင်းများစွာ အတူနေလာခဲ့ကြသူများ ဖြစ်ခဲ့သဖြင့် တစ်ယောက်နှင့်တစ်ယောက်မှာ ဘာလျှို့ဝှက်ချက်များမှ မရှိကြဘဲ မိသားစုလို ပွင့်ပွင့်လင်းလင်း ပြောဆိုတိုင်ပင်ခဲ့ကြသူများဖြစ်သည်။ ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့လင်မယားမှာလည်း ကိုလှကျော်နှင့်မခင်မှုံတို့အပေါ် မိသားစုတစ်ခုလို သဘောထားကာ မနိမကပ်မညည်းမညူဘဲ လုပ်ကိုင်ပေးကြသည်။

ကိုညွန့်ခင်၏မိန်းမမှာ ခင်မှုံရှိရာသို့ လျှောက်သွားပြီး ခင်မှုံ၏ဒူးနှစ်ဖက်ကို လက်ဖြင့်လှမ်းကိုင်လိုက်ကာ...

"မမလေး လိုအပ်တဲ့ကိစ္စမှန်သမျှ ကျွန်မကို အားမနာနဲ့...ခိုင်းနော်၊ နောက်ပြီး စားချင်တာမှန်သမျှ ပြော...အားလုံးလုပ်ပေးမယ်"

မခင်မှုံမှာ သူမ၏ဒူးနှစ်ဖက်ကို ဖျစ်ညှစ်ပြောဆိုနေသော ကိုညွန့်ခင်မိန်းမကို...

"ကျေးဇူးတင်ပါတယ် မဆော်မြရယ်၊ အခုအနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှမစားချင်သေးပါဘူး"

"တို့ဆရာကတော့ ယောကျ်ားလေးလိုချင်တယ်တဲ့ဟော့၊ မမလေး မခင်မှုံကတော့ ဘာလေးလိုချင်လဲ၊ ကျွန်တော်တို့ကိုလည်း ပြောပြဦးလေ...ဟားဟားဟား..."

ကိုထွန်းကြိုင်မှာ သူ့ပါးစပ်ပြဲပြဲကြီးကို ဖြဲပြီး တဝါးဝါးနှင့် အော်ရယ်နေကာ ခင်မှုံကို လှမ်းမေးနေ၏။ မခင်မှုံမှာ ကုလားထိုင်ကျောမှီကို မှီချလိုက်ရင်း...

"ကျွန်မကတော့ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ်ပါ။ ကိုယ့်သွေးသား ဖြစ်လာတော့လည်း ချစ်ရမှာပေါ့ ကိုကြီးထွန်းရယ်..."

ထိုနေ့က ကိုလှကျော်တို့တစ်အိမ်လုံးမှာ ပျော်ရွှင်စရာအကောင်းဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပြီး တသဲ့သဲ့လေးကြားနေရသော ဆည်းလည်းသံ တိုးတိုးညင်းညင်းလေးကြောင့် သူတို့ခြံကြီးအတွင်းမှ ဒေလီယာပန်းပွင့်များပင် လှုပ်ခတ်သွားသလိုထင်ရသည်။

❦ ❦ ❦

ကိုလှကျော်က မခင်မှုံ ကိုယ်ဝန်စပြီးရှိတဲ့နေ့မှစပြီး အိမ်ကို





နေ့စဉ်လိုလို ရုံးက စောစောပြန်လာလေ့ရှိ၏။ သူပြန်လာတိုင်းလည်း မခင်မှုံအတွက် လိုအပ်တဲ့ အားဆေးနဲ့ ဗိုက်ထဲက ကလေးအတွက် လိုအပ်တဲ့ ပစ္စည်းပစ္စယလေးတွေကို ဝယ်ပြီး ပြန်လာလေ့ရှိသည်။

ကိုလှကျော် ရုံးကအပြန်တွင် အိမ်ရှေ့ဆင်ဝင်အောက်တွင် ပ်ထားသော အော်စတင်ကားမည်းလေးတစ်စီးကို တွေ့လိုက်ရသည်။

ထိုအော်စတင်ကားမည်းလေးကို တွေ့လျှင်တွေ့ချင်း ကိုလှကျော်၏ ဒေါသများက ငယ်ထိပ်အထိ ဒုန်းခနဲတိုးဆောင့်သွား၏။ ကိုလှကျော်က အော်စတင်ကားလေးနားသို့ မရောက်ခင် အိမ်ထဲမှ စိန်ဘာဘူက သုတ်သီးသုတ်ပျာနှင့် ထွက်လာပြီး ကားခါးဂျက်ကို ကမန်းကတန်းဆွဲဖွင့်ကာ စက်နှိုးပြီး မောင်းထွက်သွားသည်။

"တောက်...ဒီကောင့်ကို အိမ်ကိုမလာပါစေနဲ့လို့ အတန်တန်ပြောထားရက်သားနဲ့..."

ကိုလှကျော်မှာ ခြံဝင်းအတွင်းမှ မီးခိုးတလူလူဖြင့် တရကြမ်း မောင်းထွက်သွားသော အော်စတင်ကားအမည်းလေး၏ နောက်ကျောကို ကြည့်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ ထို့နောက် အိမ်ကြီးအတွင်းသို့ လှမ်းဝင်လိုက်၏။ ကိုလှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်၏မေးရိုးကြီးများမှာ အံကိုတင်းတင်းကြိတ်ထားသဖြင့် အမြှောင်းလိုက်ထောင်ထနေ၏။

ကိုလှကျော် အိမ်အဲတွင်းသို့ လှမ်းဝင်ဝင်ချင်း မခင်မှုမှာ နှုတ်ခမ်းနီ ပါးနီများနှင့် ပိုးဖဲကတ္တီပါဝမ်းဆက်ကို ဝတ်ထားကာ ခါတိုင်းနှင့်မတူဘဲ ထူးထူးခြားခြား ဖြီးလိမ်းပြင်ဆင်ထား၏။

"ဩော်...ဒီကောင်က ဘာလာပြီးလုပ်ရပြန်တာလဲ ခင်မှု၊ ဟင်...ကြည့်စမ်းပါဦး၊ တစ်ကိုယ်လုံး ဖြီးလိမ်းပြင်ဆင်ထားလိုက်တာ၊ ဘာလဲ...ဒီကောင်လာမယ်ဆိုလို့လား"

"အို...မဟုတ်ရပါဘူးကိုကြီးရယ်၊ စိန်ဘာဘူက လက်ကောက်ပုံစံအသစ်ရလာလို့ လာပြတာ၊ ကိုကြီး မကြိုက်မှန်းသိလို့ သူ့ကို မယူတော့ဘူးလို့ပြောပြီး အခုပဲ အတင်းပြန်ခိုင်းလိုက်တာပါ။ နောက်ပြီး ခင်မှု အခုလို ဝတ်စားပြင်ဆင်ထားကလည်း ဒီနေ့ ကိုကြီးရဲ့ မွေးနေ့လေ၊ မေ့နေပြီလား။ အဲ့ဒါ ကိုကြီးပြန်လာရင် ဘုရားသွားမလို့ အဆင်သင့်ပြင်ထားတာ..."

ခင်မှု့စကားကြောင့် ကိုလှကျော်မှာ ဆက်ပြီးဆူဖို့ခက်သွား၏။ စောစောက တဟုန်းဟုန်းတောက်လောင်နေသော ဒေါသတို့မှာလည်း ချက်ချင်းပင် ကြက်ပျောက်ငှက်ပျောက် ပျောက်





ကုန်၏။

"အင်း...တကယ်တော့ ခင်မှုဟာ ငါထင်သလို ဖောက်လွဲဖောက်ပြန်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါလား။ ငါဟာ ငါ့အတွက်နဲ့ စွပ်စွပ်စွဲစွဲပြောမိတာတွေ သိပ်ကိုများနေပြီ။ သူ့အပေါ် နေရာတကာ ချုပ်ချယ်နေတာ များသွားပြီလား"

ကိုလှကျော်မှာ မခင်မှုကိုကြည့်ရင်း သနားမိနေ၏။ ထို့နောက် အိပ်ခန်းအတွင်းသို့ ဝင်လာကာ ခင်မှု အသင့်ပြင်ပေးထားသည့် အင်္ကျီအဝတ်အစားများကို လဲဝတ်လိုက်သည်။ မခင်မှုမှာ ကိုလှကျော် ချွတ်ပစ်လိုက်သော လုံချည်နှင့် အင်္ကျီများကို အဝတ်ဟောင်းထည့်သည့် ခြင်းတောင်းအတွင်းသို့ ကောက်ပြီး ထည့်လိုက်၏။

ကိုလှကျော်မှာ နေ့စဉ်လိုလို ရုံးကပြန်ရောက်သည်နှင့် မခင်မှု၏မျက်နှာကို မြင်ရပြီးလျှင် အခန်းအတွင်းမှ သစ်သားပန်းပုရုပ်ကြီး၏ မျက်နှာကို သွားပြီးကြည့်လေ့ရှိသည်။

မခင်မှု၏မျက်နှာမှာ ခါတိုင်းနှင့်မတူဘဲ နေ့စဉ်လိုလို အိပ်ရေးပျက်ထားသူလို မျက်တွင်းမျက်ချောင်များကျလျက် အနည်းငယ်ပိန်ပိန်လာနေ၏။ ကိုလှကျော်မှာ မခင်မှု ကိုယ်ဝန်ရှိကာစဖြစ်၍ အအိပ်ပျက် အစားပျက် ဖြစ်လာရသည်ဟုပင်



www.burmeseclassic.com

www.burmeseclassic.com



ထင်ကာ သူ၏သစ်သားပန်းပုရုပ်ကြီး၏ ရှေ့သို့သွားကာ ကြည့်နေ၏။

"ဟင်..."

သစ်သားပန်းပုရုပ်ကြီး၏ရှေ့မှ ပန်းကန်ပြားတစ်ချပ်ပေါ်တွင် တွန့်ကြေနေသော စီးကရက်ဖင်ဆီခံတစ်ခုကို တွေ့လိုက်ရ၏။

ကိုလှကျော်မှာ ပန်းကန်ပြားထဲမှ စီးကရက်ဖင်ဆီခံကို ကောက်ယူပြီး ကြည့်လိုက်၏။ ထို့နောက် သူ့မျက်လုံးများက မခင်မှုံထံသို့ တဖြည်းဖြည်းလှည့်ကာ အဓိပ္ပာယ်ပါပါ တစ်ချက် ကြည့်လိုက်၏။

မခင်မှုံမှာ ကိုလှကျော်၏လက်ထဲမှ စီးကရက်ဖင်ဆီခံကို ကြည့်ကာ ပျာပျာသလဲဖြစ်သွားပြီး...

"သြော်...စောစောက စိန်ဘာဘူရဲ့စီးကရက်၊ သူက ဒီအရုပ်ကြီးကို ကြည့်ချင်တယ်ဆိုလို့ ခင်မှုံ လိုက်ပြတာ။ အဲဒီတုန်းက အခန်းထဲကို စိန်ဘာဘူ ဝင်ကြည့်မယ်ဆိုတော့ ခင်မှုံက မစောမြကိုပါ အားမှာ အဖော်ခေါ်ထားပါတယ်။ အရုပ်ကြီးကို ကြည့်ရင်း အဲဒီပန်းကန်ပြားထဲမှာ သူ့စီးကရက်ကို ချသွားတာ ထင်ပါရဲ့"

ကိုလှကျော်မှာ ခင်မှုံကို နောက်ထပ် ဘာစကားတစ်ခွန်း





မပြောတော့ဘဲ အရုပ်ကြီး၏ကိုယ်ပေါ်မှ ဖုန်များကို အဝတ်စတစ်ခုဖြင့် သုတ်နေ၏။

"ကိုကြီးရယ်... ဒီအရုပ်ကြီးကို တခြားတစ်ယောက်ယောက်ကို ပေးရင်လည်း ပေးပစ်လိုက်ပါလားဟင်၊ နောက်ပြီး အဲဒီအရုပ်ကြီးကို ကြည့်မိရင် ခင်မှုံ တစ်ညလုံး ကောင်းကောင်းအိပ်လို့မရတော့ဘူး"

ကိုလှကျော်မှာ ခင်မှုံ၏စကားကို အမှုမဲ့အမှတ်မဲ့နေလိုက်ရင်း...

"ကဲ...ခင်မှုံ ဘုရားသွားမယ်ဆို၊ ကိုကြီးကတော့ ပြီးပြီ၊ ခင်မှုံက ဘာတွေဝတ်ဦးမှာလဲ။ ဒီလည်ဆွဲကြီးက မလှပါဘူးကွာ၊ အခြားတစ်ခုခုပြောင်းပြီး ဝတ်ခဲ့၊ ပြီးရင် ကိုကြီးသူငယ်ချင်း ဝန်ထောက်တစ်ယောက်အိမ်ကိုပါ ဝင်ရဦးမှာ..."

ပြောပြောဆိုဆို ကိုလှကျော်မှာ မခင်မှုံလည်ပင်းမှ ဆွဲထားသော ဘယက်ကို ဖြုတ်ပေးလိုက်ပြီး ပတ္တမြားလော့ကက်သီးပါသော ဆွဲကြိုးတစ်ကုံးကို ပြောင်းပြီးဆွဲပေးလိုက်၏။ ထိုနေ့ညတွင် ခင်မှုံမျက်နှာမှာ အနည်းငယ်ချောင်ကျသွားသည်ကလွဲပြီး ကလေးတစ်ယောက်လို ဖြူစင်လှပနေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ခင်မှုံ့ကိုယ်ဝန်က နေ့စေ့လစေ့သို့ ရောက်လာ၏။ ခင်မှုံ မျက်နှာမြင်ခါနီးအချိန်တွင် ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့ကပါ ခါတိုင်းထက်ပိုပြီး ပျာယီးပျာယာနိုင်နေကြသလို ထင်ရသည်။ ကိုညွန့်ခင်၏မိန်းမ မစောမြမှာ ခင်မှုံဘေးတွင် တစ်ချိန်လုံးထိုင်ပြီး ရောရောရှူရှူမွေးနိုင်ဖို့အတွက် အင်္ဂုလိမာလသုတ်ကို တတွတ်တွတ်ရွတ်ဆိုပေးနေ၏။

ကိုလှကျော်ကတော့ အိမ်ရှေ့ဧည့်ခန်းထဲတွင် ထိုင်ရမလိုထရမလို ခေါက်တုံ့ခေါက်ပြန်ခြေလှမ်းများဖြင့် မရွတ်တတ်ရွတ်တတ်နှင့် ပါးစပ်ထဲရှိရာ ဂါထာတွေ သုတ်တွေကို ရွတ်ဖတ်နေမိသည်။ မကြာမီ မြင်တွေ့ခွင့်ရတော့မည့် သူ့ရင်သွေးလေး၏ မျက်နှာကိုလည်း စိတ်ကူးနှင့် အမျိုးမျိုး ပုံဖော်ကြည့်နေမိသည်။ နောက်ပြီး အခန်းထဲမှာ တညည်းညည်း တညူညူဖြစ်နေရှာသည့် ခင်မှုံ့ကိုလည်း သနားမိနေသည့်စိတ်တွေက ယောက်ယက်ခတ်နေ၏။

သို့သော်...မကြာမီ...

သူစိတ်ကူးထားသည့်အပျော်များက ခင်မှုံ မီးဖွားပြီးသည့်အချိန်မှစပြီး တစ်စစီပျက်စီးကြေမွသွားတော့သည်။

"အူဝဲ...အူဝဲ...အူဝဲ..."

"မွေးပြီ...ဆရာရေ...ယောက်ျားလေးတော့..."





ရုတ်တရက် အခန်းထဲမှ မစောမြ၏အသံကြောင့် ကိုလှကျော်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ တုံ့ခနဲရပ်တန့်လိုက်ပြီး...

"ဟုတ်ပြီကွ...သား...သား၊ ငါလိုချင်နေတဲ့သားလေး ရပြီ"

ကိုလှကျော်မှာ ဘေးမှထိုင်နေသော ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့လက်များကိုလည်းဆွဲကာ ကချင်ခုန်ချင်သလိုဖြစ်နေ၏။ ထို့နောက် အခန်းအတွင်းမှ မစောမြပွေ့ချီခေါ်ယူလာမည့် သူ့သားလေးကို ကြည့်ချင်မြင်ချင်ဇောတွေဖြင့် အခန်းဝသို့ ပြေးသွားလိုက်၊ နောက်သို့ပြန်လျှောက်လာလိုက်ဖြင့် မနေတတ်မထိုင်တတ်တွေ ဖြစ်နေသည်။

ခဏအကြာ...

အိမ်ခန်းအတွင်းမှ မစောမြက အနီးဖြင့်ရစ်ပတ်ထုပ်ပိုးထားသော ကလေးကို ကိုလှကျော်တို့ရှိရာ အိမ်ရှေ့ခန်းသို့ ယူပြီးလာပြလိုက်သည်။

ကိုလှကျော်နှင့်အတူ ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့ကပါ မစောမြလက်ထဲမှ ကလေးကို ဝိုင်းငုံ့ကြည့်လိုက်ကြ၏။

"ဟင်..."

အားလုံး၏အသံများမှာ တစ်ခဏအတွင်းမှာပင် ချောက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်တိုက်ဆိုက်သွား၏။ ကိုညွှန့်ခင်က သူ့မိန်းမ မစောမြကို နားမလည်သလိုအမူအရာနှင့် ပြန်ပြီးလှမ်းကြည့်လိုက်၏။ ကိုထွန်းကြိုင်မှာလည်း စောစောက ခုန်ပေါက်မြူးထူးနေသည့်သူ မဟုတ်တော့သလို ငြိမ်သက်သွား၏။

ကိုလှကျော်ကတော့ သူ့ရှေ့မှ မစောမြ ချီပိုးထားသည့် ကလေးကိုကြည့်ရင်း နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ်တုန်ယင်နေ၏။ နဖူးပေါ်မှ အပြိုင်းပြိုင်းထနေသော သွေးကြောကြီးများကြားတွင် အသွီးသီးထနေသည့် ချွေးသီးချွေးပေါက်များက မြင်မကောင်းအောင်ဖြစ်နေ၏။

မစောမြချီပိုးထားသော အနီးထဲမှကလေးမှာ အသားအရေမည်းကြုတ်ကြုတ်နှင့် မျက်လုံးမျက်ဖန်များမှာလည်း အစော်ပင်မို့မို့မောက်မောက်ဖြစ်နေကာ နှုတ်ခမ်းများက ထူထူအမ်းအမ်းဖြစ်နေ၏။

မစောမြတို့အားလုံးမှာလည်း ကိုလှကျော် ယခုကဲ့သို့ ဖြစ်သွားရပုံကိုကြည့်ရင်း ဘာပြောလို့ပြောရမှန်းပင် မသိကြတော့။

"ဒါ...ဒါ...ငါ့သားမဟုတ်ဘူး...မဟုတ်ဘူး..."

ရုတ်တရက် ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့်ကြီး ကုန်းအော်လိုက်သည့် ကိုလှကျော်၏အသံကြီးက ကိုထွန်းကြိုင်တို့အားလုံး၏ ရင်ထဲတွင် ပူပူလောင်လောင်ကြီး ခံစားလိုက်ကြရသည်။





ချာခနဲ တစ်ဖက်သို့ ကျောခိုင်းလိုက်သော ကိုလှကျော်ကို မစောမြတို့ လင်မယားနှစ်ယောက်က...

"တိုးတိုးလုပ်ပါဆရာရယ်၊ မမလေးခင်မှူ လန့်သွားပါဦးမယ်"

"ဗမာလူမျိုးတစ်ယောက်က ဒီကလေးကို မွေးတာပါဆိုရင် ဘယ်သူကယုံမှာလဲ၊ ခင်ဗျားတို့ စဉ်းစားကြည့်ကြပါဦးဗျာ၊ ကျုပ်အဖြစ်က ဘာလဲ...ကျုပ်လောက်အသုံးမကျတဲ့သူ ရှိပါ့ဦးမလားဗျာ..."

ကိုထွန်းကြိုင်နှင့် ကိုညွှန့်ခင်တို့လင်မယားမှာလည်း သူတို့၏ဆရာ ကိုလှကျော်၏ရင်ထဲမှ သောကမီးများကို မျှယူခံစားလိုသောသဘောဖြင့် အမျိုးမျိုးဖြေသိမ့်ပြောဆိုနေကြသည်။

"ဆရာရယ်... သတိထားပါ၊ ကလေးဆိုတာ မွေးကာစမှာ ရုပ်က မမှန်တတ်သေးပါဘူး..."

ကိုလှကျော်မှာ ဒေါသနှင့် ဝမ်းနည်းစိတ်များကြောင့် မျက်ရည်များ စီးကျနေလျက် အံကိုတင်းတင်းကြိတ်ထားမိသည်မှာ နှုတ်ခမ်းထောင့်တွင် သွေးများပင်ယိုစီးကျလျက်ရှိသည်။

ထိုနေ့မှစပြီး ကိုလှကျော်၏ဘဝတစ်ခုလုံးမှာ ငရဲတွင်းသို့ ပစ်ချခံရသူလို မီးတောက်မီးလျှံများကြားတွင် တဟုန်းဟုန်း တောက်လောင်နေခဲ့သည်။ ဘယ်သူ့ကိုမှလည်း အတွေ့မခံတော့၊



www.burmeseclassic.com

www.burmeseclassic.com



ရုံဖန်ရုံခါ အချို့ရက်များပင်လျှင် အလုပ်မှ တမင်နောက်အကျခံပြီးနေကာ အိမ်သို့ ပုံမှန်မပြန်တော့ချေ။

■





## အခန်း [ ၁၁ ]

တဖြည်းဖြည်းနှင့်...

ကလေးမှာ တစ်နှစ်သားပင် ရောက်လာပြီဖြစ်သော်လည်း အသားအရည်က သိသိသာသာပင် မည်းမှောင်နေ၏။ မျက်ခုံးမျက်လုံးတို့မှာလည်း ပြူးကျယ်ဝိုင်းစက်နေကာ နှုတ်ခမ်းထူထူကြီးက ပိုပြီးပင်တွဲကျလာနေ၏။

ကိုလှကျော်မှာ နေ့ရှိသရွေ့ အရက်သောက်လိုက် ကလပ်သွားလိုက်နှင့် တစ်ခါတစ်ရံ အိမ်သို့မပြန်ဘဲ ဘိလိယက်ထိုး၊ မြင်းလောင်းပါ လုပ်လာသည်။ ယခင်ကကိုလှကျော် မဟုတ်တော့။ ကိုထွန်းကြိုင်နှင့် ကိုညွန့်ခင်တို့ လင်မယားမှာလည်း ကိုလှကျော်ကို ဘာတစ်ခုမှ မပြောသာဘဲ ဒီအတိုင်းပင်ကြည့်နေကြရတော့သည်။

"မစောမြ...မစောမြ..."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အိမ်ရှေ့ခန်းမှ အာလေးလျှာလေးဖြင့် လှမ်းခေါ်နေသံကြောင့် မစောမြမှာ မီးဖိုချောင်မှ ကပျာကယာပြေးထွက်လာရင်း...

"ရှင်...လာပါပြီဆရာ..."

ကိုလှကျော်မှာ စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျလျက် အတော်လေးပင်မူးနေ၏။ သူ့ဘေးတွင် ပြန့်ကျဲနေသော BEE HAIVE (ဘီးဟိုက်) ဘရန်ဒီပုလင်းမှာလည်း ကြမ်းပြင်ပေါ်တွင် လဲကျနေ၏။

"ကျုပ်ကို အရက်တစ်လုံးလောက် ယူပေးပါလားဗျာ..."

မစောမြမှာ ခေါင်းငိုက်စိုက်ဖြင့် စားပွဲပေါ်တွင် လဲကျနေသော ကိုလှကျော်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေကာ မျက်ရည်များပင် ဝဲလာလုဖြစ်နေ၏။

"ဆ...ဆရာရယ် ဒီလောက်ဆို တော်ရောပေါ့၊ ဆရာ အရမ်းမူးနေပြီလေ"

ပြောပြောဆိုဆို မစောမြက ကြမ်းပြင်ပေါ်၌ လိမ့်နေသော BEE HAIVE (ဘီးဟိုက်) ဘရန်ဒီပုလင်းကို ကောက်ယူသိမ်းလိုက်သည်။

"ကျုပ်...ကျုပ်ရင်ထဲမှာ ပူနေတဲ့အပူတွေကို





ငြိမ်းအောင်လုပ်ဖို့ရာ ဒီတစ်လမ်းပဲရှိတယ်ဗျ။ သွား...သွားပါဗျာ၊ ယူပေးပါ...တောင်းပန်ပါတယ်"

တစ်သက်လုံး မစောမြတို့ အလုပ်သမားများအပေါ်တွင် ကိုလှကျော်က မောက်မောက်မာမာ စကားလုံးဟူ၍ တစ်ခွန်းမှ မပြောခဲ့။ ခိုင်းစရာရှိလျှင်လည်း လေသံအေးအေးနှင့်သာ ခိုင်းတတ်ပြီး ပေးစရာ ကမ်းစရာရှိလျှင်လည်း ရက်ရက်ရောရော ပေးကမ်းတတ်သူဖြစ်သည်။ အထူးသဖြင့် ယခုလို သူ့ရင်တွေ ဘလောင်ဆူနေပြီး လူမှန်းမသိအောင် မူးနေသည့်အချိန်တွင်လျှင်ပင် မစောမြတို့အားလုံးကို ချော့ကာ မော့ကာဖြင့် အရက်ပုလင်းကို ယူခိုင်းနေ၏။

မစောမြမှာ ဘာတစ်ခွန်းမှ မပြောသာတော့ဘဲ ရင်ထဲမှ 'အင့်'ခနဲပင် အသံမြည်ကာ ဝမ်းနည်းလိုက်ဖို့လျက် အိမ်အနောက်ဘက်သို့ ဝင်ပြေးသွားကာ အရက်ပုလင်းကို ယူပေးလိုက်တော့သည်။

ကိုလှကျော်၏အဖြစ်ကို အိမ်အဝင်ဝမှ ပေါက်တူးတစ်လက်ကို ပခုံးပေါ်တွင် ထမ်းရင်း ကြည့်နေသည့် ကိုထွန်းကြိုင်က ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်မိသည်။

ခဏအကြာ ခွင့်မှုက အိမ်ရှေ့ဧည့်ခန်းဆီသို့ လျှောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလှကျော်ကို အရက်တွေ ထပ်မသောက်ဖို့ကို တားလေသည်။

"ကိုကြီးရယ်...အဲဒီလောက်တောင် မသောက်ပါနဲ့၊ မူးလည်းမူးနေပြီပဲဥစ္စာ၊ တော်တော့နော်"

ပြောပြောဆိုဆို မခင်မှုံက မစောမြ ထပ်ယူလာပေးသော BEE HAIVE (ဘီးဟိုက်) ဘရန်ဒီပုလင်းကို စားပွဲပေါ်မှ ကောက်ယူလိုက်ပြီး သိမ်းလိုက်၏။

"ဘာ...အဲဒီလောက်မသောက်ပါနဲ့...ဟုတ်လား၊ သောက်မယ်...သောက်မယ်၊ သေအောင်ကိုသောက်မယ်...ဘာဖြစ်လဲ၊ နင့်လို လင်ကြီးငုတ်တုတ်ရှိရဲ့သားနဲ့ မျောက်မထားချင်တဲ့မိန်းမနဲ့ နေရတာထက် စာရင် အရက်သောက်ပြီးသေတာက ပိုအေးတယ်၊ သွားစမ်း...သွား...နင် အခု ငါ့အနားက ထွက်သွားစမ်း"

ကိုလှကျော်မှာ သူ့ရှေ့မှ စားပွဲခုံကို ခြေဖြင့်ဆောင့်ကန်လိုက်၏။

"ဝုန်း..."

"အမလေး...လုပ်ကြပါဦး..."

ဝုန်းခနဲလဲပြိုသံကြီးနှင့်အတူ စားပွဲခုံဘေးမှ မခင်မှုံမှာ ကြမ်းပြင်ပေါ်တွင် နောက်ပြန်လန်ကာ လဲကျသွားပြီး မျက်နှာကို





လက်နှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

အိမ်ရှေ့ခန်းမှအသံများကို ကြားပြီး ကိုထွန်းကြိုင်နှင့် ကိုညွှန့်ခင်တို့လင်မယားမှာ ပျာယီးပျာယာနှင့် ပြေးလာကြသည်။ ထို့နောက် ယိုင်တိယိုင်ထိုးဖြင့် မခင်မှုံလဲကျရာနေရာသို့ လျှောက်သွားနေသော ကိုလှကျော်ကို ဝိုင်းပြီးဆွဲထားလိုက်ကြသည်။

"တောက်...အလကားမိန်းမ၊ ငါ့ကို ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင်လုပ်တဲ့မိန်းမ"

ကိုလှကျော်မှာ ကိုထွန်းကြိုင်တို့ အတင်းဆွဲနေသည့်ကြားမှ မခင်မှုံ၏မျက်နှာကို လက်ဖြင့်လှမ်းပြီး ရိုက်ချလိုက်၏။ ကိုလှကျော် ရိုက်လိုက်သည့်လက်ကို မစောမြက လှမ်းပြီးကာလိုက်သဖြင့် မခင်မှုံကို မထိချေ။

"ဆရာရယ်...စိတ်ကိုထိန်းစမ်းပါ၊ ဖြည်းဖြည်းချင်း တစ်ယောက်နဲ့တစ်ယောက် ညှိပြီးပြောကြဆိုကြရင် ကောင်းမယ်ထင်တယ်ဆရာ..."

ကိုလှကျော်မှာ တစ်ကိုယ်လုံး ယိမ်းထိုးနေကာ ကိုထွန်းကြိုင်နှင့် ကိုညွှန့်ခင်တို့ ဆွဲထားသည့်လက်ထဲတွင် ပြိုလဲတော့မလိုပင် ဖြစ်နေသည်။

တစ်စထက်တစ်စ ပျော်ရွှင်စရာများ ဆိတ်သုဉ်းလာသည့် ကိုလှကျော်တို့အိမ်ကြီးမှာ သုသာန်တစပြင်ကြီးကဲ့သို့ ခြောက်ကပ်



www.burmeseclassic.com

www.burmeseclassic.com



လျက်ဖြစ်နေသည်။ ကိုလှကျော်မှာလည်း နေ့စဉ်လိုလို အရက်ကို ခေါင်းမဖော်နိုင်အောင်သောက်ပြီး မခင်မှုံကို အမြဲတမ်း ရိုက်နှက်မာန်မဲလျက်ရှိသည်။ မခင်မှုံမှာ ကိုလှကျော်နှင့် အိမ်ထောင်ကျကာစလိုရုပ်ရည်မျိုး မရှိတော့ဘဲ နေ့စဉ်နှင့်အမျှ စိတ်ဒုက္ခတို့နှင့် ရင်ဆိုင်နေရသဖြင့် တဖြည်းဖြည်း ပိန်ချုံးချည့်နဲ့ကာ ရုပ်ရည်များ ကျဆင်းလာ၏။

ထိုနေ့ညက...

ကလေးမှာ အဆက်မပြတ်ငိုနေပြီး ကိုယ်တွေက ချစ်ချစ်တောက်အောင်ပူနေ၏။ မခင်မှုံက မူးမူးဖြင့် အိပ်ပျော်နေသော ကိုလှကျော်ကိုလည်း မနှိုးရဲဘဲ တစ်ယောက်တည်းကျိတ်ကာ ဆေးမြီးတိုများဖြင့် ကလေးကို အဖျားကျအောင် အမျိုးမျိုးလုပ်နေ၏။ သို့သော် ကလေးမှာ အဖျားကျမသွားသည့်အပြင် ငိုသံပါ ပျောက်သွားပြီး တက်နေတော့သည်။ ထိုအခါမှ မခင်မှုံမှာ မျက်လုံးမျက်စပြူးပြီး...

"ကိုကြီး...ကိုကြီးကိုလှကျော်...ထပါဦး၊ ဒီ...ဒီမှာ ကလေးဘာဖြစ်နေလဲမသိဘူး...လုပ်ပါဦး"

ကိုလှကျော်မှာ မခင်မှုံစကားကြောင့်...

"ဟာ...သွားစမ်းပါ၊ နင် ဖြစ်ချင်သလိုဖြစ်ပြီး ရထားတဲ့ကလေးကို ငါက ဘာလုပ်ပေးရဦးမှာလဲ၊





သွား...သွားစမ်းပါဟာ"

ကိုလှကျော်မှာ မခင်မှုံ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်ပြီး တစ်ဖက်သို့စောင်းကာ ဆက်ပြီးအိပ်နေတော့သည်။ မခင်မှုံမှာလည်း တက်နေသည့်ကလေးကို ပွေ့ကာ ဘာလုပ်လို့လုပ်ရမှန်း မသိဘဲ ကိုညွှန့်ခင်တို့လင်မယားကို လှမ်းခေါ်နေတော့သည်။

ကိုညွှန့်ခင်နှင့် မစောမြတို့ ရောက်လာသောအခါ ကလေးမှာ မျက်ဖြူပြင်လန်နေပြီဖြစ်၏။ ထိုနေ့ညက မခင်မှုံမှာ ကိုညွှန့်ခင်တို့လင်မယားနှင့်အတူ ဆေးခန်းသို့ အချိန်မီ ကပျာကယာပြေးသွားကြသော်လည်း ကလေးမှာ အသက်ပင်ပါမလာတော့။

မခင်မှုံမှာ ကိုလှကျော်၏အမုန်းကို ဝဋ်ဒုက္ခတစ်ခုလို နေ့စဉ်ကြုံတွေ့နေရပြီး ကလေးကပါ သေဆုံးသွားသဖြင့် သောကအပူတွေ တဟုန်းဟုန်းတောက်လောင်နေတော့သည်။

ကိုလှကျော်မှာတော့ ဘာမှမခံစားရ၊ နေ့ရှိသရွေ့ အရက်ကိုသာ ဖိသောက်နေတော့သည်။ ကြာလာတော့ ကိုလှကျော်မှာ အလုပ်အကိုင်ပင် ထိခိုက်လာ၏။

တစ်ည...

ကိုလှကျော်မှာ တိုက်ပုံအင်္ကျီကို ပခုံးတစ်ဖက်ပေါ်တင်လျက် ယိမ်းထိုးနေသောခြေလှမ်းများဖြင့် အိမ်သို့ပြန်လာခဲ့သည်။ သူ့ခြေလှမ်းများက အိမ်ရှေ့တံခါးမကြီးနားသို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ ပြောဆိုနေကြသော စကားသံများကြောင့် မေ့စင်းနေသော သူ၏မျက်လုံးအစုံကို အားတင်းကာဖွင့်ပြီး အိမ်ထဲသို့ မဝင်သေးဘဲ နားစိုက်ထောင်လိုက်သည်။

"ကျွန်တော်တို့လင်မယားတွေက မမလေး အခုလိုဖြစ်ပျက်နေရတာကို ကိုယ်ချင်းလည်းစာမိပါတယ်၊ တကယ်တော့ ဒီကလေးရဲ့ရုပ်ကလည်း ဆရာပြောသလို ဗမာတစ်ယောက်နဲ့ လုံးဝတူမနေလေတော့..."

ကိုညွှန့်ခင်၏စကား မဆုံးခင် မစောမြကပါဝင်၍...

"ဟုတ်ပါတယ်မမလေး...ကျွန်မတို့က မမလေး စိတ်မချမ်းသာမှာစိုးလို့သာ ဖွင့်မပြောရဲတာပါ၊ ဒီကလေးရဲ့ရုပ်က ဆရာယူလာတဲ့ ဟိုယစ်သားပန်းပုရုပ်ကြီးနဲ့ ပိုပိုပြီးတူလာသလိုပဲ..."

ကိုလှကျော်မှာ ပခုံးပေါ်တင်ထားသည့် တိုက်ပုံအင်္ကျီကို လက်ပေါ်သို့ပြောင်းချိတ်တင်လိုက်ရင်း ဆက်ပြီးနားထောင်နေ၏။ ဒီတစ်ခါ ကြားရသည့်အသံက မခင်မှုံ၏အသံ ဖြစ်နေသည်။

မခင်မှုံက...

"ဟုတ်တယ် မစောမြ၊ ကျွန်မ ဒီကိုယ်ဝန်ကို ရှိကာစအချိန်က ညညတွေဆိုရင် ဒီအရုပ်ကြီးကို စိတ်စွဲပြီး အိပ်မက်ဆိုးတွေ အမြဲလိုလိုမက်ခဲ့တယ်။





အိပ်မက်တွေထဲမှာလည်း အဲဒီလူထွားထွား မည်းမည်းကြီးက ကျွန်မကို အတင်းအကြမ်း ဆွဲလားရမ်းလား တွေလုပ်တယ်။ အဲဒီနောက် ကိုကြီးကို ကျွန်မက ဒီအရုပ်ကြီးကို အိမ်မှာမထားဖို့ ပြောပါသေးတယ်၊ ဒါပေမဲ့ ကိုကြီးက သူနှစ်သက်တဲ့အရုပ်ကြီးကို ခေါင်းမာမာနဲ့ အခန်းထဲမှာပဲ ဆက်ပြီးထားခဲ့တယ်လေ..."

ကိုညွှန့်ခင်တို့လင်မယားမှာလည်း မခင်မှုံ၏စကားကြောင့်...

"ဟုတ်မှာပါလေ...ဘာပဲပြောပြော ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေပေါ့ စွဲမိစွဲရာ စိတ်စွဲမိရင် မိုက်ထဲက ကလေးရဲ့ရုပ်က တူတတ်တာပဲ"

စကားသံများပျောက်သွားတုန်းခဏတွင်...

ကိုလှကျော်မှာ အပြင်ဘက်မှနေ၍ တံခါးကို ဆောင့်တွန်းဖွင့်ကာ အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

"ဝုန်း..."

"ဒီမှာ...ဆင်သားရေကို ဆိတ်သားရေနဲ့ဖုံးဖို့ မကြိုးစားကြနဲ့၊ ရုပ်ကျော်ရွာကျော် တစ်မြို့လုံးသိပြီး သားကိစ္စ..."

ဧည့်ခန်းအတွင်းထိုင်နေကြသော ကိုညွှန့်ခင်တို့လင်မယားနှင့် မခင်မှုံမှာ တံခါးကို ဆောင့်ဖွင့်ပြီး ယိုင်တိယိုင်ထိုးဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကိုလှကျော်ကိုကြည့်ပြီး အံ့အားသင့်သွားကြ၏။ မခင်မွှံမှာလည်း ငိုရလွန်းသဖြင့် မျက်ရည်များပင် ခန်းခြောက်စပြုလာနေပြီဖြစ်ရာ ကိုလှကျော်၏ အိမ်ခန်းထဲသို့လှမ်းဝင်သွားသည့် ခြေလှမ်းများ ကိုကြည့်ကာ ရင်ထဲမှ ကြေကြေကွဲကွဲအသံမျိုးဖြင့်...

"ကျွန်မတော့ သေသာသေလိုက်ချင်ပါတယ် မစောမြတို့ရယ်၊ တကယ်ပါ၊ ကျွန်မ သေသွားရင် အားလုံးဟာ ပြီးဆုံးသွားမှာပါ"

"အို...နိမိတ်မရှိ နမာမရှိစကားတွေ မပြောပါနဲ့ မမလေးရယ်၊ တရားဆိုတာ နတ်စောင့်ပါတယ်၊ တစ်နေ့နေ့တော့ အမှန်တရားဟာ မမလေးအတွက် ရှိရမှာပေါ့..."

မစောမြမှာ အပူသည်ရုပ်ဖြင့် ညှိုးနွမ်းနေသော မခင်မွှံ အားပေးစကားတွေ အမျိုးမျိုးပြောကာ နှစ်သိမ့်ပေးနေမိသည်။

■





## အခန်း [ ၁၂ ]

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ဆရာလေး ကိုလှကျော် မရှိသည့်ရက်များတွင် အိမ်ကြီးအတွင်း၌ ဟိုနားရိပ်ခနဲ ဒီနားရိပ်ခနဲတွေ တွေ့နေရသည့် အရိပ်သဏ္ဌာန်ကြီး တစ်ခုကို ကိုထွန်းကြိုင်က သံသယဖြစ်နေမိသည်။ ထိုအဖြစ်အပျက်များကိုလည်း ကိုညွန့်ခင်နှင့် မစောမြတို့ကို ပြောပြမိ၏။ ကိုထွန်းကြိုင်ပြောပြမှ ကိုညွန့်ခင်နှင့် မစောမြတို့မှာလည်း ထိုအရိပ်မည်းမည်းကြီးကို သူတို့ တွေ့တွေ့နေရကြောင်း၊ မည်သူမည်ဝါမှန်း မသိရသည့် ထိုအရိပ်မည်းမည်းကြီးမှာ ဆရာလေး ကိုလှကျော် မရှိသည့်ရက်များတွင် မမလေးခင်မွှံ၏ အိပ်ခန်းဝတွင် လူးလာခေါက်တုံ့ လျှောက်နေတတ်ကြောင်း ပြန်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ခက်တော့ခက်နေပြီ၊ ဒီအကြောင်းကို တို့ဆရာလေးကို ပြောပြမှ ကောင်းတော့မယ်"

ကိုထွန်းကြိုင်က ကိုညွှန့်ခင်တို့လင်မယားကို တိုင်ပင်သလိုနှင့် သဘောထားကို မေးကြည့်လိုက်၏။ သူတို့အားလုံးမှာလည်း ဖျတ်ခနဲမြင်ပြီး ပျောက်ပျောက်သွားသည့် လူရိပ်သဏ္ဍာန်မည်းမည်းကြီးကို စောင့်ပြီးဖမ်းချင်နေကြသည်။ ထိုအရိပ်မည်းမည်းကြီးကို မြင်နေရတာ ကြာလာသည်နှင့်အမျှ ကိုထွန်းကြိုင်၊ ကိုညွှန့်ခင်နှင့် မစောမြတို့သည်ပင် မခင်မှုံအပေါ် သံသယဝင်လာမိကြသည်။

မခင်မှုံမှာလည်း တဖြည်းဖြည်း သူ့အပေါ် အမြင်စောင်းသလို ရှောင်ဖယ် ရှောင်ဖယ်ဖြစ်လာကြသည့် ကိုထွန်းကြိုင်တို့ကြောင့် ခါတိုင်းထက်ပိုပြီး သူ့ဘဝကို သူ ကြေကွဲလာသည်။ တဖြည်းဖြည်းလည်း အထီးကျန်ဆန်သလို ဖြစ်လာသည်။ အထူးသဖြင့် သူမတစ်ယောက်တည်းရှိနေသည့်အချိန်များတွင် ရင်ထဲမှ တလိပ်လိပ်တက်လာနေသည့် စကားလုံးများကို တီးတိုးရေရွတ်နေမိသည်။

❦ ❦ ❦

"ကဲ...ကျွန်တော်စီစဉ်ထားတဲ့အတိုင်းသာ မလွဲ





မချော်အောင် ဂရုစိုက်ပေတော့ ကိုညွှန့်ခင်..."

ကိုလှကျော်ကို ကိုထွန်းကြိုင်တို့က အရိပ်သဏ္ဍာန်ကြီးနှင့် ပတ်သက်ပြီး ပြောပြသောအခါ ကိုလှကျော်မှာ ချက်ချင်းဆိုသလို ထိုနေ့ညတွင်းချင်း ခရီးထွက်ဟန်ဖြင့် အဝတ်အစားများကို အိတ်ထဲသို့ ထည့်သိုနေပြီး ကိုညွှန့်ခင်တို့လင်မယားကိုလည်း နောက်ဖေးတံခါးပေါက်ကို ကြိုတင်ကာ တိတ်တဆိတ်ဖွင့်ခိုင်းထား၏။

"စိတ်ချပါ ဆရာလေး..."

ကိုလှကျော်မှာ အဝတ်အစားထည့်သည့် သားရေအိတ်ထဲသို့ ခြောက်လုံးပြူးသေနတ်တစ်လက်ကို ကျည်ဆန်အပြည့်ထည့်ကာ သိုသိုသိပ်သိပ် ထည့်ယူလိုက်၏။

မစောမြမှာတော့ ကိုလှကျော်နှင့် သူ့ယောကျ်ား ကိုညွှန့်ခင်တို့ တီးတိုးတိုင်ပင်နေကြသည့်ကိစ္စကို ရင်တထိတ်ထိတ်ဖြင့်ပင် နားထောင်နေ၏။ နောက်ပြီး မတင်မကျဖြစ်နေသည့် မခင်မှုံ၏ ကိစ္စအပေါ်တွင်လည်း စိုးရိမ်မကင်းဖြစ်နေမိသည်။

❦ ❦ ❦

ညသည် တဖြည်းဖြည်းမှောင်မည်းတိတ်ဆိတ်စပြုလာ၏။ ကိုညွှန့်ခင်နှင့် ကိုထွန်းကြိုင်မှာ ကိုလှကျော်ရောက်လာမည့် အချိန်ကို နာရီတကြည့်ကြည့်ဖြင့် စောင့်မျှော်နေကြသည်။ ဘာရဲ့ပြော

www.burmeseclassic.com



ပြော သူတို့အားလုံး၏ အိမ်ကြီးသခင် ကိုလှကျော်၏ စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားချက်တို့က မကြာမီအချိန်အတွင်း အဆုံးအဖြတ်တစ်ခုဖြစ်ပေတော့မည်။

"ရှုတ်...ရှုတ်..."

ရုတ်တရက် အမှောင်ထဲမှ လေသံတရှုတ်ရှုတ်နှင့် အချက်ပေးသံကို ကြားလိုက်ရသည်။ ကိုညွှန့်ခင်က အသံလာရာဆီသို့ တိတ်တဆိတ်လျှောက်သွားပြီး...

"ဆရာ...အားလုံးတော့ အိုကေနေပြီ၊ ဒါပေမဲ့ ဟိုအရိပ်ကြီးကိုတော့ အခုအချိန်အထိ မတွေ့ရသေးဘူး"

ကိုလှကျော်မှာ အမှောင်ထဲတွင် မကြာမီ သူနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတော့မည့် လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို မြင်ယောင်ကြည့်နေကာ မေးရိုးကြီးများက ထောင်ထလျက် အံကိုတင်းတင်းစေ့ကာ ကြိတ်ထား၏။

မကြာမီ ကိုလှကျော်နှင့် ကိုညွှန့်ခင်တို့မှာ အိမ်မကြီး၏ နောက်ဘက်ဆီမှ အသင့်ဖွင့်ထားသော အပေါက်မှ အိမ်ကြီးအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့သည်။

ကိုလှကျော်မှာ မကြာမကြာ သူ့ခါးကြားမှ ခြောက်လုံးပြူးသေနတ်လက်ကိုင်ရိုးပေါ်သို့ တစမ်းစမ်းဖြင့် သတိဝီရိယကြီး





စွာဖြင့် တစ်လှမ်းချင်းစမ်းပြီးလျှောက်နေ၏။ အိမ်မကြီးအတွင်းပိုင်းမှာ မည်းမှောင်နေပြီး သူတို့နှစ်ယောက်စလုံးမှာ ဘယ်နေရာတွင် ဘာရှိသည်ကို အလွတ်ရထားပြီးကြသူများ ဖြစ်သောကြောင့် မခင်မှုရှိရာ အိပ်ခန်းဆီသို့ တစ်ခဏအတွင်းမှာပင် ရောက်သွားကြသည်။

"ရှူး..."

ကိုလှကျော်က သူ့နှုတ်ခမ်းဝတွင် လက်ညှိုးဖြင့်ဖိကပ်ပြီး ကိုညွှန့်ခင်ကို အချက်ပြ ငြိမ်နိုင်းလိုက်၏။ ထို့နောက် မခင်မှုရှိရာ ပိတ်ထားသော တံခါးကို ကျောမှီကာ ထိုင်ချလိုက်သည်။

ကိုလှကျော်၏ လှုပ်ရှားမှုကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေသော ကိုညွှန့်ခင်မှာ အလိုလိုနေရင်း ခြေဖျားလက်ဖျားများက အေးစက်တောင့်တင်းလာ၏။

သူတို့နှစ်ယောက် အိပ်ခန်းတံခါးနားသို့ရောက်ပြီး မကြာခင် အခန်းအတွင်းမှ တီးတိုးစကားပြောသံလိုလို ကြားနေရပြီဖြစ်သည်။ ကိုလှကျော်မှာ သူ့ခါးကြားတွင် ထိုးညှပ်ထားသော သတ္တုဘူးပြားလေး၏ အဖုံးကို အမှောင်ထဲတွင်စမ်းရင်း လှည့်ဖွင့်ကာ တစ်ငုံ နှစ်ငုံ မော့သောက်လိုက်၏။ ရှုံ့မဲ့သွားသော ကိုလှကျော်၏ မျက်နှာထဲတွင် ရွံမုန်းနာကြည်းစိတ်တွေက ပြည့်နှက်နေသလိုထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြိုတင်ပြီးဖောက်ထားသည့် တံခါးထောင့်မှ အပေါက်သေးသေးလေးမှတစ်ဆင့် အခန်းအတွင်းသို့ ချောင်းပြီး ကြည့်လိုက်သည်။

အခန်းအတွင်းမှ ခပ်မှိန်မှိန်အလင်းရောင်လေးက မခင်မှုံ၏ မျက်နှာပေါ်သို့ ကျရောက်နေ၏။

ကိုလှကျော်၏မြင်ကွင်းထဲတွင် မခင်မှုံမှာ တစ်စုံတစ်ရာကို ပြောဆိုနေပြီး ကုတင်ပေါ်တွင် ဝမ်းလျားမှောက်လျက် တစ်ခုခုကို ရေးမှတ်နေသလို တွေ့နေရ၏။ မခင်မှုံ၏ ဘယ်ဘက်လက်ထဲတွင်လည်း ပုလင်းသေးသေးလေးတစ်လုံးကို ဆုပ်ကိုင်ထား၏။

"ဆရာ...ဘယ်လိုလဲ..."

လေသံခပ်တိုးတိုးဖြင့် လှမ်းမေးလိုက်သော ကိုညွန့်ခင်ကို ကိုလှကျော်က ပြန်လှည့်မကြည့်ဘဲ လက်ကာပြလိုက်၏။ ထို့နောက် ကိုလှကျော်မှာ အပေါက်ကျဉ်းကျဉ်းလေးထဲမှ မခင်မှုံရှိရာ တစ်ခန်းလုံးကို မျက်စိဝေ့ပြီး ကြည့်လိုက်သည်။ မခင်မှုံရှိရာ ကုတင်ခြေရင်းတွင်တော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော လူရိပ်သဏ္ဌာန်မည်းမည်းကြီးကို တွေ့လိုက်ရတော့သည်။

"ကိုညွန့်ခင်ရေ...ကျုပ်မိန်းမခင်မှုံကို ကြာခိုနေတဲ့အကောင်တော့ တွေ့ပြီဗျို့"

ကိုလှကျော်မှာ နောက်သို့လှည့်ပြီး ကိုညွန့်ခင်ကို လေသံ





တိုးတိုးဖြင့် လှည့်ပြီးပြောလိုက်၏။

ကိုညွန့်ခင်မှာ ကိုလှကျော် တွေ့မြင်နေပါပြီဆိုသော အခန်းအတွင်းမှ အရိပ်မည်းမည်းကြီးကို စိတ်ထဲမှ ကြည့်ချင်နေမိ၏။ ထို့နောက် ကိုလှကျော်မှာ သူ့ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထုတ်ကာ မောင်းတင်လိုက်ပြီး ကိုညွန့်ခင်ကို တံခါးကိုဖျက်ဖို့ ခြေဟန်လက်ဟန်ဖြင့် ပြလိုက်၏။

ထို့နောက် ကိုလှကျော်မှာ အပေါက်ကျဉ်းကလေးမှ နောက်တစ်ကြိမ် ပြန်ပြီးချောင်းကြည့်လိုက်ပြန်သည်။ ဒီတစ်ခါမှာတော့ စောစောက ခပ်မှိန်မှိန်လေးလင်းနေသော မီးမှာ လုံးဝပင်အမှောင်အတိကျသွားပြီး အခန်းအတွင်းမှ မခင်မှုံ၏ တရှုံ့ရှုံ့ဖြင့် ငိုရှိုက်နေသည့်အသံက အမှောင်ထဲတွင် ကြားနေရသည်။

ကိုညွန့်ခင်မှာ ကိုလှကျော်ပြောသည့်အတိုင်း အသင့်ပါလာသည့် ပုဆိန်ကိုရွယ်ကာ အတွင်းမှ မင်းတုန်းချထားရာနေရာကို မှန်းပြီး အားဖြင့် နှစ်ချက် သုံးချက် ဆင့်ပေါက်ပြီး တံခါးကိုဖွင့်လိုက်၏။

"ဖျောင်း...ဖျောင်း...ဖျောင်း..."

ပွင့်ထွက်သွားသော တံခါးကြီး၏အတွင်းတွင် မည်းမှောင်နေပြီး မြင်ကွင်းတွေက မသဲမကွဲဖြစ်နေသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း..."



www.burmeseclassic.com

www.burmeseclassic.com



"အား…"

ကိုလှကျော်မှာ စောစောက တွေ့လိုက်ရသည့် အရိပ်မည်းမည်းနေရာကို အမှောင်ထဲတွင် မှန်းကာ သေနတ်ဖြင့် လေးငါးချက်ဆင့်ပြီး ပစ်ချလိုက်သည်။ ကိုလှကျော်၏လက်ထဲမှ လက်ခနဲပွင့်သွားသော မီးပွင့်မီးစများနှင့်အတူ တဒိုင်းဒိုင်းအသံမြည်သွားပြီး ထိုအသံကြီးများ၏နောက်တွင် အားခနဲအော်လိုက်သည့် ကြောက်မက်ဖွယ်အသံကြီးက သွေးပျက်လုမတတ် ကြားလိုက်ရသည်။

"ဆရာ…ဆရာ…လက်လွန်မယ်နော်…"

ကိုညွန့်ခင်မှာလည်း တဒိုင်းဒိုင်းအသံတွေကြားမှ အကြောက်ကြောက် အလန့်လန့်နှင့် ကိုလှကျော်၏သေနတ်ကို လှမ်းဆွဲနေ၏။

သို့သော်…

အခန်းအတွင်းမှ မီးများကို ကပျာကယာပြေးပြီး ဖွင့်ကြည့်လိုက်သောအခါ စောစောက ကိုလှကျော် မြင်လိုက်ရပါသည်ဆိုသော လူရိပ်မည်းမည်းကြီးက ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

"ဟင်…ဟိုကောင်…ဟိုကောင် ဘယ်ရောက်သွားလဲ…"

* * *





သူတို့နှစ်ယောက်စလုံး အိပ်ခန်းအတွင်း လှည့်ပတ်ကြည့်လိုက်ကြသည်။

"ဟာ…ဆရာ ဟိုမှာ…ဟိုမှာကြည့်ပါဦး၊ မမလေး…မမလေး နားထင်မှာ သွေးတွေ…"

ကိုညွန့်ခင်က ပြောပြောဆိုဆို ကုတင်ပေါ်တွင် ဆံပင်များဖွာလန်ကြဲပြီး လဲကျနေသည့် မခင်မှုရှိရာဆီသို့ ပြေးသွားလိုက်သည်။ ကိုလှကျော်မှာ ကုတင်ပေါ်လဲကျနေသည့် မခင်မှု၏မျက်နှာကို တွေတွေကြီးစိုက်ကြည့်နေကာ ကြက်သေသေနေ၏။

"ဟင်…"

ကိုလှကျော်၏လက်ထဲမှ ခြောက်လုံးပြူးသေနတ်က အလိုလိုပင် လက်ထဲက လွတ်ကျသွား၏။ စောစောက သောက်ထားသမျှ အရက်တို့မှာလည်း ချက်ချင်းအမူးပြေကာ ခေါင်းနပန်းတွေကြီးသွားသည်။

"ခင်…မှု…ခင်မှု…"

ကိုလှကျော်မှာ မခင်မှုရှိရာသို့ ပြေးပြီး ဖွေ့လိုက်သည်။ ကိုလှကျော်၏ တုန်ယင်နေသောလက်ထဲတွင် မခင်မှုမှာ မျက်လုံးများမှေးစင်းနေလျက်ရှိ၏။ နားထင်မှ တပွက်ပွက်ထွက်နေသော သွေးများမှာ ကိုလှကျော်၏လက်ပေါ်သို့ပင် စီးကျနေသည်။ ထို့နောက် နှုတ်ခမ်းနှစ်လွှာကို အားယူဖျစ်ညှစ်ကာ ကိုလှကျော်၏

www.burmeseclassic.com



မျက်နှာကို ကြည့်ရင်း…

"ရက်စက်လိုက်တာ ကိုကြီးရယ်၊ ကိုကြီးက လွဲရင်လေ ခင်…ခင်မှူ ဘယ်ယောကျ်ားကိုမှ စိတ်နဲ့တောင် မပစ်မှားခဲ့ပါဘူး…ယုံပါ၊ ကိုကြီးအထင်မှားခဲ့ နေရတဲ့ဘဝမှာ မနေချင်တော့လို့ ကိုယ့်ကိုယ်ကိုယ်တောင် စီရင်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ အခုတော့ ကိုကြီးရဲ့လက်ချက်နဲ့ပဲ သေရပြီဆိုတော့ ခင်…ခင်မှူ ကျေနပ်ပါတယ်…အ…အား…"

အားရပါးရစကားလုံးများကို ဖြည်းဖြည်းချင်းပြောနေရာမှ ခင်မှူ့ဇက်က ကျိုးကျသွားသည်။

"ခင်မှူ…ခင်မှူ…ဟာ…လုပ်ပါဦး ကိုညွန့်ခင်၊ ခင်မှူ…ခင်မှူ သေပြီနဲ့တူတယ်ဗျ…"

ကိုလှကျော် ပွေ့ပိုက်ထားသော လက်ထဲတွင် မခင်မှူက ပျော့ခွေညွတ်ကျနေ၏။ ကိုလှကျော်မှာ အသိရခက်သည့် ခင်မှူ၏ စကားလုံးများကြောင့် ကုတင်ဘေးမှ စားပွဲပေါ်သို့ လှမ်းကြည့်လိုက်သည်။ ထိုစားပွဲပေါ်တွင်တော့ မခင်မှူ စာစာကရေးနေသည့် စာတစ်စောင်…။

"ဆရာ…ဆရာ… ဒီမှာ…ဒီမှာလည်းကြည့်ပါဦး…"





ကိုညွန့်ခင် လှမ်းပြရာ အခန်းထောင့်သို့ လှမ်းကြည့်လိုက်သောအခါ သစ်သားပန်းပုရုပ်မည်းမည်းကြီးမှာ မူလထားသည့်နေရာတွင် မရှိဘဲ အခန်းထောင့်သို့ ရောက်နေ၏။ ထိုအရုပ်ကြီး၏ လည်တိုင်အောက်တွင်လည်း ကျည်ဆန်ရာတစ်ခုကို တွေ့လိုက်ရသည်။

"ခက်ကုန်ပြီ ကိုညွန့်ခင်ရေ…ခက်ကုန်ပြီဗျ…"

ကိုလှကျော်မှာ မခင်မှူကို ပွေ့ပိုက်ထားရာမှ တစ်ကိုယ်လုံးအေးစက်တောင့်တင်းလာရာ အသက်ပင်ဝအောင်မနည်းရှူနေရတော့သည်။ သူ့ရင်ဘတ်ထဲတွင်လည်း သွေးများက တဒိန်းဒိန်းတိုးဆောင့်လျက် ချက်ချင်းပင်လဲကျသွားတော့မလို ကိုယ်ကိုမနည်းထိန်းထားရသည်။ အခန်းထောင့်မှ သူ့အလိုလို ရွေ့လျားသွားသော သစ်သားပန်းပုရုပ်ကြီးကိုလည်း မမိတ်မသုန်စိုက်ပြီးကြည့်နေမိ၏။

"ဘယ်နှာတွေဖြစ်ကုန်ပြီလဲ၊ ဒုက္ခတွေများကုန်ပြီဗျို့…ကျုပ်တော့ ရူးတော့မယ်ထင်ပါရဲ့ဗျာ…"

• • •

အဘိုးကြီးဦးလှကျော်၏ မျက်လုံးအိမ်ထဲတွင် မှိုင်းမှုန်ရီဝေနေလျက် အရာရာက အသစ်တစ်ဖန် ပြန်ပြီးခံစားနေရသလို



www.burmeseclassic.com

www.burmeseclassic.com



ညှိုးရော်ရော်ဖြစ်နေသည်။ ကံမြင့်၊ ထက်လူနှင့် စံပီးတို့မှာလည်း အဘိုးကြီးဦးလှကျော်၏ အပြစ်အပျက်များကို နားထောင်ရင်း သနားနေမိသည်။ ခင်လေးမြင့်နှင့် နုဝါတို့မှာ အဘိုးကြီးကို စပြီးတွေ့ကာစကလို မဟုတ်တော့ဘဲ ကရုဏာသက်နေမိကြ၏။

"အဲဒီနောက် အဘိုးကို တရားရုံးမှာ စစ်တော့လည်း အဘိုးပြောတာတွေကို ဘယ်သူမှ လက်မခံကြဘူး။ အဲဒီတုန်းက အခန်းထဲမှာ မည်းမည်းကြီးကို မြင်လိုက်တာလည်း အဘိုးတစ်ယောက်တည်း ရှိတာကိုး။ အဘိုးဟာ အရက်သေစာကို အလွန်အကျွံ သောက်စားထားတော့ စိတ်က ကြောင်ပြီး ထင်မိထင်ရာ မြင်မိမြင်ရာတွေကို မြင်ပြီး အခုလို လူသတ်မှု ကျူးလွန်တယ်လို့ တရားသူကြီးက ယူဆလိုက်တယ်လေ…"

အဘိုးမှာ ပြောလက်စ စကားကို ခဏရပ်ရင်း သူ့ရှေ့မှ ခတ်ပုံထည့်ထားသည့် သားရေအဖုံးနှင့် စာအုပ်ကို ပြန်ပြီး လှန်လှောကြည့်နေပြန်သည်။ ထို့နောက် သူနှင့် သူ့မိန်းမ တွဲရိုက်ထားသည့် ဓာတ်ပုံကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်…

"ခင်မှုကတော့ ခု ဘယ်ဘဝများရောက်နေပြီလဲ မသိပါဘူးကွာ၊ အဘိုးကတော့ ကိုယ့်အပြစ်နဲ့ကိုယ်





ဆိုတော့ ဘာကိုမှလည်း ငြင်းဆန်မနေတော့ပါဘူး။ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကိုပဲ ကျေကျေနပ်နပ်ကြီး ခံလိုက်တယ်ဆိုပါတော့…လူလေးတို့ရယ်။ ကိုယ်ချစ်တဲ့ဇနီးတစ်ယောက် ဆုံးပါးသွားပြီ ဆိုတော့လည်း လောကကြီးထဲမှာ နေရတာ မပျော်တော့ပါဘူး မြေးတို့ရယ်…"

အဘိုးကြီး၏စကားအဆုံးတွင် ကံမြင့်တို့အားလုံးမှာ ဝမ်းနည်းပက်လက်နှင့် အလွန်ပင်စိတ်မကောင်းဖြစ်သွားကြသည်။ အဘိုးကြီးဦးလှကျော်မှာ သူ၏ ညစ်ပေနေသော အင်္ကျီလက်မောင်းစတစ်ဖက်ဖြင့် မျက်ရည်စတို့ကို တို့ထိသုတ်လိုက်ရင်း…

"အဘိုးလည်း အမိန့်ချတဲ့နေ့မှာ ကိုညွန့်ခင်တို့လင်မယားကို ဒီအရုပ်ကြီးကို ဖျောက်ဖျက်ပစ်လိုက်ကြဖို့ သေသေချာချာမှာခဲ့တယ်။ ဒါပေမဲ့ သူတို့လင်မယားက ဒီအရုပ်ကြီးကို ကြောက်လို့ မဖျက်ဆီးဘဲ ဒီမှာတင်မြှုပ်သွားကြတာကိုး…"

"အဘိုး ထောင်ကပြန်ထွက်လာတော့ အဲဒီဦးညွန့်ခင်တို့ကို ဘယ်လိုပြန်ပြီးတွေ့တာလဲ…"

ခင်လေးမြင့်က အဘိုးကြီးဦးလှကျော်၏ အပြောကိုပင် မစောင့်ဘဲ သိချင်စိတ်ဖြင့် မေးလိုက်၏။

www.burmeseclassic.com



"အဘိုး ထောင်ကထွက်တဲ့နေ့မှာပဲ ဘယ်ကို သွားလို့သွားရမှန်း မသိပါဘူး။ အဘိုးဘဝမှာ ဟိုး အရင်ကတည်းက အားကိုးခဲ့ရတာဆိုလို့ ကိုထွန်းကြိုင်နဲ့ ကိုညွှန့်ခင်တို့လင်မယားပဲ ရှိခဲ့တာကို၊ နောက်ပြီး အဲဒီတုန်းက အဘိုးရဲ့ကိစ္စကြောင့် အဘိုးရဲ့အိမ်ကြီးကိုလည်း ရောင်းလိုက်ရတော့ အဘိုးမှာ နေစရာမရှိတော့ဘူးလေ။ အဲဒါနဲ့ စုံစမ်းလိုက်တော့ ဒီရွာမှာ ကိုညွှန့်ခင်တို့လင်မယား ရှိနေတယ်ဆိုတာ သိရတော့ အဘိုး ဒီရွာကို ရောက်လာခဲ့တာပဲ..."

ကံမြင့်တို့အုပ်စုမှာ နေ့ချင်းညချင်းဆိုသလို အမှားတစ်ခုကြောင့် ဘဝတစ်ခုလုံး ပျက်စီးကြေမွသွားသည့် အဘိုးကြီး ဦးလှကျော်၏အဖြစ်ကို ကိုယ်ချင်းစာသနားမိကြသည်။ ထို့နောက် ဦးလှကျော်က...

"အနှစ်နှစ်ဆယ်ကျော် ထောင်ထဲမှာနေခဲ့ရတဲ့ အဘိုးဟာ ဒီရွာမှာ ကိုညွှန့်ခင်ကို တွေ့တွေ့ချင်း အရမ်းကို ဝမ်းနည်းဝမ်းသာဖြစ်သွားရတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကိုညွှန့်ခင်ရဲ့ဇနီး မစောမြကတော့ မရှိရှာတော့ဘူးတဲ့လေ။ ကိုညွှန့်ခင်ပြောပြမှ ကိုထွန်းကြိုင်တစ်ယောက်လည်း အဘိုးကိစ္စပြီးတဲ့နောက်မှာ ရဟန်း





ဘောင်ကို အပြီးအပိုင်ဝင်သွားတယ် ဆိုလားပဲ"

"ဟင်...အဘိုး ဒါဆိုရင် အခု အဘိုးက ဒီအိမ်ကြီးကို ဦးညွှန့်ခင်ဆိုတဲ့လူနဲ့ အတူတူနေနေတာပေါ့၊ ဟုတ်လား...အဘိုး..."

နဝါက အိမ်ကြီး၏ပတ်ပတ်လည်ကို ဝေ့ဝိုက်ကြည့်လိုက်ပြီး မေးလိုက်သည်။

"အေးကွဲ့...ဒါပေမဲ့ ကိုညွှန့်ခင်ဟာ အဘိုး ဒီရွာကိုရောက်ပြီး တစ်ပတ်လောက်ကြာတော့ သူ့ဇာတိရွာကို ခဏပြန်ဦးမယ်ဆိုပြီး သွားလိုက်တာ အခုအထိ ပြန်မလာတော့ဘူး။ အဘိုးလည်း သူမရှိတဲ့နေ့ကစပြီး အိမ်ထဲကတောင် အိမ်ပြင်ကို မထွက်တော့ဘဲ တစ်ယောက်တည်း အထီးကျန်နေခဲ့တာပေါ့။ အဲဒီကိုညွှန့်ခင်က ဒီအရုပ်ကြီးကို ခြံထောင့်မှာ မြှုပ်ခဲ့တယ် ဆိုတာကိုတောင် ပြောပြမသွားဘူး။ အခု ငါ့မြေးတို့ကြောင့်သာ ခြံထဲမှာ ဒီအရုပ်ကြီးရှိနေမှန်း သိရတာ..."

"အဘိုး...အဲဒါဆို အရုပ်ကြီးကို အခု ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းထားရင် အဘိုးကို ထပ်ပြီး ဒုက္ခပေးနေဦးမယ်ထင်တယ်"

www.burmeseclassic.com



စံပီးက အဘိုးကြီးဦးလှကျော်ကို စိုးရိမ်တကြီးဖြင့် လှမ်းမေးလိုက်၏။

အဘိုးကြီးမှာ စံပီး၏စကားကြောင့် ခဏာစဉ်းစားသလို လုပ်နေပြီး...

"အေး... အခုတော့ ညဥ့်လည်းနက်လှပါပြီ၊ မနက်ကျမှ လူမမြင်သူမမြင်အချိန် ဟောဟိုက ခွေးချောင်းထဲကို သွားပြီးမျှောလိုက်တော့မယ်။ ကဲ... လူလေးတို့လည်း ညဥ့်နက်လှပြီ၊ အိမ်ကလူကြီးတွေ စိတ်ပူနေလောက်ရောပေါ့"

ကံမြင့်တို့ငါးယောက်မှာ ထိုနေ့ညတွင် အဘိုးကြီးဦးလှကျော်ကို နှုတ်ဆက်ပြီး စိတ်မကောင်းစွာနှင့် လေးကန်သောခြေလှမ်းများဖြင့် အိမ်သို့ပြန်လာခဲ့ကြသည်။ တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် စကားပင်မပြောမိကြ။ ရင်ထဲ၌ ကိုယ်စီကြေကွဲနေကြသည်။

သူတို့အားလုံး၏ခြေလှမ်းများက ရွာလမ်းမပေါ် တိတ်တဆိတ်လျှောက်နေကြသော်လည်း မည်းမှောင်နေသည့် ပတ်ဝန်းကျင်မှာတော့ ခွေးအူသံတွေက ဟိုမှ ဒီမှ ကြောက်မက်ဖွယ် ကြားနေရသည်။

■





## အခန်း [ ၁၃ ]

နောက်တစ်နေ့မနက် ကံမြင့် အိပ်ရာမှနိုးလာသောအခါ ရွာလမ်းရိုးတစ်လျှောက်တွင် ရုတ်ရုတ်သဲသဲဖြစ်နေသည့် လူသံ ခွေးသံတို့ကို ကြားလိုက်ရ၏။ အချို့မှာလည်း ရွာမြောက်ပိုင်းဘက်ကို ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် သွားနေကြ၏။

"ဘာလဲ...ရွာထဲမှာ ဘာတွေများဖြစ်နေတာလဲ..."

ကံမြင့်က အိမ်ရှေ့မှစဥ့်အိုးကြီးနားတွင် ဆားကို လက်ခုပ်ထဲထည့်ကာ သွားတိုက်ဖို့လုပ်နေစဉ် ထက်လူနှင့် စံပီးမှာ အသားဖားယားဖြင့် ပြေးလာကြသည်။

"ဟေ့ကောင်...ကံမြင့် မြန်မြန်လုပ်ကွ၊ ရွာထိပ်မှာ လူတွေ အုံးအုံးကျွက်ကျွက်နဲ့ ဘာတွေဖြစ်နေတာလဲမသိဘူး၊ သွားကြည့်ရအောင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဘာဖြစ်တာလဲ…"

ရွာထဲတွင် စီခနဲ ညံခနဲဖြစ်တိုင်း ကံမြင့်တို့ကလေးအုပ်စုမှာ စပ်စုနေကျဖြစ်သည်။ အခုလည်း စံပီးတို့၊ ထက်လူတို့က သွားပြီး စပ်စုကြဖို့ ကံမြင့်ကို လာခေါ်နေကြသည်။ ကံမြင့်က လက်ထဲမှ တချို့တစ်ဝက်ကျန်နေသော ဆားများကို စဥ့်အိုးကြီးဆီသို့ ပက်ကျဲလိုက်ပြီး မျက်နှာကို ကမန်းကတန်းသစ်လိုက်၏။ ထို့နောက် စဥ့်အိုးကြီးထဲသို့ ရေဖလားကို လှမ်းပစ်ထည့်ကာ ပုဆိုးခါးပုံစနှင့်ပင် မျက်နှာကိုသုတ်ပြီး စံပီးတို့နှင့်အတူ ရွာထိပ်သို့ အပြေးအလွှားထွက်လာလိုက်သည်။

"ဟဲ့… ကောင်လေးတွေ မိုးမလင်းသေးဘူး၊ ဘယ်သွားကြဦးမှာလဲ။ ညကလည်း နင်တို့ ညဥ့်နက်မှ ပြန်လာကြတယ်၊ အခု ဒါ…ဘယ်လဲ…"

ကံမြင့်၏အမေကတော့ ကံမြင့်တို့ကို အိမ်ထဲမှ ဗျစ်တီး ဗျစ်တောက်နှင့် လှမ်းအော်ရင်း ကျန်ခဲ့သည်။ သူတို့အားလုံးမှာ ကံမြင့်အမေ လှမ်းအော်နေသံကိုပင် ဂရုမစိုက်ကြတော့ဘဲ ရွာထိပ်ဆီသို့ တစ်ဟုန်ထိုးပြေးသွားကြသည်။

ကံမြင့်တို့ ရွာထိပ်သို့ရောက်သောအခါ လူအုပ်ကြီးက တစ်စုံတစ်ရာကို ဝိုင်းအုံပြီးကြည့်နေကြ၏။ ထိုလူအုပ်ကြီး၏အနားသို့ ကံမြင့်တို့၊ စံပီးတို့က ပြေးသွားကာ တိုးဝှေ့ဝင်လိုက်ကြသည်။





များပြားလှသောရွာထဲမှ လူကြီး လူငယ် လူလတ် အရွယ်စုံ၊ မိန်းမများ ကလေးများ ခွေးများပါမကျန် စုပြုံတိုးဝှေ့နေသည့် ကြားမှ တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေကိုလည်း ကြားနေရသည်။

"ဒါ…ဟိုအိမ်မည်းမည်းကြီးက စိတ်မနှံ့တဲ့အဘိုး ကြီးပဲ…"

"အေးလေ…ကံအကြောင်းဆိုးလိုက်တာ၊ သူ့ ခမျာ စိတ်ကလည်းမနှံ့၊ သားထောက်သမီးခံကလည်း မရှိဆိုတော့…"

ထိုအသံများကြောင့် ကံမြင့်တို့သုံးယောက်သားမှာ လူအုပ် ကြီးထဲသို့ အတင်းတွန်းထိုးကာ ဝင်ကြည့်လိုက်၏။

"ဟင်…ဘဘကြီး…"

သူတို့သုံးယောက်စလုံး၏ ရင်ထဲတွင် လှပ်ခနဲဖြစ်သွားကြ ၏။ သူတို့၏မျက်နှာများပေါ်တွင် မယုံကြည်နိုင်ခြင်း၊ တုန်လှုပ် ခြင်းများစွာဖြင့် တစ်စုံတစ်ရာကို နှမြောတသသည့် အရိပ်ဆွေး ဆွေးတွေ ယှက်သန်းသွားကြသည်။

"ဘုရား…ဘုရား…မနေ့ကတင် ငါတို့နဲ့ တရင်း တနှီး နွေးနွေးထွေးထွေး စကားပြောခဲ့တဲ့ ဘဘကြီး တစ်ယောက် ချက်ချင်းကြီး ဘယ်လိုများဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရတာပါလိမ့်။ ဒါဆို… ဟို…ဟို…အရုပ်ကြီးက ရော…”

ကံမြင့် တွေးနေစဉ်မှာပင် လူအုပ်ထဲမှ ကိုလှဆောင်ဟူသော လှေသမားတစ်ယောက်က အဘိုးကြီး၏ မှောက်ခုံဖြစ်နေသော အလောင်းကို ဆွဲလှန်ရင်း…

“ဒီအဘိုးကြီးနှယ်ဗျာ…မနက်ဝေလီဝေလင်း အရုဏ်တောင်မတက်သေးဘူး ဘာစိတ်ကူးပေါက်တယ် မပြောတတ်ပါဘူးဗျာ…ထွေးရင်တို့ ငါးချတဲ့ လှေကလေးနဲ့ ချောင်းလယ်က ပြန်လာတာကို တွေ့ရတယ်။ ကျုပ်ကလည်း ပိုက်ချဖို့အသွား…မှောင်ကြီးမည်းကြီးထဲမှာ လူဆိုးလား လူကောင်းလား မကွဲပြားတော့ ကမ်းစပ်ကနေ ရပ်ကြည့်နေတုန်း ဘယ့်နှယ်ဖြစ်တယ်မသိပါဘူး၊ ဗြုန်းဆို…ခြေကားယား လက်ကားယားနဲ့ လှေက လူးပြီး မှောက်သွားတာကို တွေ့လိုက်ရတာပဲ။ လှေလည်းမလှော်တတ်၊ ရေလည်းမကူးတတ်ဘူးထင်ပါရဲ့လေ။ ကျုပ်လည်း သိသိချင်းလိုက်ပြီးဆယ်တာပဲဗျ၊ မမီတော့ဘူး၊ အလောင်းက ရေစီးနဲ့မျောသွားတယ်ထင်ပါရဲ့၊ မိုးစင်စင်လင်းလို့ ရွာထဲကလူတွေနဲ့ ဝိုင်းငုပ်ပြီးရှာတော့မှ ဟိုဘက်





ချောင်းကွေ့မှာ ဆယ်လို့ရတော့တာ…”

လှေသမားကိုလှဆောင်၏ စကားကြောင့် အစမှ အကျိုးအကြောင်း သိသွားကြသော ရွာသူရွာသားတို့မှာ တကျွတ်ကျွတ် စုတ်သတ်သူကသတ်၊ စိတ်မကောင်းစွာ ငြီးတွားသူက ငြီးတွားဖြင့် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေပေးနေကြသည်မှာ ကျွက်ကျွက်ညံနေတော့သည်။

ထိုစဉ်…

“ဒေါက်…”

ငယ်ထိပ်မှာ ပူထူသွားသည်အထိ လက်ခေါက်ဆစ်ဖြင့် အခေါက်ခံလိုက်ရသောဒဏ်ကြောင့် ကံမြင့်က…

“အား…”

ခပ်အုပ်အုပ်အော်ပြီး သူ့ခေါင်းကို လက်ဖြင့်ကိုင်ရင်း လှည့်ကြည့်လိုက်တော့…

“ဟင်…အမေ…”

အမေ၏ခေါင်းခေါက်လိုက်သည့် လက်သံက တော်တော်ပြင်းသည်။ ကံမြင့်၏အမေက ခေါင်းခေါက်ရုံဖြင့် အားမရသေးဘဲ ကံမြင့်၏နားရွက်တစ်ဖက်ကို ဆွဲလိမ်လိုက်ရင်း…

“နင် တော်တော်နေရာတကာပါချင်တဲ့သေနာလေး၊ ငါမှာတော့ နောက်ကလိုက်ရှာရတာ စတ်စတ်နို



www.burmeseclassic.com

www.burmeseclassic.com



မောနေတာပဲ။ ဒီအနိဋ္ဌာရုံတွေကိုမှ မိုးမလင်းသေးဘူး
တော်တော်ကြည့်ချင်နေတယ်။ ဒါ…နင်တို့အရာ
လား…"

ကံမြင့်မှာ ပူထူနေသော နားရွက်ကို လက်ဖြင့်ပွတ်ရင်း သူ့အမေဆွဲခေါ်ရာနောက်သို့ ပြန်မြီးပါလာသည်။ ထို့နောက် ကံမြင့်က သူ့အမေကို မနေ့ညက ဒီအဘိုးကြီးနှင့် ဆုံခဲ့ရပြီး အဘိုးကြီး၏ အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သောအခါ ကံမြင့်အမေက…

"ပေါက်ပေါက်ရှာရှာဟယ်… ဒီအဘိုးကြီးက
သားလည်းဆုံး၊ မိန်းမလည်းသေနဲ့၊ ထောင်ထဲမှာ
နှစ်ရှည်လများ ဒုက္ခရောက်ခဲ့ရတာဆိုတော့ စိတ်က
ချွတ်ယွင်းနေရှာတာ၊ နင်တို့တွေ သူပြောတာကို
အဟုတ်ကြီးထင်မနေကြနဲ့။ ဒါတွေက သိပ်ယုံရတာ
မဟုတ်ဘူး…"

အမေဖြစ်သူက ဟန့်တားလိုက်သောစကားကြောင့်သာ ကံမြင့်က နှုတ်ပိတ်ပြီး အသာနေလိုက်ရသည်၊ သူ့ရင်ထဲမှာက တော့ တအုံနွေးနွေး…။

သူယုံကြည်ချင်သောအရာတစ်ခုကို မယုံပါနှင့်ဟုအကြောင်း ပြရသည်မှာ အမေ့အတွက် လွယ်လွန်းနေသည်ပဲလား။ ဒါမှ





မဟုတ် သူ့အတွက် ခက်ခဲလွန်းနေသည်ပဲလား…။

ကံမြင့်က ရွာအဝင်လမ်းမကြီးဆီသို့ လှမ်းကြည့်လိုက်တော့ လှည်းလမ်းကြောင်းတစ်လျှောက်မှာ ဖုန်တွေတထောင်းထောင်းထ နေသည်။

အရာရာကတော့ အားလုံးအရင်အတိုင်းပင်…။

သူ ဘာကိုယုံကြည်ရမှာလဲဟု ကံမြင့်က တွေးရင်း ခေါင်းကို ညင်သာစွာခါယမ်းလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

ယုံကြည်ခြင်းဆိုတာ ဘာလဲ၊ အတိတ်ကို ယုံကြည်၍ရသည် ဆိုလျှင် အနာဂတ်မှာလည်း ယုံကြည်စရာတစ်ခုက ကြိုတင်ပြီး စောင့်နေပေလိမ့်မည်။ အတိတ်မှာ ဘာကိုမှ ယုံကြည်စရာ မရှိခဲ့သူ တစ်ယောက်အဖို့ ဘယ်ကိုရှေ့ဆက်မည်နည်း။

တကယ်တော့ ယုံကြည်ခြင်း ဆိုသည်မှာ အတိတ်နှင့် အနာဂတ်ကို စစ်ဆေးသော စာမေးပွဲတစ်ခု ဖြစ်ပါသည်။

သင် စာမေးပွဲအစစ်ခံပြီးပြီလား၊ အတိတ်မှာ သင်ထားခဲ့တဲ့ ယုံကြည်လောက်စရာတွေ ဘယ်လောက်များများ ရှိခဲ့ပြီးပြီလဲ။ လောကမှာ ဘာကိုမှ မယုံဘဲ နေထိုင်ခွင့်ရှိသည်။

သို့သော် မိမိကိုယ်မိမိ ယုံကြည်သောသူတစ်ယောက် ဖြစ်လာဖို့ လိုအပ်သည်ဟု မထင်မိဘူးလား။





ယုံကြည်မှု၊ မယုံကြည်မှုအကြောင်းတွေကို ငြင်းခုံမနေကြပါ နှင့်တော့။ ယုံကြည်မှုဟူသော ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲဖို့ ကိုယ့်စိတ်ရဲ့ အခန်းကလေးကို သန့်သန့်ရှင်းရှင်းဖြစ်အောင် အရင်ဆုံးလှည်းကျင်းသုတ်သင်ရဦးမည် မဟုတ်ပါလား...။ ။

**သတိုးတေဇ**

■



www.burmeseclassic.com